www.burmeseclassic.com

ကလေးတို့အတွက်

# ပုံပြ ငါးရာ့ငါးဆယ်နိပါတ်တော်

## စကားပြေ ဇာတ်ဝတ္ထုများ

နန္ဒာမိုးကြယ် ပြုစုသည်

နဝမတွဲ



www.burmeseclassic.com

www.burmeseclassic.com

ကလေးတို့အတွက်

# ဗုဒ္ဓ

# ငါးရာ့ငါးဆယ်နိပါတ်တော်

# စကားပြေ ဇာတ်ဝတ္ထုများ

## နန္ဒာမိုးကြယ်

ပြုစုသည်

(နဝမတွဲ)

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၆၀၀၆၂၄၀၈၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၀၀၆၈၂၀၉၁၁

အုပ်ရေ - ၅၀၀

တန်ဖိုး - ၃၀၀ ကျပ်

ပထမအကြိမ် - ၂၀၁၁ခုနှစ်၊ နိုဝင်ဘာ

အဖုံးဒီဇိုင်း - သန့်ဇော်သစ်

အတွင်းဖလင် - A-7 Group (Asia Plaza)

ထုတ်ဝေသူ - ဒေါ်ခင်မာချို (ပန်းဝေဝေစာပေ)
၃၆၁၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးအောင်မြင့်သိန်း (မြဲ-၀၆၀၃၆၄)
အင်ကြင်းမြိုင်ပုံနှိပ်တိုက်
အမှတ်-၁၄၇၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

စာအုပ်ချုပ် - ပန်းဝေဝေ

ဖြန့်ချိရေး - မြတ်ပန်းရဂုံ
အမှတ် ၁၉၄၊ ၂၉လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉၅၁၃၉၄၅၀၊ ၀၉၅၁၅၅၇၄၃

၂၉၄.၃

နန္ဒာမိုးကြယ်

ငါးရာငါးဆယ်နိပါတ်တော်စကားပြေ ဇာတ်ဝတ္ထုတော်များ (နဝမတွဲ)/
နန္ဒာမိုးကြယ် ။ -ရန်ကုန်။ ပန်းဝေဝေစာပေ၊ ၂၀၁၁။
၂၁၆-စာ ၊ ၁၀.၅x၁၆.၅စင်တီ။
(၁) ငါးရာငါးဆယ်နိပါတ်တော်စကားပြေ ဇာတ်ဝတ္ထုတော်များ(နဝမတွဲ)


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

၂၂၈။ **ကာမနီတဇာတ်** ၁

(ဝတ္ထုကာမကိလေသာကာမတို့ နှိပ်စက်သဖြင့် သွေးဝမ်းသွန်ရောဂါ ခံစားနေရသည့်မင်းကြီးအား သိကြားမင်းက ဆုံးမသည့်အကြောင်း)

၂၂၉။ **ပလာယိတဇာတ်** ၉

(သူတစ်ပါးတိုင်းပြည်ကို တိုက်ခိုက်သိမ်းပိုက်ရန်အသွား မြို့တော်တံခါးမုခ်ကို မြင်ရုံမျှနှင့်ပင် ကြောက်လန့်ကာ ထွက်ပြေးခဲ့ရသည့် ဗြဟ္မဒတ်မင်းအကြောင်း)

၂၃၀။ **ဒုတိယ ပလာယိတဇာတ်** ၁၅

(ဗာရာဏသီမင်း၏ အသရေတော်ကို မြင်သည်နှင့် ကြောက်ရွံ့ ထိတ်လန့်ကာ ပြန်လှည့်ပြေးရသည့် ဂန္ဓာရမင်းအကြောင်း)

www.burmeseclassic.com

www.burmeseclassic.com

# ဥပါဟနဝဂ်

၂၃၁။ **ဥပါဟနဇာတ်** ၂၀

(ဆရာဖြစ်သူနှင့် လခရိက္ခာ ထပ်တူရယူလို၍ ဆရာနှင့် ယှဉ်ပြိုင်ကာ ဆင်အတတ်ကိုပြသဖြင့် ပွဲသိမ်းမလှခဲ့သော တပည့်မိုက် လုလင်ငယ်အကြောင်း)

၂၃၂။ **ဝီဏာဂုဏဇာတ်** ၂၇

(နွားမင်းဥသဘ၌ လဘို့ပါသည့်အပေါ် အခြေပြု၍ ကေုန်း၌လည်း လဘို့ပါသဖြင့် ယောကျ်ားဥသဘ ဖြစ်မည်ထင်မှတ်ကာ ကေုန်းနောက် လိုက်ပြေးသော သူဌေးသမီးအကြောင်း)

၂၃၃။ **ဝိကဏ္ဏကဇာတ်** ၃၃

(ငါးတို့ကို ဖမ်းယူစားသောက်သည့် မိကျောင်းအား အရွက်မဲ့မြားဖြင့် အသက်ကုန်ဆုံးစေသည့်အကြောင်း)

၂၃၄။ **အသိတာဘူဇာတ်** ၃၉

(ကာမပိုင်မယားအပေါ် ချစ်ခင်ကြင်နာခြင်းမရှိဘဲ ဥပေက္ခာပြုလျက် ကိန္နရီမအပေါ်တွင် စွဲလန်း တွယ်ငြိသော ဗြဟ္မဒတ်မင်းသားအကြောင်း)

၂၃၅။ **ဝစ္ဆနခဇာတ်** ၄၅

(ဝစ္ဆနခရသေ့အား အိမ်ရာထူထောင်ရန် ဖိတ်မန္တကပြုသော ဗာရာဏသီသူဌေးသားအကြောင်း)

၂၃၆။ **ဗကဇာတ်** ၅၁

(ငါးတို့ကို ဖမ်းဆီးစားသောက်ရန် အကြံအစည်ဖြင့် အံ့ဖွယ်သရဲ အပြုအမူတို့ကိုပြုမူသည့် ဗျိုင်းငှက်အကြောင်း)

www.burmeseclassic.com

www.burmeseclassic.com


၂၃၇။ **သာကေတဇာတ်** ၅၅

(ချစ်ကြည်ညိုခြင်းဟူသည် အကြောင်းတရားနှစ်ပါးကို မှီလျက် ဖြစ်ပွားရသည့်အကြောင်း)

၂၃၈။ **ဧကပဒဇာတ်** ၅၈

(အကျိုးစီးပွား များရာများကြောင်းဖြစ်၍ အကျိုးစီးပွား အလုံးစုံကို သိမ်းကျုံးမိသော စကားလုံးအား ပြဿနာ အဖြစ် မေးမြန်းသော သူငယ်အကြောင်း)

၂၃၉။ **ဟရိတမဏ္ဍူကဇာတ်** ၆၂

(မြုံးထဲ၌ဝင်နေသော ငါးတို့အား စားလိုသဖြင့် ကျူးကျော်ဝင်ရောက်သော ရေမြွေအား ဖားညို၏ အဆုံးအဖြတ်ကို ကြားသိရ၍ ငါးတို့က ဝိုင်းအုံ ကိုက်ဖြတ်ကြသည့်အကြောင်း)

၂၄၀။ **မဟာပိင်္ဂလဇာတ်** ၆၈

(ပြည်သူပြည်သားတို့အပေါ် နှိပ်စက်သည့် ပိင်္ဂလမင်း ငရဲပြည်မှ ပြန်လာမည်ကို စိုးရိမ်ငိုကြွေးသည့် တံခါးစောင့်အကြောင်း)


## သိင်္ဂါလဝဂ်


၂၄၁။ **သဗ္ဗဒါဋ္ဌိဇာတ်** ၇၄

(ရှိရင်းစွဲ စည်းစိမ်ဥစ္စာ အခြံအရံတို့ထက် ပိုမို လွန်ကဲစွာ လောဘမာန်မာနတက်သဖြင့် ဆင်နင်းခံရပြီး သေပွဲဝင်ရသည့် မြေခွေးမိုက်အကြောင်း)

၂၄၂။ **သုနခဇာတ်** ၈၂

(အနှောင်အဖွဲ့တို့ ပြေသည့်အခါ၌ သခင်ဟောင်း


www.burmeseclassic.com

www.burmeseclassic.com

ထံသို့ အပြေးပြန်လာသည့် ခွေးအကြောင်း)

၂၄၃။ **ဂုတ္တိလဇာတ်** ၈၇

(ဆရာဖြစ်သူ ဂုတ္တိလနှင့် စောင်းပညာချင်းပြိုင်သည့် တပည့်မိုက် မုသိလ ပြိုင်ပွဲကျင်းပရာ မင်းရင်ပြင်ဝယ် အရှုံးကြီးရှုံး၍ ပရိသတ်က ထုထောင်း သတ်ပုတ်ကြသည့် အကြောင်း)

၂၄၄။ **ဝိဂတိစ္ဆဇာတ်** ၁၀၃

(ပညာရှိရသေ့အား ပညာစမ်းရာ နောက်ဆုံး၌ ပညာရှိရသေ့၏ အမေးကြောင့် တုံ့ပြန်စကား မဆိုရဲတော့ဘဲ ထွက်ပြေးရသည့် ပရိဗိုဇ်အကြောင်း)

၂၄၅။ **မူလပရိယာယဇာတ်** ၁၀၈

(မိမိတို့ကိုယ်ကို အတတ်ပညာဖြင့် ပြည့်စုံကြွယ်ဝလှပြီဟု မှတ်ယူကာ ဆရာနှင့်ပင် တုယှဉ်လိုသော လုလင်ငါးရာတို့၏ မာန်မာနကို ဒိသာပါမောက္ခ ဆရာကြီးမှ ပဲ့ပြင်ဆုံးမသည့်အကြောင်း)

၂၄၆။ **ဗာလောဝါဒဇာတ်** ၁၁၅

(ရသေ့အား အမဲသားဆွမ်းကို လှူဒါန်း၍ ရည်မှန်းသတ်ဖြတ်အပ်သော ဆွမ်းကို စားပါသည်ဟု ကဲ့ရဲ့သော သူကြွယ်အကြောင်း)

၂၄၇။ **ပါဒဉ္စလိဇာတ်** ၁၁၉

(အကြောင်းဟုတ်သည် မဟုတ်သည်၊ အကျိုးရှိသည် မရှိသည်ကို မသိဘဲ နှုတ်ခမ်းကိုက်ခြင်းမှတစ်ပါး အခြားသော အမှုကိစ္စ မှန်သမျှကို မသိရှိသော

www.burmeseclassic.com

www.burmeseclassic.com

ပါဒဋ္ဌလိမင်းသားအကြောင်း)
၂၄၈။ **ကိံသုကောပမဇာတ်** ၁၂၅
(ပေါက်ပင်ကို မြင်ဖူးကြသော်လည်း မည်သည့်အချိန်
ကာလရောက်က မည်သို့ဖြစ်မည်ကို
ရထားထိန်းအား မမေးမိသည့်အတွက် ယုံမှားသံသယ
ဝင်ခဲ့ကြကုန်သော မင်းသားညီနောင် လေးပါးအကြောင်း)
၂၄၉။ **သလာကဇာတ်** ၁၃၁
(အပြစ်မဲ့သော မျောက်ကို ဝါးခြမ်းဖြင့်ရိုက်၍
မျောက်က လွတ်မြောက်အောင် ကြံဆောင်ပြီး
အလမ္ပာယ်သမားနောက် မလိုက်တော့ဘဲ
တောရပ်အတွင်းသို့ ဝင်သွားသည့်အကြောင်း)
၂၅၀။ **ကပိဇာတ်** ၁၃၇
(အံ့ဖွယ်သရဲ ပြုလုပ်ကာ ရသေ့ယောင်ဆောင်သည့်
မျောက်အား ရသေ့ကြီးက မီးစဖြင့် ခြောက်လှန့်သည့်
အကြောင်း)

## သင်္ကပ္ပဝဂ်

၂၅၁။ **သင်္ကပ္ပဇာတ်** ၁၄၂
(မိဖုရားကြီး၏ မမြင်သင့် မမြင်အပ်သည့်
အစိတ်အပိုင်းတို့ကို တွေ့မြင်ရ၍ ဈာန်အဘိညာဉ်
တန်ခိုးတော်တို့ လျှောကျခဲ့ရသည့်
ဆရာရသေ့ကြီး၏အကြောင်း)
၂၅၂။ **တိလမုဋ္ဌိဇာတ်** ၁၅၀
(အမျက်မာန်စောင် ကြီးမားသည့်

www.burmeseclassic.com

ဗြဟ္မဒတ်မင်းသားသည် ဆွမ်းခိုးစားသဖြင့်
ဆရာက ရိုက်နှက်ဆုံးမသည်ကို အငြိုးအတေးထားလျက်
ဘုရင်ဖြစ်လာသည့်အခါ ဆရာအား လက်စားချေရန်
ကြံစည်သည့်အကြောင်း)

၂၅၃။ **မဏိကဏ္ဍဇာတ်** ၁၆၀
(ရသေ့ငယ်၏ အတောင်းအရမ်း ထူလွန်းမှုကြောင့်
ပတ္တမြားတန်ဆာ ပေးရမည်စိုးသဖြင့် ရသေ့ငယ်ထံ
လုံးဝမလာတော့သော မဏိကဏ္ဍနဂါးမင်းအကြောင်း)

၂၅၄။ **ကဏ္ဍက ကုဏ္ဍသိန္ဓဝဇာတ်** ၁၆၈
(ဆင်းရဲသော အမယ်အိုထံ၌ ဆန်ကွဲကျိုးနှင့်
မြက်ကြွင်းတို့စား၍ ကျေးဇူးဆပ်ခဲ့ပြီး ချမ်းသာသူထံ၌
မွန်မြတ်သော အစာရမှသာ စားလျက်
တိုင်းပြည်တစ်ဝက်ရအောင် ကျေးဇူးဆပ်သော
သိန္ဓောမြင်းအကြောင်း)

၂၅၅။ **သုကဇာတ်** ၁၈၁
(မကျက်စားအပ်သောအရပ်၌ မကျက်စားသင့်ကြောင်း
ဖခင်ကျေးမင်း ဆိုဆုံးမသည်ကို နားမထောင်သဖြင့်
ပင်လယ်သမုဒ္ဒရာအတွင်း ပြုတ်ကျကာ
အသက်ဆုံးရသည့် ကျေးသားငယ်အကြောင်း)

၂၅၆။ **ဇရုဒပါနဇာတ်** ၁၈၇
(အလိုကြီး၍ မရောင့်ရဲနိုင်သဖြင့် ပျက်စီးရသော
လှည်းကုန်သည်နှင့် အလိုနည်း၍ ရောင့်ရဲနိုင်သဖြင့်
စည်းစိမ်ချမ်းသာများစွာ ခံစားရသော
လှည်းမှူးအကြောင်း)

www.burmeseclassic.com

www.burmeseclassic.com

၂၅၇။ **ဂါမဏိစန္ဒဇာတ်** ၁၉၃

(ခုနစ်နှစ်သာရှိသေးသည့် အာဒါသမုခမင်းကို မခစားလို၍ ထွက်ခွာသွားရာ အမှုကိစ္စများနှင့် တွေ့ကြုံရသဖြင့် မင်းကြီးထံရောက်လာရာ အာဒါသမုခမင်းက ပြဿနာ တစ်ဆယ့်လေးရပ်ကို ဂါမဏိစန္ဒအမတ်အား ဖြေရှင်း ပေးလိုက်သည့် အကြောင်း)

**(နဝမတွဲပြီး၏)**

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# ၂၂၈။ ကာမနီတဇာတ်



www.burmeseclassic.com

www.burmeseclassic.com

# [၂၂၈]

# ကာမနီတဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင်ဖြစ်တော်မူသော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး စမွယ်တော်မူစဉ် ကာမနီတအမည်ရှိ ပုဏ္ဏားတစ်ဦး၏ အကြောင်းကို အရင်းခံလျက် အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ထိုမင်း၌ သားတော်နှစ်ပါးရှိလေ၏။ ထိုသားတော်နှစ်ပါးအနက် မင်းသားကြီးသည် ခမည်းတော် နတ်ရွာစံသည်ရှိသော် ဗာရာ

www.burmeseclassic.com

www.burmeseclassic.com



ဇာသီပြည်၏ ထီးနန်းကို စိုးစံလေ၏။ သားတော်ငယ်မှာမူ အိမ်ရှေ့မင်း ဖြစ်လေ၏။

မင်းကြီးကား ဝတ္ထုကာမ၊ ကိလေသာကာမတို့၌ မရောင့်ရဲဘဲ အလွန်အကျူး တပ်မက်စိတ်ဝင်ကာ လောဘရမ္မက် ကြီးလှ၏။ ထိုအခါ သိကြားမင်းသည် ဇမ္ဗူဒိပ်ကျွန်းကို ကြည့်လေသည်ရှိသော် မင်းကြီး၏ ဝတ္ထုကာမ၊ ကိလေသာကာမတို့၌ မရောင့်ရဲသည့်အဖြစ်ကို သိလျှင် မင်းကြီးအား အသိတရားရစေမည်ဟူ၍ ကြံစည်ကာ ပုဏ္ဏားလုလင်အသွင် ဖန်ဆင်းလျက် မင်းကြီးထံ အဖူးအမြင် ဝင်လေ၏။ ထိုအခါ မင်းကြီးလည်း ပုဏ္ဏားလုလင်အား–

"အသင် လုလင် မည်သည့်ကိစ္စအတွက် ငါ့ထံသို့ လာရသနည်း"

ဟူ၍ မေးလေ၏။ ပုဏ္ဏားလုလင်လည်း–

"အရှင်မင်းကြီး... အကျွန်ုပ်သည် ပြည်ကြီးသုံးပြည်ထောင်ကို တွေ့မြင်ခဲ့ပါ၏။ ထိုပြည်ကြီးသုံးပြည်ထောင်မှာ ဘေးရန်ကင်းစင်လျက် ဝပြောသာယာ၍ စစ်သည်ဗိုလ်ပါ ရတနာရွှေငွေများစွာတို့နှင့် ပြည့်စုံလုံလောက်ပါ၏။ သို့ဖြစ်၍ အဆိုပါ သုံးပြည်ထောင်တို့အား အရှင်မင်းကြီးအနေဖြင့် အနည်းငယ်မျှသော စစ်သည်ဗိုလ်ပါတို့ဖြင့် ယူ၍ ဆက်သရန် လာခဲ့ပါ၏"

ဟူ၍ လျှောက်ထားလေ၏။

"ပုဏ္ဏားလုလင်...သို့ဆိုပါက မည်သည့်အခါတွင် သွားမည်နည်း"

www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး...မနက်ဖြန်ပင် သွားပါမည်"

"ကောင်းပေပြီ...သို့ဆိုက နံနက်စောစော ပြန်လာပါလော့"

"လာပါမည်...အရှင်မင်းကြီး"

ပုဏ္ဏားလုလင်လည်း ဝန်ခံပြီးသည့်နောက် မိမိနေထိုင်ရာ နတ်ပြည်သို့ တက်လေ၏။

မင်းကြီးလည်း နောက်တစ်နေ့ ရောက်လေသော် စည်ကို လည်စေ၏။ စစ်သည်ဗိုလ်ပါတို့ကို စုရုံးစေ၏။ အမတ်အပေါင်းတို့ကို ခေါ်ယူပြီးနောက်–

"အမတ်တို့...မနေ့က ငါ့ထံသို့ ပုဏ္ဏားလုလင်တစ်ဦး ရောက်လာ၏။ ၎င်းက ဥတ္တရပဉ္စာလမြို့၊ ကုရုပထမြို့၊ ကောက္ကမြို့ သုံးမြို့တို့အား စစ်သည်ဗိုလ်ပါ အနည်းငယ်တို့ဖြင့် ဆောင်ယူပေးမည်ဟု ဆို၏။ ငါသည် ထိုလုလင်နှင့်တကွ သုံးပြည်ထောင်ကို အရယူရန်အတွက် ထိုပုဏ္ဏားလုလင်ကို လျင်မြန်စွာ ခေါ်ကြကုန်လော့"

ဟူ၍ အမိန့်ပေးလေ၏။

"အရှင်မင်းကြီး...ထိုပုဏ္ဏားလုလင်သည် မည်သည့်အရပ်၌ နေသည်ဟူ၍ ပြောဆိုခဲ့ပါသနည်း"

"အမတ်တို့...ငါ့အား မပြောဆိုခဲ့ပါ"

"အရှင်မင်းကြီး...ထိုပုဏ္ဏား လုလင်သည် အဝတ်တန်ဆာ ရိက္ခာတို့ကို ပေးထားခဲ့ပါသလော"

"အမတ်တို့...ငါ့အား မပေးထားခဲ့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး...ထိုသို့ ပေးမထားခဲ့လျှင် ၎င်းကို မည်သည့်နေရာ၌ တွေ့မြင်ရပါမည်နည်း"

"အမတ်တို့...ငါ့တိုင်းပြည်ရှိ မြို့ရွာလမ်းအနှံ့ ရှာဖွေကြကုန်လော့..."

အမတ်တို့လည်း မင်းကြီးအမိန့်အတိုင်း ရှာဖွေကြသော်လည်း မတွေ့ မမြင်ကြသည့်အတွက် မတွေ့မမြင်ကြသည့်အကြောင်း လျှောက်ထားကြကုန်၏။ ထိုအခါမှစ၍ ပုဏ္ဏားလုလင်ကို မမြင်ရသော မင်းကြီးအဖို့–

"ငါ့အား...ကြီးစွာသော စည်းစိမ်ချမ်းသာနှင့် အစိုးရခြင်းတို့မှ ဆုတ်ယုတ်ခဲ့ချေပြီတကား"

ဟူ၍ ပြင်းထန်သော စိုးရိမ်ပူဆွေးခြင်းများ ဖြစ်ခဲ့လေ၏။ စိုးရိမ်ပူဆွေးခြင်းကြောင့် ဟဒယရုပ်ဝတ္ထုတို့မှာ ပူလောင်ခဲ့၏။ ဟဒယရုပ် ပူလောင်သည့်အတွက် နှလုံးသွေးတို့ ပျက်ခဲ့၏။ နှလုံးသွေး ပျက်သည့်အတွက် သွေးဝမ်းသွန်သော ဝေဒနာတို့ စွဲကပ်ခဲ့၏။ နန်းတွင်းသမားတော်တို့ အစွမ်းကုန်ကုသကြသော်လည်း ဝေဒနာသည် ဆုတ်ယုတ်ခြင်း မရှိပေ။

သုံးလေးရက်ခန့် လွန်မြောက်သည်ရှိသော် သိကြားမင်းလည်း မင်းကြီး၏အခြေအနေကို ဆင်ခြင်ကြည့်ရှုလေရာ သွေးဝမ်းသွန်ရောဂါ ဖြစ်နေသည်ကို သိတော်မူလျှင် ဆေးကုရန် ပုဏ္ဏားအသွင်ဖြင့် မင်းအိမ်တံခါးသို့ ရောက်လာခဲ့၏။ အစောင့်တို့အား အကြောင်းကြားပြီးသည်နောက် မင်းကြီးထံဝင်ကာ–

"အောင်စေသတည်း"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆုတောင်းပြီး သင့်လျော်လျောက်ပတ်ရာ နေရာတွင် ရပ်လေ၏။

"အသင် ဆေးဆရာပုဏ္ဏား...သင်သည် ငါ၏ ဝေဒနာ သက်သာပျောက်ကင်းရန် ကုသပေးမည်လော"

"အရှင်မင်းကြီး...ကုသပေးပါမည်။ အရှင်မင်းကြီး၏ ရောဂါလက္ခဏာတို့ကို မိန့်တော်မူပါလော့။ မည်သို့သော အကြောင်းကြောင့် ရောဂါ ဖြစ်ရပါသနည်း။ အစား အသောက်တို့ကြောင့် ဖြစ်ရပါသလော၊ သို့တည်းမဟုတ် မြင်ခြင်း၊ ကြားခြင်းတို့ကြောင့်ပင် ရောဂါဖိစီးရသလော"

"ဆေးဆရာပုဏ္ဏား...ငါ၏ရောဂါကား သောကတို့ နှိပ်စက်၍ ဖြစ်ရသော ရောဂါတည်း"

"အရှင်မင်းကြီး...အဘယ်ကြောင့် သောကတို့နှိပ်စက် ရလေသနည်း"

"ဆေးဆရာပုဏ္ဏား...ငါ့ထံ တစ်နေ့သ၌ ပုဏ္ဏား လုလင်တစ်ဦး ရောက်ရှိလာ၏"

ဟူ၍ မင်းကြီးလည်း အဖြစ်သနစ်စုံကို ပြောပြကာ ထို လုလင်ကို ရှာမတွေ့သဖြင့် သောကတို့ ဖိစီးနှိပ်စက်ခံရသည့် အကြောင်း ပြောပြလေ၏။

"အိုး...ဆေးဆရာပုဏ္ဏား ငါသည် ထိုပုဏ္ဏားလုလင် ပြောခဲ့သော ပြည်ကြီး သုံးပြည်ထောင်ကို များစွာမှပင် လိုချင်တပ်မက်လှ၏။ အတိုင်းတိုင်းသော မင်းတို့ထက် သာလွန်ချင်သော ငါ့အဖို့ ဝတ္ထုကာမ၊ ကိလေသာ ကာမ

www.burmeseclassic.com

www.burmeseclassic.com



တို့ကြောင့် ဖြစ်လာသော ဝေဒနာအား ကုသနိုင်က ကုသ ပေးပါလော့”

“အရှင်မင်းကြီး...အရှင်မင်းကြီး၌ ဖြစ်ပေါ်နေသော ရောဂါ ဝေဒနာအား သစ်ဥ၊ သစ်မြစ် စသော ဆေးတို့ဖြင့် မကုစားကောင်းပါ။ ဉာဏ်ဖြင့်သာ ကုစားမှ သက်သာ ပျောက်ကင်း ပါလိမ့်မည်”

“အရှင်မင်းကြီး...ပညာရှိအချို့သည် မြွေကိုက်ခံရသူအား ဆေးကုပေးနိုင်ကြ၏။ ဘီလူးဖမ်းစားခြင်း ခံရသူတို့ကိုပင် ပျောက်ကင်းအောင် ကုသပေးနိုင်စွမ်း ရှိကြ၏။ အချို့သော ပညာရှိတို့မှာမူ ဝတ္ထုကာမ၊ ကိလေသာကာမ နှိပ်စက်သူတို့အား ဆေးမကုကြကုန်။ အကြောင်းမူကား အကုသိုလ်တရား ဖိစီးနှိပ်စက်နေသူအား ဆေးဝါးမန္တရား စသည်တို့ဖြင့် မကုစားနိုင်သောကြောင့် ဖြစ်၏။

အရှင်မင်းကြီး...သင်မင်းကြီးသည် သုံးပြည်ထောင်ကို ရရှိလျက် လက်ရှိစိုးစံလျက်ရှိသော ပြည်ထောင်အပါအဝင် လေးပြည်ထောင်ကို မင်းပြုရသည်ရှိသော် တစ်ပြိုင်နက်တည်း ပုဆိုးလေးထည်ကို ဝတ်ဆင်မည်လော၊ ရွှေခွက်လေးခွက်တို့ဖြင့် ပွဲတော်တည်မည်လော၊ သလွန်ညောင်စောင်း လေးခုတို့ဖြင့် စက်တော်ခေါ်မည်လော။

အရှင်မင်းကြီး...တဏှာ၏အလိုကို မလိုက်သင့်။ တဏှာမည်သည်ကား ပျက်စီးခြင်း၏ အကြောင်းရင်းခံ ဖြစ်ပေ၏။ တဏှာများသည်ရှိသော် စိုးရိမ်ခြင်းကို ပွားစေ

www.burmeseclassic.com



၏။ တဏှာမကင်းသော သူအဖို့ အပါယ်ဆင်းရဲသို့ သက်ဆင်းရတတ်၏။

ထိုသို့ ဆေးဆရာပုဏ္ဏားဓ်၏ တရားတော်ကို ကြားနာရလျှင်ပင် မင်းကြီးလည်း စိုးရိမ်သောကတို့ ကင်းပျောက်ကာ ခဏချင်းမှာပင် သွေးဝမ်းသွန်သော ရောဂါလည်း ပျောက်ကင်းလေ၏။ ထို့နောက် ပုဏ္ဏားလုလင်လည်း သိကြားမင်းအသွင် ကိုယ်ထင်ပြလျက် မင်းကြီးအား အဆုံးအမဥ္စ တည်စေကာ နတ်ပြည်သို့ တက်လေ၏။ မင်းကြီးလည်း နောင်တကြီးစွာရလျက် ဒါန၊ သီလ စသော ကုသိုလ်ကောင်းမှုတို့ကို အားထုတ်လေရာ သေလွန်သည်ရှိသော် ကောင်းရာဘုံသို့ လားရလေ၏။

ဤသို့လျှင် ဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူပြီးနောက်–

"ရဟန်းတို့…

ထိုအခါက မင်းကြီးသည် ယခုအခါ ကာမနိတပုဏ္ဏား ဖြစ်လာပြီး၊ သိကြားမင်းမှာမူ ငါဘုရားရှင် ဖြစ်လာ၏"


ဟု မိန့်ကြားကာ ဇာတ်တော်ကို ပေါင်းလေသတည်း။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

# ၂၂၉။ ပလာယိတဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၂၂၉]

## ပလာယိတဇာတ်

လူ၊ နတ်၊ ဗြဟ္မာအပေါင်းတို့၏ ပူဇော်အထူးကို ခံယူတော်မူပေထသော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ စမ္ပယ်သီတင်းသုံးတော်မူစဉ်က ဖြစ်၏။

ထိုကာလ၌ ပရိဗိုဇ်တစ်ယောက်သည် ငင်းနှင့် အယူဝါဒခြင်း ယှဉ်ပြိုင်ပြောဆိုနိုင်သူကို ဇမ္ဗူဒိပ်တစ်ကျွန်းလုံး၌ လှည့်လည်ရှာဖွေရာ တစ်စုံတစ်ယောက်သောသူကိုမျှ မတွေ့မမြင်ရသဖြင့် ခရီးစဉ်အတိုင်း ပြန်လာခဲ့ရာ သာဝတ္ထိပြည်သို့ ရောက်လာခဲ့လေ၏။ ထိုအခါ ပရိဗိုဇ်လည်း သာဝတ္ထိပြည်သူ ပြည်သားတို့အား မေးလေ၏။

"အမောင်တို့...ငါနှင့် အယူဝါဒချင်း ယှဉ်ပြိုင်ပြောဆိုနိုင်သောသူ ဤသာဝတ္ထိ၌ ရှိလေသလော"

"အရှင်...အလုံးစုံသော တရားတို့ကို သိမြင်တော်မူ

www.burmeseclassic.com

www.burmeseclassic.com



၍ သူတစ်ပါးတို့၏ အယူဝါဒကို ဖျက်ဆီးပစ်နိုင်သော ဂေါတမ ဘုရားရှင်သည် ဤသာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ရှိပါ၏။

အဆိုပါ ဘုရားရှင်အား ဇမ္ဗူဒိပ်ကျွန်းအလုံး၌ နေထိုင်သော သူတို့သည် အယူဝါဒဖြင့် ပြိုင်ဆိုင်လွှမ်းမိုးနိုင်ခြင်း မရှိကြကုန်။ လှိုင်းတံပိုးတို့ မည်သည် ကမ်းစပ်သို့ရောက်လျှင် ပျောက်ကွယ်သွားကြရသကဲ့သို့ ခပ်သိမ်းသော အယူဝါဒတို့မှာလည်း ထိုဘုရားရှင်၏ ခြေတော်ရင်းသို့ရောက်လျှင် ပျောက်ကွယ်သွားကြစမြဲ ဖြစ်၏"

ထိုစကားကိုကြားလျှင် မာန်တက်နေသော ပရိဗိုဇ်လည်း ရှုံးရှုံးရားရား ဖြစ်သွားရလေ၏။

"အမောင်တို့... သို့ဆိုပါက ထို ဘုရားရှင်ဆိုသည့် ပုဂ္ဂိုလ်နှင့် ဝါဒချင်း ပြိုင်လိုပါ၏။ ငါ့အား ဇေတဝန်ကျောင်းတော်သို့ ခေါ်ဆောင်ပါလော့"

ဤတွင် သာဝတ္ထိပြည်သားတို့လည်း ၎င်းအား ဘုရားရှင်ထံသို့ ပို့ဆောင်ပေးကြလေ၏။ ဇေတဝန်ကျောင်းတော် တံခါးမုခ်သို့ရောက်လျှင် ပရိဗိုဇ်က–

"ဤအရာကား ဇေတဝန်ကျောင်းတော်လော"

ဟူ၍ မေးလေ၏။ ခေါ်ဆောင်သူတို့က ဇေတဝန်ကျောင်းတော်သို့ မရောက်သေးကြောင်း၊ တံခါးမုခ်သာလျှင် ဖြစ်ကြောင်း ပြောကြလေ၏။ ထိုအခါ ပရိဗိုဇ်လည်း–

"အမောင်တို့...တံခါးမုခ်သည်ပင်လျှင် ဤမျှလေးနက်

www.burmeseclassic.com

www.burmeseclassic.com



ကြီးကျယ်၏။ ကျောင်းတော်ဆိုပါက ဆိုဖွယ်ရာ မရှိပြီ။ ဤ၌ ကြီးကျယ်သော ဘုရားရှင်နှင့် အယူဝါဒကို အဘယ်သူသည် ယှဉ်ပြိုင်ပြောဆိုနိုင်မှာနည်း"

ဟု ပြောဆိုပြီးနောက် ထိုတံခါးမုခ်မှပင်လျှင် နောက်ကြောင်းသို့ လှည့်ပြန်ပြေးလေတော့၏။ ထိုအခါ သာဝတ္ထိပြည်သားတို့လည်း ကျောင်းတော်ရှိ ဘုရားရှင်ထံ ဝင်ရောက်ဆည်းကပ်ပြီးနောက် အကျိုးအကြောင်းကို လျှောက်ထားကြရာ–

"ဒါယကာတို့...ဤပရိဗိုဇ်သည် ယခုအခါ၌သာ ငါဘုရားရှင် နေရာအရပ်၏ တံခါးမုခ်ကိုမြင်၍ ပြေးသည် မဟုတ်သေး။ ရှေးအခါ၌လည်း ငါနေရာအရပ်၏ တံခါးမုခ်ကိုမြင်၍ ပြေးခဲ့ဖူးပေပြီ"

ဟူ၍ မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသော ကာလ။

ဂန္ဓာရတိုင်း၊ တက္ကသိုလ်ပြည်၌ တက္ကသိုလ်မင်း စိုးစံသည်ရှိသော် ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းလည်း ဗာရာဏသီပြည်ကို စိုးစံလေ၏။

ထိုဗြဟ္မဒတ်မင်းသည် တက္ကသိုလ်ပြည်သို့ ချီတက်ကာ မနီးမဝေးအရပ်သို့ရောက်လေလျှင်–

"အချင်းတို့...ဆင်တို့ဖြင့်လည်းကောင်း၊ သိန္ဓောမြင်းစီးသူရဲကောင်းတို့ဖြင့် လည်းကောင်း၊ သန်လျက်၊ လေးမြား

www.burmeseclassic.com



တို့ဖြင့်လည်းကောင်း၊ ရထားစီး သူရဲကောင်းတို့ဖြင့်လည်းကောင်း တက္ကသိုလ်ပြည်ကို ချဉ်းကပ်ကြကုန်လော့။

"အချင်းတို့...သင်တို့သည် တစ်ရှိန်ထိုး ချဉ်းကပ်ကြလော့။ ဆင်တို့ကို ချွန်းဖွင့်ကြလော့။ အထူးထူးအပြားပြားသော ဟစ်ကြွေးသံတို့ကို ပေးကြလျက် တက္ကသိုလ်ပြည်ကို ဝန်းရံကာ လုပ်ကြံကြလော့။ တက္ကသိုလ်မင်းကို ဖမ်းဆီးကြလော့"

ဟူ၍ ကြုံးဝါးကာ အမိန့်ပေးလေ၏။ ၎င်းကိုယ်တိုင် တက္ကသိုလ်မြို့တံခါးအနီးသို့ရောက်၍ တံခါးမုခ်ကို မြင်လျှင်–

"အချင်းတို့...ယခု မြင်သည်မှာ တက္ကသိုလ်မင်းစံရာ နန်းတော်ဟုတ်။ တံခါးမုခ်သာလျှင် ဖြစ်ပါ၏"

ဟူ၍ လျှောက်ထားကြ၏။

"အချင်းတို့...တံခါးမုခ်သည်ပင်လျှင် ဤမျှကြီးကျယ် ခမ်းနားလှ၏။ မင်းစံရာ နန်းတော်ဆိုပါမူ အဘယ်မျှ ကြီးကျယ် ခမ်းနားလိုက်လေမည်နည်း"

"အရှင်မင်းကြီး...တက္ကသိုလ်မင်းစံရာ နန်းတော်မှာ ဝေဇယန္တာပြာသာဒ်နှင့် တူပါ၏"

"အချင်းတို့...ဤမျှလောက် အခြံအရံစည်းစိမ်ချမ်းသာ ဘုန်းကျက်သရေတို့နှင့် ပြည့်စုံသော မင်းနှင့် စစ်ထိုးခြင်းငှာ အဘယ်မှာလျှင် တတ်နိုင်ပါအံ့နည်း"

ထိုသို့ ပြောဆိုပြီးနောက် ဗြဟ္မဒတ်မင်းလည်း ကြောက်ရွံ့

www.burmeseclassic.com

www.burmeseclassic.com



တုန်လှုပ်ကာ တပ်ခေါက်လျက် နေရင်း ဗာရာဏသီသို့ ဆုတ်ခွာထွက်ပြေးလေတော့၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

"ဒါယကာတို့...

ထိုစဉ်အခါက ဗာရာဏသီမင်းသည် ယခုအခါ တံခါးမှုခ်ကိုမြင်ရုံမျှနှင့်ထွက်ပြေးလေသော ပရိဗိုဇ်ဖြစ်လာ၍ တက္ကသိုလ်မင်းကား ငါ ဘုရားရှင် ဖြစ်လာ၏"


ဟု မိန့်ဆိုကာ ဓာတ်ကို ပေါင်းတော်မူလေသတည်း။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## ၂၃၀။ ဒုတိယ ပလာယိတဇာတ်



www.burmeseclassic.com

www.burmeseclassic.com

# ဒုတိယ ပလာယိတဇာတ်

## [၂၃၀]

လူ၊ နတ်၊ ဗြဟ္မာတို့၏ ကိုးကွယ်ရာအစစ် ဖြစ်တော်မူသော သဗ္ဗညုတ ဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။

ပရိဗိုဇ်တစ်ဦးသည် ဘုရားရှင်ထံသို့ အယူဝါဒချင်း ယှဉ်ပြိုင်ပြောဆိုရန် လာခဲ့၏။ ထိုအခါ ပရိသတ်တို့အလယ်၌ ဘုရားရှင် တရားဟောတော်မူခိုက်နှင့် ကြုံကြိုက်ရလေ၏။ ဤတွင် ဘုရားရှင်၏ လပြည့်ဝန်းကဲ့သို့ တင့်တယ်သော မျက်နှာတော်ကိုလည်းကောင်း၊ ရွှေပြားနှင့်တူသော နဖူးတော်ကိုလည်းကောင်း တွေ့မြင်ရလေသည့်ရှိသော်–

"ဤရွေ့ဤမျှ လက္ခဏာတော်ရှိသော ယောကျ်ားမြတ်ကို ပြိုင်ဆိုင်ပြောဆိုပါသော်လည်း အောင်နိုင်ခြင်းငှာ အဘယ်သူ တတ်နိုင်ပါမည်နည်း"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ပြောဆိုကာ ပရိသတ်အတွင်းသို့ မဝင်ဝံ့တော့ဘဲ ပြေးရလေတော့၏။ ထိုအခါ တရားနာ ပရိသတ်လည်း ထို အကြောင်းကို ဘုရားရှင်အား လျှောက်ထားကြသည်ရှိသော်–

"ဒါယကာတို့...အဆိုပါ ပရိဗိုဇ်သည် ငါဘုရားရှင်၏ မျက်နှာတော်ကို မြင်သည်နှင့် ထွက်ပြေးလေသည်မှာ ယခု မှသာလျှင် မဟုတ်ပေ။ ရှေးအခါ၌လည်း ပြေးခဲ့ဖူးလေပြီ" ဟု မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေ သတည်း။

* * *

လွန်လေပြီးသော ရှေးကာလ။

ဗာရာဏသီပြည်၌ ဗာရာဏသီမင်း စိုးစံသည်ရှိသော် တက္ကသိုလ်ပြည်၌ ဂန္ဓာရမင်း မင်းပြုလေ၏။ ထိုအခါ ဂန္ဓာရ မင်းသည် ဗာရာဏသီပြည်ကို အလိုရှိတော်မူ၍ တိုက်ခိုက်သိမ်း ပိုက်ရန်အလို့ငှာ စစ်အင်္ဂါလေးပါးတို့ ခြံရံလျက် ဗာရာဏသီ ပြည်အား ဝန်းရံလေ၏။ မြို့တံခါးအနီးသို့ရောက်လျှင် မိမိ၏ စစ်သည် ဗိုလ်ပါတို့အား ကြည့်ရှုကာ–

"အချင်းတို့...ငါ၏တပ်၌ ဒေါင်းတောင်တို့စိုက်ထား သော တံခွန်ဖျားတို့သည် မရေတွက်နိုင်လောက်အောင် များပြောင်လှပေ၏။ ဆင်ဤမျှ၊ မြင်းဤမျှ စသဖြင့်လည်း မရေတွက်နိုင်၊ အဆုံးအစ ကင်းမဲ့သော သမုဒ္ဒရာအား ကျီးတို့ မလွှမ်းမိုးနိုင်သကဲ့သို့ ငါ၏စစ်သည်ဗိုလ်ပါတို့ကို လည်း ရန်သူမင်းအနေဖြင့် မလွှမ်းမိုးနိုင်ကုန်။

www.burmeseclassic.com

www.burmeseclassic.com



လေသည် ကျောက်ဆောင်ကို မတုန်လှုပ်စေနိုင်သကဲ့သို့ ငါ၏ စစ်သည်ဗိုလ်ပါတို့ကိုလည်း ရန်သူမင်းအနေဖြင့် မတုန်လှုပ်စေနိုင်”

ဟူ၍ မိမိ၏ စစ်အင်အားအပေါ် ချီးမွမ်း၍ နေလေ၏။ ထိုအခါ ဗာရာဏသီမင်းလည်း ဂန္ဓာရမင်းအား မိမိ၏ လပြည့်ဝန်းကဲ့သို့သော အသရေတော်ကိုပြ၍–

“ဟယ်…မင်းမိုက် သင်သည်ကား မိမိ၏ မိုက်မဲမှုကိုပင် အရှက်ကင်းမဲ့စွာ မြည်တမ်းဟစ်ကြွေးနေဘိ၏။ အမှန်အားဖြင့် သင်၏စစ်သည်ဗိုလ်ပါ အပေါင်းသည် သင်ကြံစည်တိုင်း ဖြစ်လိမ့်မည်မဟုတ်။ သင့်အပေါ်၌ ရာဂ၊ ဒေါသတို့သည် ပူလောင်စေအပ်၏။ သင်သည် ငါကဲ့သို့သော ပုဂ္ဂိုလ်အား ထိပါးခြင်းငှာ လုံးဝ အခွင့်မသာ။ သင်သည် ငါ့အနားသို့ ချဉ်းကပ်လာခဲ့လော့။ တစ်စီးတည်းသွားလေ့ရှိသည့် ဆင်ပြောင်ကြီးသည် ကျူတောကို ညက်ညက်ပါအောင် နင်းချေဘိသကဲ့သို့ ငါသည်လည်း သင့်အား ဖိနှိပ်နင်းချေအံ့”

ဟူ၍ ခြိမ်းခြောက်လေ၏။ ထိုစကားကို ဂန္ဓာရမင်းကြားလေသော် အသံရှင်အား ကြည့်မိလေ၏။ ဤတွင် ရွှေပြားနှင့်တူသည့် မြတ်သောနဖူးပြင်ကို မြင်ရုံမျှဖြင့် တုန်လှုပ်ချောက်ချားသွားခဲ့ပြီး–

“ဤမင်းကား…ငါ့ကို အမှန်တကယ် ဖိနှိပ်ချေမည့်အသွင်ရှိ၏။ ၎င်းနှင့်ရင်ဆိုင်ရပါက ငါ့အဖို့ဆုံးရှုံးရမည်သာ

www.burmeseclassic.com



ဖြစ်ရာ ယခုပင်လျှင် လှည့်ပြန်မှ ဖြစ်တော့မည်"

ဟူ၍ ထိတ်လန့်တုန်လှုပ်ခြင်း များစွာဖြင့် ဂန္ဓာရမင်းလည်း မိမိနေ့ရင်း တက္ကသိုလ်ပြည်သို့ တပ်ခေါက် ပြန်ပြေးရလေတော့၏။

ဤသို့လျှင် ဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူပြီးသည့်နောက်–

"ဒါယကာတို့...

ထိုအခါက ဂန္ဓာရမင်းသည် ယခုအခါ ငါ့အား ဝါဒ ချင်းပြိုင်ရန် လာရာမှ ထွက်ပြေးရလေသော ပရိဗိုဇ်ဖြစ် လာပြီး ဗာရာဏသီမင်းသည်ကား ငါဘုရားရှင် ဖြစ်လာ၏"


ဟု မိန့်ဆိုလျက် ဇာတ်ကို ပေါင်းတော်မူ၏။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

# ၂၃၁။ ဥပါဟနဇာတ်



www.burmeseclassic.com

www.burmeseclassic.com

# ဥပါဟနဝဂ်

## [၂၃၁]

## ဥပါဟနဇာတ်

သတ္တဝါဝေနေယျတို့အပေါ် မဟာကရုဏာ ကြီးစွာထား၍ အမြိုက်နိဗ္ဗာန်လမ်းသို့ ပို့ဆောင်ပေးတတ်သော မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည်ရှိ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေလေ၏။

ထိုကာလဝယ် တရားသဘင်တစ်ခု၌ ရဟန်းသံဃာအပေါင်းသည် စုဝေးပေါင်းစုံမိကြသည့်အခိုက်–

"ငါ့ရှင်တို့...ဒေဝဒတ်သည် ဆရာဖြစ်သော ဘုရားရှင်အား ပယ်စွန့်ပြီး ငါဘုရားရှင်အပေါ် ဆန့်ကျင်ဖီလာ ပြုလျက် ရန်ငြိုးဖွားသဖြင့် အကြီးအကျယ် ပျက်စီးဆုတ်ယုတ်ရလေပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ပြောဆိုနေမိကြလေ၏။ ထိုအခါ တရားသဘင်သို့ ကြွတော်မူလာသော ဘုရားရှင် သိသွားခဲ့သည့် အခါသမယ–

"ရဟန်းတို့...ဒေဝဒတ်သည် ဆရာဖြစ်သော ငါဘုရားရှင်အား ပယ်စွန့်ပြီး ငါဘုရားရှင်အပေါ် ဆန့်ကျင်ဖီလာ ပြုလျက် ရန်ငြိုးဖွားသဖြင့် အကြီးအကျယ် ပျက်စီးဆုတ်ယုတ်ရခြင်းမှာ ယခုအခါ၌သာ မဟုတ်သေး။ ရှေးကလည်း အကြီးအကျယ် ဆုတ်ယုတ်ပျက်စီးခဲ့ရလေပြီ"

ဟု မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသော ရှေးကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ထိုမင်းကြီး၌ အမှုတော်ထမ်းရွက်သော ဆင်ဆရာ ရှိလေ၏။ ထိုဆင်ဆရာသည် ဆင်အတတ်၌ တစ်ဖက်ကမ်းခတ် တတ်မြောက်သူဖြစ်လေ၏။

တစ်နေ့သ၌ ကာသိရွာငယ်တွင် နေထိုင်သော လုလင်ငယ်တစ်ဦးသည် ဆင်ဆရာထံရောက်ရှိလာပြီး ဆင်အတတ်တို့ကို သင်ပေးပါရန် တောင်းပန်လေ၏။ ဆင်ဆရာလည်း သနားကရုဏာစိတ်ဖြင့် လုလင်ငယ်အား လက်ခံကာ ဆင်အတတ်ဟူသမျှတို့ကို ဆရာစားမချန် ကုန်စင်အောင် သင်ကြားပေးလေရာ လုလင်လည်း ဆရာသင်ကြားပေးသမျှ အတတ်တို့ကို ကုန်စင်အောင် တတ်ကျွမ်းလေ၏။ တစ်နေ့သ၌ လုလင်ငယ်သည် ဆရာဖြစ်သူအား–

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ...အကျွန်ုပ်သည် မင်းကြီးထံခစားလျက် အမှုတော်ကို ထမ်းရွက်လိုပါ၏။ ကူညီစောင့်ရှောက်ပါလော့" ဟု ပြောလေ၏။ ဆရာလည်း ကောင်းပေပြီဟု ဝန်ခံလျက် မင်းကြီးထံ ဝင်လေ၏။

"အရှင်မင်းကြီး...အကျွန်ုပ်၏တပည့်သည် အကျွန်ုပ်ထံမှ ဆင်အတတ်တို့ကို အလုံးစုံသင်ယူတတ်မြောက်ခဲ့သူဖြစ်ပါ၏။ ၎င်းသည် အရှင်မင်းကြီးထံ၌ ခစားလျက် အမှုတော် ထမ်းရွက်လိုကြောင်း အကျွန်ုပ်အား အကူအညီတောင်းခံပါ၏"

"ကောင်းပေပြီ...ဆင်ဆရာ သင်၏တပည့်ဆိုသည့်အတွက် ငါ့ထံ၌ ခစားလျက် အမှုတော် ထမ်းရွက်ပါစေလော့..."

"အရှင်မင်းကြီး...ထိုလုလင်အား ပေးမည့်လခရိက္ခာအား မည်ရွေ့မည့်မျှဆိုသည်ကို သိလိုလှပါ၏"

"ဆင်ဆရာ...ထိုလုလင်ကား သင်၏တပည့်ဖြစ်၏။ သည့်အတွက် သင်နှင့်တူမျှသော လခရိက္ခာကိုမူ ရလိမ့်မည်မဟုတ်။ သင်ရသော လခရိက္ခာ၏ တစ်ဝက်ကိုသာ ပေးလတ္တံ့"

"ကောင်းပေပြီ...အရှင်မင်းကြီး"

ဆရာဖြစ်သူလည်း အိမ်သို့ ပြန်ရောက်သည်ရှိသော် အသင့်စောင့်မျှော်လျက်ရှိသည့် တပည့်လုလင်ငယ်အား အခြေအနေမှန်ကို ပြောပြလိုက်၏။ ထိုအခါ လုလင်ငယ်က–

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ...အကျွန်ုပ်သည် ဆရာနှင့် ထပ်တူထပ်မျှ အတတ်ပညာရှိသူ ဖြစ်ပါ၏။ သည့်အတွက် လခရိက္ခာမှာလည်း ဆရာနှင့်တူမျှစွာ ရယူလိုပါ၏။ တူမျှပါက ခစားပါမည်။ မတူမျှပါက မခစားနိုင်"

ဟူ၍ ပြောကြားလေ၏။ ထိုအကြောင်းကို မင်းကြီးကြားသိတော်မူလေသော်–

"ဆရာ...သင်၏တပည့်သည် ဆရာနှင့်တူမျှသော အတတ်ပညာတို့ကို ပြခြင်းငှာ စွမ်းနိုင်ပါသော် ဆရာနှင့် တန်းတူညီမျှ လခရိက္ခာတို့ကို ပေးပါအံ့။"

ဟု ဆိုလေ၏။ ဆရာလည်း တပည့်လုလင်အား ပြောပြ၏။ ထိုအခါ တပည့်လုလင်လည်း–

"အကျွန်ုပ်သည် ဆရာနှင့် ယှဉ်ပြိုင်၍ အတတ်ပညာတို့ကို ပြပါအံ့"

ဟုဆိုပြီး မင်းကြီးအား လျှောက်ထားစေ၏။ မင်းကြီးလည်း ခွင့်ပြုပြီးနောက် အများသူငါအပေါင်းတို့ သိရှိကြည့်ရှုနိုင်စေခြင်းငှာ ပြိုင်ရမည့်နေ့ရက်ကို သတ်မှတ်လျက် အရပ်တစ်ခွင်ကို စည်လှည့်စေ၏။ ထိုအခါ ဆင်ဆရာလည်း–

"ငါ၏တပည့်ကား ငါ၏ထိုးထွင်းတတ်မြောက်သော ဉာဏ်ကို မသိရှာပေ"

ဟု နှလုံးသွင်းဆင်ခြင်ကာ ပြိုင်ပွဲမဝင်မီည၌ စီးတော်ဆင်အား သင်ရိုးသင်စဉ် မဟုတ်သော အတတ်တို့ကို သင်ကြားပေးလေ၏။ သတ်မှတ်ရက်ရောက်လေသော် ဆရာနှင့် တပည့်လုလင်

www.burmeseclassic.com

www.burmeseclassic.com



တို့ ပညာချင်း ယှဉ်ပြိုင်မည့်ပွဲသို့ ကြည့်ရှုရန်အတွက် လူအပေါင်းတို့သည် မင်းရင်ပြင်၌ စုဝေးရောက်ရှိနေကြလေ၏။ အချိန်ကျသည်နှင့် ဆရာလည်း ၎င်းသင်ပြထားသောဆင်ကို စီးလျက် မင်းရင်ပြင်သို့ ထွက်လာခဲ့၏။ တပည့်လုလင်လည်း ၎င်းနှစ်သက်သည့် ချစ်ခင့်ဖွယ်ဆင်ကိုစီးလျက် မင်းရင်ပြင်သို့ ထွက်လာခဲ့၏။ ထိုအခါ ဆရာတပည့် နှစ်ယောက်တို့သည် ဆင်အတတ်ပညာတို့အား အသီးသီး ပြကြရာ ပရိသတ်ကလည်း အော်ဟစ်အားပေးကြကုန်၏။ ဆရာလုပ်ပြနိုင်သမျှ တပည့်လုလင်ကလည်း လုပ်ပြနိုင်စွမ်းရှိသဖြင့် သြဘာပေးကြလေ၏။

ထိုအချိန်မှာပင် ဆရာလည်း ၎င်း၏စီးတော်ဆင်အား တပည့်ကိုပေး၍ အတတ်ပညာတို့ကို ပြစေ၏။ ဤတွင် တပည့်လုလင်ခိုင်းသမျှ ဆင်သည် ဆန့်ကျင်ဖီလာလုပ်လေ၏။ 'ရှေ့ကို သွားလော့'ဟုဆိုလျှင် နောက်ကိုဆုတ်၏။ 'နောက်ကိုဆုတ်လော့' ဟုဆိုလျှင် ရှေ့ကိုတိုးလေ၏။ 'ထလော့'ဟုဆိုလျှင် ဝပ်လေ၏။ 'ဝပ်လော့'ဟု ဆိုလျှင် ထလေ၏။ 'ယူလော့'ဟုဆိုလျှင် ချပစ်၏။ 'ချပစ်လော့'ဟုဆိုလျှင် ဆောင်ယူ၏။ တပည့်လုလင်လည်း ချွေးဒီးဒီးကျ၍ တုန်လှုပ်လာခဲ့၏။ လူအပေါင်းတို့သည် လုလင်အား လှောင်ပြောင်ကဲ့ရဲ့ကြပြီးနောက်–

"ဟယ်…ကျေးဇူးရှင် ဆရာအပေါ်၌ ပြစ်မှားသော တပည့်ယုတ်… သင်သည် ဆရာဖြစ်သူနှင့် အတတ်ပညာချင်း ယှဉ်ပြိုင်ရဲဘိ၏။ မိမိအစွမ်းအစ မည်ရွေ့မည်မျှသာ ရှိသည်ကို မသိ။ ဆရာနှင့် အရည်အချင်းတူသည်ဟူ၍ မှတ်လေသလော"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ငေါက်ငမ်းဆဲဆိုရေရွတ်ကာ ဆရာအပေါ် အာခံရဲသည့် လုလင်မိုက်အား အုတ်၊ ခဲ၊ လုံတံ စသည်တို့ဖြင့်ပစ်ခတ်ရိုက်ပုတ် ထိုးခုတ်ကြသည်ရှိသော် တပည့်မိုက်လည်း မင်းရင်ပြင်မှာပင် မရှုမလှ သေပွဲဝင်ရလေ၏။ ထိုအခါ ဆင်ဆရာသည် ဆင်ပေါ်မှ သက်ဆင်း၍ မင်းကြီးထံ ခစားကာ–

"အရှင်မင်းကြီး...

ဖိနပ်မကောင်းသဖြင့် ခြေအပူဒဏ်မှ သက်သာရန် ဝယ်စီးသော်လည်း ဝယ်စီးသူ၏ခြေအား ခဲစားကာ ဆင်းရဲကို ပွားစေသကဲ့သို့၊ မကောင်းသဖြင့် သင်ကြားအပ်သော အတတ်ပညာသည် သင်ကြားထားသူ လူယုတ်ကို ခဲစားကာ ဆင်းရဲကို ပွားစေသည်သာတည်း"

ဟူ၍ ဥပမာ၊ ဥပမေယျတို့ဖြင့် တင်လျှောက်သည်ရှိသော် မင်းကြီးလည်း လွန်စွာမှ နှစ်ထောင်းအားရ ဖြစ်တော်မူလျက် ဆင်ဆရာအား များစွာသော စည်းစိမ်ဥစ္စာတို့ အပ်နှင်းကာ ချီးမြှောက်လေတော့၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်–

"ရဟန်းတို့...

ထိုအခါက တပည့်မိုက် လုလင်သည် ယခုအခါ ဒေဝဒတ်ဖြစ်လာပြီး ဆင်ဆရာသည်ကား ငါဘုရားရှင်ဖြစ်လာ၏"

ဟု ဆိုမိန့်ကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

# ၂၇၂။ ဝိဿာဂုဏာဇာတ်



www.burmeseclassic.com

www.burmeseclassic.com

# [၂၃၂]

## ဝိဏာဂုဏာဇာတ်

လူ၊ နတ်၊ ပြဟ္မာတို့၏ တရားမင်းအစစ်ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်လေ၏။

သာဝတ္ထိပြည်ရှိ သူဌေးအိမ်တစ်အိမ်၌ မိခင်သူဌေးမကြီးသည် နွားမင်းဥသဘအား ချီးမြှောက်နေသည်ကို သူဌေးသမီးလည်း တွေ့မြင်မိလေ၏။ ထိုအခါ မိခင်ဖြစ်သူအား-

"အို...မိခင်၊ ဤသတ္တဝါကား နွားသာလျှင်ဖြစ်ပေ၏။ အဘယ်ကြောင့် နွားကို ချီးမြှောက်နေရပါသနည်း"

ဟူ၍ မေးလေ၏။ မိခင်ကလည်း-

"ချစ်သမီး...ဤနွားကား သာမန်နွားမဟုတ် နွားမင်း ဥသဘဖြစ်၍ မြှောက်ရခြင်းဖြစ်ပေ၏။"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ဖြေလေရာ သူဌေးသမီးလည်း နားစွဲနေအောင် မှတ်သားထားလေ၏။ တစ်နေ့သ၌ သူဌေးသမီးသည် ပြာသာဒ်ပေါ်မှ ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်ရှုလေသည်ရှိသော် ကျောကုန်း၌ ဘုကြီးရှိသဖြင့် ကုန်းကုန်းကွကွဖြစ်နေသော ငကုန်းတစ်ယောက်ကို မြင်တွေ့လေ၏၊ ဤတွင်–

"နွားမင်း ဥသဘ၏ကျောကုန်း၌ လဘို့ရှိ၏။ ဤသူ၏ကျောကုန်း၌လည်း လဘို့ရှိ၏။ ထိုသူကား ယောကျ်ားတကာတို့အနက် နှယ်နှယ်ရရ မဖြစ်နိုင်။ ယောကျ်ားဥသဘ ဖြစ်တန်ရာ၏။ ၎င်း၏ခြေရင်း၌ ငါသည် မယားအဖြစ် အလုပ်အကျွေးပြုရလျှင် ကောင်းပေမည်"

ဟူ၍ တွေးတောကြံစည်ပြီးနောက် ဥစ္စာရတနာတို့ကို ယူ၍ငင်ကာ ရပ်ဖျက်လျက် ပြာသာဒ်မှဆင်း၏။ ထို့နောက် ငကုန်းနှင့်အတူတကွ ထွက်ပြေးလေတော့၏။ ထိုအကြောင်းသည် လူတို့၏ပတ်ဝန်းကျင်၌လည်းကောင်း၊ ရဟန်းတို့၏ ပတ်ဝန်းကျင်၌လည်းကောင်း၊ တစ်နေ့တခြား ပျံ့နှံ့သည်ထက် ပျံ့နှံ့လာခဲ့လေ၏။

ရဟန်းတို့လည်း တရားသဘင်၌ စုဝေးမိကြခိုက် သူဌေးသမီးနှင့် ငကုန်းတို့အကြောင်းကို မြိန်ရေယှက်ရေ ပြောဆိုကြလေ၏။ ထိုအချိန်တွင် ဘုရားရှင် ကြွတော်မူလာပြီး ရဟန်းတို့ပြောဆိုနေသည့်အကြောင်းကို သိလေသော်–

ရဟန်းတို့...ဤသူဌေးသမီးကား ယခုအခါ၌သာလျှင် ငကုန်းအပေါ်၌ တပ်မက်စွဲလန်းသည် မဟုတ်သေး။ ရှေးအခါကလည်း တပ်မက်စွဲလန်းခဲ့ဖူးပေပြီ"

www.burmeseclassic.com



ဟု မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်လေသတည်း။

*  *  *

လွန်လေပြီးသော ရှေးကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် နိဂုံးရွာတစ်ရွာ၌ သူဌေးတစ်ဦးရှိလေ၏။ ထိုသူဌေးလည်း အချိန်တန်အရွယ်ရောက်သည်ရှိသော် အိမ်ရာတည်ထောင်ကာ သားသမီးတို့ဖြင့် ပွားစည်းလျက်နေလေ၏။

တစ်နေ့သ၌ ထိုသူဌေးကြီးသည် အရွယ်ရောက်ပြီဖြစ်သောသားအတွက် သူဌေးသမီးတစ်ယောက်နှင့် လက်ထပ်ထိမ်းမြားရန် နေ့ရက်ချိန်းချက်ထားလေ၏။ ထိုသူဌေးသမီးသည် ၎င်းတို့၏အိမ်၌ လူကြီးသူမတို့က နွားတစ်ကောင်အား ဂရုတစိုက်ဖြင့် ချီးမြှောက်ခြင်း၊ မြတ်နိုးယုယခြင်းတို့ကို ပြုသဖြင့် မေးမြန်းစုံစမ်းလေ၏။ ထိုအခါ နွားမင်းဥသဘဖြစ်၍ ထိုကဲ့သို့ ချီးမြှောက်၊ မြတ်နိုးယုယကြသည်ကို သိရှိရလေ၏။

ထိုအချိန်တွင် ခရီးလမ်းအလယ်သွားနေသော ကျေးကုန်း တစ်ယောက်ကို တွေ့မြင်သွား၏။ ထိုအခါ သူဌေးသမီးလည်း–

"ငါတို့အိမ်က နွားမင်းဥသဘ၌ လဘို့ရှိ၏။ ဤသူ့တွင်လည်း လဘို့ရှိ၏။ စင်စစ်သူတို့သည် လူမင်းဥသဘဖြစ်ရမည်။ ထိုသူအား ချီးမြှောက် မြတ်နိုးယုယပါက တော်ပေစွ"

ဟု ကြံစည်တွေးဆလျက် ဥစ္စာပစ္စည်းတို့ကို ယူငင်၍ မထင်ရှားသော အသွင်ပြောင်းကာ ကျေးကုန်းနှင့်တကွ ပြေးကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် နိဂုံးရွာသူကြီးလည်း သားအတွက် သူဌေးသမီးကို ဆောင်ယူမည်ဟူ၍ အခြံအရံများစွာနှင့် ဗာရာဏသီပြည်သို့ ထွက်လာခဲ့သည်ရှိသော် ကေုန်းနှင့် သူဌေးသမီးတို့ ပြေးရာလမ်းအတိုင်းပင် သွားမိလေ၏။ ကေုန်းနှင့် သူဌေးသမီးတို့သည် နောက်မှလိုက်လာ၍ မမီအောင် တစ်ညလုံး လှမ်းလာခဲ့ကြ၏။ ဤတွင် ကေုန်းလည်း ခရီးပန်းကာ လေနာရောဂါထ၏။ တစ်ကိုယ်လုံး မလှုပ်နိုင်၊ မရှားနိုင်ဖြစ်ပြီး လမ်းခုလပ်တစ်နေရာ၌ ခွေခွေကလေး ကွေးကာ အိပ်လေတော့၏။ သူဌေးသမီးလည်း ကေုန်း၏ ခြေရင်း၌ပင် နေလေ၏။

ထိုအချိန်တွင် နိဂုံးရွာသူဌေးကြီးသည် ထိုအပါးသို့ရောက်လာကာ ကေုန်း၏ ခြေရင်း၌ရှိနေသော သူဌေးသမီးအား မြင်လေလျှင်–

"ချစ်သမီး...ဤကေုန်းနောက်သို့ လိုက်လာရခြင်းကား သင့်တစ်ဦးတည်း ကြံစည်ဆုံးဖြတ်ကာ လိုက်လာရခြင်း ဖြစ်ပေလိမ့်မည်။ ဤလူမိုက် ကေုန်းကား ယောကျ်ားဉသဘမဟုတ်။ ချစ်သမီးအဖို့ ဤကေုန်းနှင့် ပေါင်းဖော်နေခြင်းကား မသင့်လျော် မထိုက်တန်လှပေ"

ဟု ပြောဆိုလေ၏။ ထိုအခါ သူဌေးသမီးလည်း–

"အရှင်သူဌေးမင်း...ကျွန်ုပ်တို့၏အိမ်၌ နွားတို့၏ အကြီးအမှူးဖြစ်သော နွားမင်းဉသဘ၏ ကျောကုန်းတွင် လဘို့ရှိ၏။ ဤသူ၏ ကျောကုန်း၌လည်း လဘို့ရှိ၏။ သည်းအတွက် လူတို့၏အကြီးအမှူး ယောကျ်ားဉသဘ ဖြစ်လိမ့်

www.burmeseclassic.com



မည်အထင်ဖြင့် ငြိတွယ် တပ်မက်ခဲ့ပါ၏။ ယခုအခါ ထို ငကုန်းကား အရုပ်ကြိုးပြတ်သကဲ့သို့ ခွေခွေကလေး ကွေးနေ ပါတော့၏"

ဤတွင် နိဂုံးရှာသူဌေးကြီးလည်း သူဌေးသမီး၏ မလိမ်မိုး မလိမ္မာအဖြစ်ကိုသိ၍ ဥပေက္ခာမပြုရက်တော့ဘဲ ရေမိုးချိုးသန့်စင် စေပြီး တန်ဆာဆင်ထားသော ရထားပေါ် တင်ဆောင်ကာ ခေါ်သွားလေတော့၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန်၊ နှစ်တန် သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူ၍–

"ရဟန်းတို့...

ထိုအခါက ဗာရာဏသီ သူဌေးသမီးသည် ယခုအခါ ငကုန်းနောက် လိုက်ပြေးသော သူဌေးသမီး ဖြစ်လာ၍ ဗာရာဏသီ နိဂုံးရှာ သူဌေးကြီးကား ငါဘုရားရှင် ဖြစ် လာ၏"


ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

# ၂၃၃။ ဝိကဏ္ဏကဇာတ်



www.burmeseclassic.com

www.burmeseclassic.com

## [၂၃၃]

## ဝိကဏ္ဏကဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ကိုးကွယ်ပူဇော်ရာအစစ် ဖြစ်တော်မူသော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ စမ္ပယ်သီတင်းသုံး နေတော်မူစဉ် ကာမဂုဏ်တို့ ဖိစီးနှိပ်စက်သဖြင့် သာသနာတော်၌ မပျော်ပိုက်ဘဲ ပျင်းရိငြီးငွေ့နေသော ရဟန်းတစ်ပါး ရှိလေ၏။

ရဟန်းတို့လည်း ထိုရဟန်းအား ဘုရားရှင် ရှေ့တော်မှောက် ခေါ်ဆောင်လျက် အကျိုးအကြောင်းကို တင်ပြလျှောက်ထားတော်မူကြ၏။ ထိုအခါ မြတ်စွာဘုရားရှင်က–

"ချစ်သား ရဟန်း…ကာမဂုဏ်တို့မည်သည်ကား အရွက်မရှိသော မြားနှင့်တူပါပေ၏။ တစ်ကြိမ်မျှ စိတ်နှလုံး၌ တည်ရာရသည်ရှိသော် အရွက်မရှိသော မြားကဲ့သို့ စူးဝင်တတ်၏။ အရွက်မရှိသောမြားသည် မိကျောင်းကိုစူး၍ သေစေဖူးပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မိန့်ဆိုတော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသော ရှေးကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် မင်းကြီးလည်း တစ်နေ့သ၌ ဥယျာဉ်တော်သို့ထွက်၍ ကစားလေရာ ရေကန်အနားသို့ ရောက်လေ၏။ ထိုအချိန်တွင် ကချေသည်၊ သီချင်းသည်တို့ ကခုန်၊ သီဆိုကြကုန်သည်ရှိသော် ရေကန်၌ ရှိသော ငါး၊ လိပ်အပေါင်းတို့သည် သီချင်းသံ၌ တပ်မက်သာယာမိကြသည့်အတွက် ရုံးစုကာ မင်းကြီးနှင့်အတူတကွ လိုက်ပါကြလေ၏။ မင်းကြီးလည်း ထိုအခြင်းအရာကိုမြင်လျှင်–

"ငါးတို့သည် အဘယ်ကြောင့် ငါနှင့်အတူတကွ လိုက်ကြသနည်း"

ဟူ၍ အမတ်တို့အား မေးလေ၏။ ထိုအခါ အမတ်တို့ကလည်း မင်းကြီးအား ခစားသည့်အကြောင်း လျှောက်ထားကြလေ၏။ မင်းကြီးလည်း နှစ်သက်သဘောကျတော်မူပြီး ငါးတို့အား ဝတ္တရား မပျက်စေဘဲ အစာတို့ကို ကျွေးစေ၏။ နေ့စဉ်နေ့တိုင်း တစ်ဆယ့်တစ်စိတ်ဝင် အိုးတို့ဖြင့် ဆန်ထည့်ချက်ကာ ငါးတို့ကို ကျွေးလေ၏။

ဤ၌ ထမင်းကျွေးသောအခါ အချို့သော ငါးတို့မှာ လာကြ၍ အချို့သော ငါးတို့မှာမူ မလာကြကုန်။ ထို့အတွက် တစ်ဆယ့်တစ်စိတ် ချက်ထားသော ထမင်းတို့မှာ အလဟဿ ဖြစ်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းကို မင်းကြီးအားလျှောက်ထားသည်ရှိသော် မင်းကြီးလည်း ထမင်းအစာ ကျွေးသောသူတို့အား–

"အမောင်တို့...ထမင်းကျွေးသောအခါ၌ စည်ကိုတီးကြရမည်။ စည်သံအမှတ်ဖြင့် ငါးတို့စည်းဝေးသောအခါ ကျွေးကြရမည်"

ဟူ၍ အမိန့်ချမှတ်လေ၏။ မင်းချင်းတို့လည်း မင်းကြီး၏ အမိန့်အတိုင်းပင် စည်ကိုတီးကာ ငါးများကို စုဝေးစေပြီးနောက် ထမင်းအစာတို့ကို ကျွေးလေ၏။ ထိုအခါ မိကျောင်းတစ်ကောင်သည် စည်သံကြားသောအခါ ငါးတို့စုဝေးရာသို့ ရောက်လာပြီး ငါးတို့ကို စားသောက်လေ၏။ ထိုအကြောင်းကို မင်းချင်းတို့လည်း မင်းကြီးအား လျှောက်ထားတင်ပြကြလေသော်–

"အမောင်တို့...မိကျောင်းလာသည်ရှိသော် အရွက်တပ်၍ မထားသော မြားဖြင့် ပစ်ခတ်ဖမ်းဆီးကြကုန်လော့"

ဟု အမိန့်ပေးလေ၏။ မင်းချင်းတို့လည်း လေ့စီး၍မိကျောင်းလာသည်ရှိသော် အရွက်တပ်မထားသော မြားဖြင့် ပစ်ကြ၏။ မြားလည်း မိကျောင်းကိုမှန်၍ ကျော၌စူးဝင်လေ၏။ မိကျောင်းလည်း ပြင်းထန်သော ဝေဒနာကို ခံစားလျက် မြားတန်းလန်းနှင့် ပြေးလေတော့၏။ မင်းချင်းတို့လည်း မိကျောင်း မြားစူးခံရသည်ကို သိလျှင် မိကျောင်းကိုခေါ်၍–

"ဟယ်...မိကျောင်း သင်ကား ပြေးလိုရာပြေးနိုင်၏။ ဤအရပ်၌ အရွက်တပ်ဆင်မထားသော မြားသည် သင်၏ ကျော၌ စူးဝင်လေပြီ။ သင်ကား လျှပ်ပေါ်လော်လီကာ

www.burmeseclassic.com



အစာစားရန်လာသော ငါးတို့ကို ဖမ်းယူ စားသောက်၏။ ကောင်းစွာ တီးခတ်သော စည်သံကို နာခံရင်း ကျွေးအပ်သော ထမင်း အစာတို့သည် သင့်ကို သတ်လေဘိပြီတကား"

ဟူ၍ ပြောဆို၏ မိကျောင်းလည်း မိမိနေရာသို့ ရောက်သည်ရှိသော် မြားဒဏ်ရာဖြင့်ပင် အသက်ကုန်ဆုံးလေတော့၏။

မြတ်စွာ ဘုရားရှင်လည်း ဘုရားဖြစ်တော် မမူသောအခါ အတိတ်ဖြစ်စဉ်အကြောင်းကို မြွက်ဖော် ဟောကြားပြီးသည်ရှိသော်–

"ရဟန်းတို့...

ငါးတို့ကို လိုက်၍စားသော မိကျောင်းသည် ပျက်စီးခြင်းသို့ ရောက်ရသကဲ့သို့၊ ကာမဂုဏ်ငါးပါး၌ ကျရောက်၍ ကိလေသာပင့်နှိုးမှုဖြင့် စိတ်အလိုသို့ လိုက်သောသူသည်ကား ဆွေမျိုးအပေါင်းတို့ အလယ်တွင် ပင်ပန်းဆင်းရဲခြင်းသို့ ဆိုက်ရောက်ရ၏"

ဟု မိန့်တော်မူ၏။ အဆိုပါ ဒေသနာတော်ကို ဟောတော်မူပြီး၍ သစ္စာကို ပြသည့်အဆုံး၌ သာသနာတော်တွင် ပျင်းရိငြီးငွေ့သော ရဟန်းလည်း သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်လေတော့၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်–

www.burmeseclassic.com

www.burmeseclassic.com



"ရဟန်းတို့ . . .

ထိုစဉ်အခါက မိကျောင်းမိုက်သည် ယခုအခါဒေဝဒတ် ဖြစ်လာ၏။ ငါးအပေါင်းသည် ငါဘုရားရှင်၏ ပရိသတ် ဖြစ်လာပြီး ဗရာဏသီမင်းသည်ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## ၂၃၄။ အသိတာဘူဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၂၃၄]

# အသိတာဘူဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဦးထိပ်ပန်ဆင်ရာဖြစ်သော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဥ်က ဖြစ်၏။

အဂ္ဂသာဝကနှစ်ပါးတို့ကို အလုပ်အကျွေးပြုရာဖြစ်သော သာဝတ္ထိပြည်ရှိ အိမ်တစ်အိမ်၌ သတို့သမီးတစ်ယောက်သည် လွန်စွာမှ ရုပ်ဆင်းအင်္ဂါလှပပြီး ကျက်သရေလွန်စွာလည်း ရှိလေ၏။ ထိုသတို့သမီးအရွယ် ရောက်သည်ရှိသော် မိဘများက အိမ်ထောင်ရက်သားချပေး၏။ ထိုအခါ သတို့သမီးလည်း လင်ယောကျ်ား၏ အိမ်သို့ လိုက်ပါနေထိုင်ရလေ၏။ ဤ၌ လင်ယောကျ်ား ဖြစ်သူသည် သတို့သမီးအပေါ်၌ အနည်းငယ်မျှပင် ချစ်ခင်မြတ်နိုးခြင်းမရှိ၊ တစ်ပါးသော မိန်းမတို့အပေါ်၌သာ အာရုံတိမ်းညွတ်လျက် စိတ်၏အလိုသို့သာ လိုက်လေ့ရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သတို့သမီးလည်း မိမိအပေါ်၌ ကြင်နာမြတ်နိုးခြင်း ကင်းမဲ့သော လင်ယောကျ်ားကို ဥပေက္ခာပြုကာ အဂ္ဂသာဝကနှစ်ပါးတို့အားပင့်ဖိတ်လျက် အလှူပေးလေ၏။ တရားတော်ကို နာကြား၏။ ဤတွင် သောတာပတ္တိဖိုလ်၌ တည်လေ၏။ ထိုအခါမှစ၍ မဂ်ဖိုလ်ချမ်းသာဖြင့်သာလျှင် အချိန်တို့ကို ကုန်လွန်စေခဲ့၏။ တစ်နေ့သ၌ မိဘတို့ကိုခွင့်ပန်၍ ရဟန်းပြုကာ တရားဓမ္မတို့ကို ကျင့်ကြံသည်ရှိသော် အရဟတ္တဖိုလ်သို့ ဆိုက်လေ၏။ ထိုသတို့သမီး၏အကြောင်းကား သံဃာ့ဘောင်၌ ထင်ရှားလေ၏။

တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ စုဝေးမိကြခိုက်–

"ငါ့ရှင်တို့...ဤသတို့သမီးသည် လင်၏ကြင်နာမြတ်နိုးမှု ကင်းမဲ့ခြင်းကို အရေးမထားဘဲ မိမိ၏ အကျိုးစီးပွားကို ရှာမှီးတတ်ချေ၏"

ဟူ၍ စကားစပ်သဖြင့် ပြောဆိုနေမိကြလေ၏။ ဘုရားရှင်ကြွတော်မူလာပြီး အကြောင်းစုံကို သိတော်မူသည့်အခါ–

"ရဟန်းတို့...ဤသတို့သမီးကား ယခုအခါ၌သာလျှင် မိမိ၏ အကျိုးစီးပွားကို ရှာမှီးတတ်သည်မဟုတ်။ ရှေးအခါ၌လည်း ရှာမှီးတတ်သည်သာတည်း"

ဟူ၍ မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသော ရှေးကာလ။

www.burmeseclassic.com

www.burmeseclassic.com



ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် ဟိမဝန္တာအရပ်၌ အဘိညာဉ်၊ သမာပတ်တို့ဖြင့် ပြည့်စုံသော ရသေ့တစ်ပါး ရှိလေ၏။

တစ်နေ့သ၌ ဗာရာဏသီမင်းကြီးသည် မိမိ၏သားတော် ဗြဟ္မဒတ်မင်းသား၌ အခြံအရံတို့ ပြည့်စုံသည်ကိုမြင်လျှင် ထီးနန်း စည်းစိမ် လုယူမည်ဟု စိုးရိမ်လျက် တိုင်းပြည်မှ နှင်ထုတ်လိုက်လေ၏။ ဗြဟ္မဒတ်မင်းသားသည် အသိတာဘူအမည်ရှိ မယား ဖြစ်သူ မင်းသမီးကိုခေါ်ဆောင်၍ ဟိမဝန္တာသို့ ဝင်လေ၏။ ထို့နောက် ငါး၊ အမဲ၊ သစ်သီးကြီးငယ်တို့ကို ဆောင်ယူစား သောက် အသက်မွေးကာ သစ်ရွက်မိုး ဇရပ်ဆောက်လုပ်ကာ နေထိုင်လေ၏။

တစ်နေ့တွင် ဗြဟ္မဒတ်မင်းသားသည် အမဲလိုက်ထွက်ရင်းမှ ကိန္နရီမတစ်ကောင်ကို မြင်သည်ရှိသော် တပ်မက်သောရာဂစိတ် ပြင်းပြသည်ဖြစ်၍ မယားပြုမည်ဟု ဆုံးဖြတ်ကာ အသိတာဘူ မင်းသမီးကို အနည်းငယ်မျှ သံယောဇဉ်မထားတော့ဘဲ ကိန္နရီမ နောက်သို့ ခြေရာခံကာ လိုက်လေတော့၏။ အသိတာဘူမင်းသမီး လည်း ထိုအကြောင်းကို သိလေလျှင်–

"ဤမင်းသားကား– ငါ့ကိုငဲ့ညှာထောက်ထား စာနာ ခြင်းမရှိဘဲ ကိန္နရီမနောက်သို့ လိုက်ဘိ၏။ ဤမင်းသား ကို တွယ်တာနေ၍ ငါ့အတွက် အဘယ်မှာလျှင် အကျိုး ရှိနိုင်ပါမည်နည်း"

ဟူ၍ စိတ်ကို ခိုင်ကျည်စွာထားလျက် ရသေ့ထံ ဆည်းကပ်

www.burmeseclassic.com

www.burmeseclassic.com



၏။ ကသိုဏ်းပရိကံ ပွားများနည်းကိုယူ၍ အားထုတ်၏။ မကြာမီမှာပင် အဘိညာဉ်၊ သမာပတ်တို့ကို ဖြစ်စေလျက် ရသေ့ကိုရှိခိုးကာ မိမိ၏ဇရပ်မှာပင် တရားဓမ္မတို့နှင့် မွေ့လျော်နေလေတော့၏။

ဗြဟ္မဒတ်မင်းသားလည်း ခြေရာပျောက်သွားပြီဖြစ်သော ကိန္နရီမအား ဆက်လက်လိုက်ရန် မတတ်သာတော့သည့်အတွက် မိမိဇရပ်သို့ ရှေ့ရှုကာ ပြန်လာလေတော့၏။ ထိုအဖြစ်ကို အသိတာဘူ မင်းသမီး မြင်လေသော် ကောင်းကင်သို့ ပျံတက်ကာ ရပ်တံ့လိုက်ပြီး–

"အရှင့်သား…သင်သည် ငါ့အား ဈာန်ချမ်းသာကို ပြုလုပ်ပေး၏။ ငါသည် သင့်အပေါ်၌ တပ်မက်စွဲလန်းခြင်းတို့ ပြတ်တောက်ခဲ့လေပြီ။ လွှဖြင့် ဖြတ်ပြီးခဲ့သော ဆင်စွယ်ကဲ့သို့ သင့်အပေါ်၌ တပ်မက်စွဲလန်းခြင်းတို့ လုံးဝကင်းစင်ခဲ့လေပြီ"

ဟူ၍ တရားဟောလေ၏။ မင်းသား ငေးကြည့်နေစဉ်မှာပင် အသိတာဘူ မင်းသမီးလည်း ဈာန်တန်ခိုးဖြင့် အရပ်တစ်ပါးသို့ ထွက်ခွာသွားလေ၏။ ဤတွင် ဗြဟ္မဒတ်မင်းသားလည်း သည်းထန်စွာ ငိုကြွေးရင်း–

"ငါသည် အသိတာဘူ မင်းသမီးကို လက်လွှတ်ဆုံးရှုံးလိုက်ရပေပြီ။ ထိုထိုသော အာရုံ၊ ကာမဂုဏ်သို့လိုက်ကာ အလိုလောဘကြီးသူအဖို့ တပ်စွန်းသော လောဘကြောင့်လည်းကောင်း၊ ထောင်လွှားသော မာနကြောင့် လည်း

www.burmeseclassic.com



ကောင်း ငါ၏အကျိုးစီးပွားတို့ ဆုတ်ယုတ်ရလေပြီတကား။

ဟူ၍ တစ်ယောက်တည်း ငိုကြွေးနေလေတော့၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုကို အနုသန္ဓေ ဆက်စပ်တော်မူ၍–

"ရဟန်းတို့...

ထိုစဉ်အခါက ဗြဟ္မဒတ်မင်းသားနှင့် အသိတာဘူမင်းသမီးတို့သည် ယခုအခါ တစ်ပါးသော မိန်းမတို့ကို တပ်မက်သည့် ယောကျ်ားနှင့် အရဟတ္တဖိုလ် ဆိုက်သော မိန်းမတို့ ဖြစ်လာကြ၏။

ရသေ့သည်ကား...ငါ ဘုရားရှင် ဖြစ်လာ၏"

ဟူ၍ မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## ၂၃၇။ ဝိဓူရနခဇာတ်



www.burmeseclassic.com

www.burmeseclassic.com

# [၂၃၅]

# ဝဏ္ဏနခဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ အထွတ်ဥဿျောင် ဖြစ်တော်မူသော သဗ္ဗညုတဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်က ရောဇမလ္လာမင်းသည် ရှင်အာနန္ဒာ လူဝတ်ကြောင်ဘဝက အဆွေခင်ပွန်း ဖြစ်လေ၏။

တစ်နေ့သ၌ ရောဇမလ္လာမင်းသည် ၎င်းထံ ရှင်အာနန္ဒာကြွလာ စိမ့်သောငှာ သတင်းစကားမှာကြားကာ ပင့်လျှောက်လိုက်လေ၏။ ရှင်အာနန္ဒာလည်း ဘုရားရှင်ထံ ခွင့်ပန်ပြီး ကြွခဲ့လေ၏။ ရောဇမလ္လာမင်းသည် ရှင်အာနန္ဒာ ကြွလာကြောင်း သိရလျှင် အထူးထူးသော ဘောဇဉ်ခဲဘွယ်တို့ကို စီစဉ်လှူဒါန်းလျက် ဆွမ်းဘုဉ်းပေးစေ၏။ ထို့နောက် လောကွတ်ပျူငှာ စကားဆိုလျက် အရှင်အာနန္ဒာအား–

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား...တပည့်တော်ထံ၌ သက်ရှိ၊ သက်မဲ့ ဥစ္စာရတနာ များစွာရှိပါ၏။ ထိုအထဲမှ ထက်ဝက်ခန့်ခွဲ၍ အရှင့်အား ပေးပါအံ့။ လူထွက်ခဲ့ပါလော့။ လူ့လောက၌ ပျော်ပျော်ပါးပါး ကာမဂုဏ်ကို ခံစားကာ နေကြပါအံ့"

ဟူ၍ လူတို့၏စည်းစိမ်ဖြင့်လည်းကောင်း၊ ကာမဂုဏ်ငါးပါးဖြင့်လည်းကောင်း၊ ဖိတ်ကြားလေ၏။ ထိုအခါ ရှင်အာနန္ဒာလည်း ရောဇမလ္လာမင်း၏ ဖိတ်ကြားမှုကို လက်မခံဘဲ ကာမဂုဏ်၏ အပြစ်ကို ဟောပြောပြီးလျှင် ကျောင်းသို့ ပြန်ကြွခဲ့လေ၏။

ဘုရားရှင်လည်း အာနန္ဒာအား ရာဇမလ္လာမင်း၏ အကြောင်းကို မေးတော်မူလျှင် အာရှင်အာနန္ဒာလည်း-

"အရှင်ဘုရား...ရောဇမလ္လမင်းသည် အိမ်ရာထောင်ရန် ဖိတ်မန္တက ပြုသည့်အတွက် ၎င်းအား အိမ်ရာထောင်ခြင်း၌ လည်းကောင်း၊ ကာမဂုဏ်၌လည်းကောင်း အပြစ်ကို ဟောခဲ့ပါ၏"

ဟူ၍ လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်က-

"အာနန္ဒာ... ရောဇမလ္လ မင်းသည် ယခုအခါ၌သာ ရဟန်းတို့အား အိမ်ရာထူထောင်ရန် ဖိတ်မန္တက ပြုသည် မဟုတ်သေး။ ရှေးကလည်း ပြုဖူးခဲ့လေပြီ"

* * *

လွန်လေပြီးသော ရှေးကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် နိဂုံးရွာ တစ်ရွာ၌ ဝစ္ဆနခအမည်ရှိသော ပုဏ္ဏားတစ်ဦး ရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုပုဏ္ဏားသည် အရွယ်ရောက်သည်ရှိသော အိမ်ရာထောင်ခြင်း အမှုမပြုဘဲ ရသေ့ရဟန်းပြုကာ ဟိမဝန္တာအရပ်၌ ကြာမြင့်စွာ နေလေ၏။

တစ်နေ့သ၌ ရသေ့လည်း ချဉ်ဆားမှီဝဲရန် ဟိမဝန္တာအရပ်မှ သွားသည်ရှိသော် ဗာရာဏသီသို့ ရောက်ခဲ့ပြီး မင်းဥယျာဉ်၌ သီတင်းသုံးကာ နောက်တစ်ရက်သို့ရောက်သော် ဆွမ်းခံဝင်ခဲ့လေ၏။ ထိုအခါ ဗာရာဏသီသူဌေးသည် ရသေ့၏ တည်ငြိမ်ရင့်ကျက်သော ဣန္ဒြေနှင့် ဣရိယာပုတ်ကို ကြည်ညိုသဖြင့် နေအိမ်သို့ပင့်ဖိတ်ကာ ဆွမ်းလုပ်ကျွေး၏။ နေ့စဉ် အိမ်သို့ကြွရန် ပင့်ဖိတ်၏။ ထိုမှစ၍ ရသေ့နှင့်သူဌေးတို့လည်း အချင်းချင်း အကျွမ်းတဝင် ရှိကြကုန်၏။

တစ်နေ့သ၌ သူဌေးသည် ရသေ့ကြွလာသောအခါ ချစ်ကျွမ်းဝင်သော စိတ်ဖြင့်–

"ရသေ့ရဟန်းအဖြစ် မည်သည်ကား လွန်စွာမှ ဆင်းရဲပင်ပန်း ငြိုငြင်လှပါပေစွ။ ငါ့၌ ပစ္စည်းဥစ္စာများ ကြွယ်ဝလှချေ၏။ ငါ့အဆွေ ဝစ္ဆနခရသေ့အား လူထွက်စေ၍ စည်းစိမ်အလုံးစုံကို ထက်ဝက်ခွဲပေးပြီးလျှင် ငါတို့နှစ်ဦးသား ပျော်ပျော်ပါးပါးဖြင့် လောကီအာရုံ ကာမဂုဏ်တို့ကို ခံစားရလျှင် ကောင်းလေစွ"

ဟု ကြံစည်ပြီး ရသေ့ထံ ချဉ်းကပ်ကာ လျှောက်ထားလေ၏။

"အရှင် ဝစ္ဆနခရသေ့...ရသေ့အဖြစ်မှ လူဝတ်လဲကာ

www.burmeseclassic.com

www.burmeseclassic.com



ရတနာ ခုနစ်ပါး၊ စားဖွယ်သောက်ဖွယ်တို့ ပြည့်စုံနေသော အကျွန်ုပ်၏ အိမ်၌ မည်သည့်လုံ့လ အားထုတ်ခြင်းမျှမပြုဘဲ စားကာသောက်ကာ နေလှည့်ပါလော့။

ရတနာခုနစ်ပါး၊ စားသောက်ဖွယ်ရာတို့ ပြည့်စုံသော အိမ်ဂေဟာ၌ နေရခြင်းကား ကောင်းမြတ်ထူးကဲလှပါပေစွ" ရသေ့လည်း ဗာရာဏသီသူဌေး၏ ဖိတ်မန္တက စကားကို ကြားသိရသည့်ရှိသော်–

"သူဌေးကြီး...သင်သည်ကား အသိမရှိ၍ ကာမဂုဏ်၏ အကျိုးကျေးဇူးကို ထုတ်ဖော်ပြောဆိုခြင်း၊ ရတနာခုနစ်ပါးနှင့်တကွ အစားအသောက် စုံလင်စွာ အိမ်ဂေဟာ၌ နေရခြင်းကျေးဇူးကို ပြောဆိုဘိ၏။ သင့်အား...ငါသည် အိမ်၌နေရခြင်း၏ ကျေးဇူးမဲ့ပုံကို ပြောဆိုပါအံ့။

သူဌေးကြီး...အမှုကိစ္စတို့၌ လုံ့လမစိုက်ထုတ်သူအဖို့ ၎င်း၏အိမ်သည် မတည်တံ့နိုင်ပေ။ ပစ္စည်းဥစ္စာအတွက် မှသားမဆိုသောသူ၏ အိမ်သည်လည်း မတည်တံ့နိုင်။ သူတစ်ပါးတို့အား နှိပ်စက်ညှဉ်းဆဲခြင်းကို မပြုသူ၏အိမ်ကား မတည်တံ့နိုင်။ ဤသို့အပေါက်ရှိ၍ ဖြစ်နိုင်ခဲသော သဘောရှိသည့်အိမ်ကို အဘယ်သူသည် အုပ်စိုး၍ နေလိုမည်နည်း" ဟူ၍ အိမ်၌နေရခြင်း၏ ကျေးဇူးမဲ့ကို ပြောဆိုပြီးလျှင် ဥယျာဉ်သို့ ထွက်ခွာသွားလေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန်နှစ်ထွေသော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

www.burmeseclassic.com

www.burmeseclassic.com



"ရဟန်းတို့...

ထိုစဉ်အခါက ဗာရာဏသီသူဌေးသည် ယခုအခါ ရာဇမလ္လာမင်းဖြစ်လာ၏။ ထိုစဉ်အခါက ဝစ္ဆနခရသေ့သည် ယခုအခါ ငါဘုရားရှင် ဖြစ်လာ၏"


ဟူ၍ မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

# ၂၃၆။ ဗကဇာတ်



www.burmeseclassic.com

www.burmeseclassic.com

—

[၂၃၆]

## ဗကဇာတ်

သတ္တဝါ ဝေနေယျတို့အပေါ် မဟာကရုဏာတော် ကြီးမားလှစွာသော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် ရဟန်းတစ်ပါးသည် အံ့ဖွယ်သရဲအပြုအမူတို့ကို ပြုလုပ်ပြတတ်၏။

ထိုအခါ ရဟန်းတို့သည် ထိုရဟန်းကို ဘုရားရှင်ထံ ဆောင်ယူလာခဲ့ကြပြီး အကျိုးအကြောင်းကို လျှောက်ထားကြလေ၏။ ဤတွင် ဘုရားရှင်က–

"ရဟန်းတို့… ဤရဟန်းသည် ယခုအခါ၌သာလျှင် အံ့ဖွယ်သရဲတို့ကို လုပ်ပြသည်မဟုတ်သေး။ ရှေးအခါ၌လည်း အံ့ဖွယ်သူရဲတို့ကို လုပ်ပြခဲ့သည်သာတည်း"

ဟူ၍ မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်လေသတည်း။

* * *

လွန်လေပြီးသော ရှေးကာလ။

www.burmeseclassic.com

www.burmeseclassic.com



ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ဟိမဝန္တာရှိ အိုင်ကြီးတစ်အိုင်၌ ငါးမင်းသည် ငါးအပေါင်းများစွာ ခြံရံလျက် နေလေ၏။

ထိုအခါ ဗျိုင်းတစ်ကောင်သည် ငါးတို့ကို စားမည်ဟုကြံစည်ကာ အိုင်ကြီး၏ ကမ်းစပ်၌ ဦးခေါင်းကိုငုံ့၏။ အတောင်တို့ကို ဖြန့်၏။ ထို့နောက် လွန်စွာနူးညံ့သိမ်မွေ့ဟန်ဆောင်လျက် ငါးတို့ကိုကြည့်ရှုပြီးလျှင် ငါးတို့၏မေ့လျော့မှုကို စောင့်ဆိုင်းနေလေ၏။

ထိုအချိန်တွင် ငါးမင်းလည်း ငါးအပေါင်းခြံရံကာ လှည့်လည်လျက် အစာရှာဖွေ ကျက်စားသည်ရှိသော် ထိုဗျိုင်းရှိရာ အရပ်သို့ ရောက်လေ၏။ ငါးအပေါင်းတို့လည်း ဗျိုင်းကိုမြင်လေသော်–

"အချင်းတို့...ကြာဖြူအဆင်းနှင့်တူသည့် အတောင်ရှိသော ဤငှက်ကား ငြိမ်းချမ်းသောအတောင်တို့ဖြင့် ကောင်းလေစွတကား။ ၎င်းငှက်သည် နူးညံ့သိမ်မွေ့သောဟန်ဖြင့် စိုက်လျက်နေပေ၏"

ဟူ၍ ချီးကျူးကြကုန်၏။ ထိုအခါ ငါးမင်းလည်း ဗျိုင်းကို စေ့စပ်သေချာစွာ ကြည့်ရှုပြီးလျှင်–

"အချင်းတို့... သင်တို့ကား ထိုဗျိုင်း၏အကျင့်သီလကို မသိပါဘဲနှင့် ချီးမွမ်းကြကုန်၏။ ထိုဗျိုင်းကား ငါတို့ကို စောင့်ရှောက်နေသည် မဟုတ်။ ထို့ကြောင့် ငြိမ်ငြိမ်သက်သက် နေဘိ၏"

www.burmeseclassic.com

www.burmeseclassic.com



ဟု သေချာစွာ ရှင်လင်း ပြောဆိုလေသော် ငါးအပေါင်းတို့လည်း ရေတို့ကို နောက်ကျိစေအောင် လှုပ်ခတ်ပြီးနောက် ရေအောက်မှ ပြေးကြလေကုန်၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူ၍–

"ရဟန်းတို့…

ထိုစဉ်အခါက ဗျိုင်းသည် ယခုအခါ အံဖွယ်သရဲပြုလုပ်တတ်သော ရဟန်းဖြစ်လာပြီး ငါးမင်းသည်ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟုဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

# ၂၃၇။ သာကေတဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၂၃၇]

## သာကေတဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင်ဖြစ်တော်မူသော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် သာကေတပုဏ္ဏားကို အကြောင်းပြု၍ အတိတ်ဇာတ်ကို ဆောင်တော်မူလေ၏။

(ပစ္စုပ္ပန်ဝတ္ထု၊ အတိတ်ဝတ္ထုတို့ကို ကေကနိပါတ်၌ ဖော်ပြခဲ့ပြီး ဖြစ်ပါ၏)

မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူ၍ ကျောင်းဦးသို့ ကြွတော်မူသောအခါ ရဟန်းတို့က မေးမြန်းလျှောက်ထားကြလေ၏။

"အရှင်ဘုရား...လောက၌ ပုဂ္ဂိုလ်အချို့သည် ၎င်းတို့ကို မြင်ရုံမျှနှင့်ပင် နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



အလွန်ကြည်ညိုကြကုန်၏။ ထိုသို့ဖြစ်ရခြင်း၌ အကြောင်း မည်သို့ ရှိပါသနည်း"

ထိုသို့ ချစ်ခင်ကြည်ညိုခြင်း၏ အကြောင်းရင်းကို မေးမြန်း လျှောက်ထားသည် ရှိသော် ဘုရားရှင်က–

"ရဟန်းတို့...ကြာပန်းသည်လည်းကောင်း၊ အခြား ပန်းသည်လည်းကောင်း၊ ရေထဲ၌ ပွင့်သည်ရှိသော် ရေ၊ ညွှံဟူသည့် အကြောင်းနှစ်ပါးကို မှီလျက် ဖြစ်ရသကဲ့သို့ ထို့အတူ ချစ်ခြင်းဆိုရာ၌လည်း ရှေးဘဝ၌ အတူတကွနေဖူး ခြင်း၊ ယခုဘဝ၌ အကျိုးစီးပွား ဆောင်ရွက်ခြင်း စသည့် အကြောင်း နှစ်ပါးကိုမှီ၍ ချစ်ခင်ကြည်ညိုခြင်း ဖြစ်ရ၏"

ဤသို့လျှင် အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူ၍ မြတ်စွာဘုရားရှင်က သာဓကဆောင် ခဲ့ပြီး–

"ရဟန်းတို့...

ထိုအခါ ပုဏ္ဏား၊ ပုဏ္ဏေးမတို့သည် ယခုအခါ ပုဏ္ဏား၊ ပုဏ္ဏေးမတို့ ဖြစ်လာကြပြီး၊ သားသည်ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟူ၍ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

# ၂၃၈။ ဧကပဒဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၂၃၈]

# ကေပဒဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင် ဖြစ်တော်မူသော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစမွေယ်တော်မူစဉ် အဆိုပါ သာဝတ္ထိပြည်၌ သူကြွယ် တစ်ဦး ရှိလေ၏။

တစ်နေ့သ၌ အဆိုပါ သူကြွယ်၏ ရင်ခွင်၌နေသော သားငယ်က အကျိုးစီးပွားဖြစ်ခြင်း၏ အကြောင်းတရားကိုမိ သော ပြဿနာတစ်ရပ်အား မေးလေ၏။ ထိုအမေးကို သူကြွယ် အဖို့ ဖြေဆိုနိုင်ခြင်း မရှိပေ။ ထိုပြဿနာကား ဘုရားရှင်တို့သာ လျှင် ဖြေဆိုနိုင်စွမ်းရှိသည့် ပြဿနာဖြစ်လေရကား သူကြွယ် လည်း သားငယ်ကိုခေါ်ဆောင်ကာ ဇေတဝန်ကျောင်းတော်သို့ ရောက်ရှိသွားခဲ့လေ၏။ ဘုရားရှင်နှင့် တွေ့ဆုံသည်ရှိသော် ရိုကျိုး စွာ ရှိခိုးဦးတိုက်လျက်–

"အရှင်ဘုရား...တပည့်တော်၏ သားငယ်သည် တပည့်တော်၏ ရင်ခွင်၌နေလျက် အကျိုးစီးပွားဖြစ်ခြင်း၏

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတရားကို မှီသော ပြဿနာအား မေးပါ၏။ ထိုပြဿနာကို တပည့်တော်အနေနှင့် ဖြေရှင်းနိုင်စွမ်းမရှိ၍ အရှင်ဘုရားထံ ရောက်ရှိလာခဲ့ရခြင်း ဖြစ်ပါ၏။ ဖြေကြားပေးတော်မူပါ အရှင်ဘုရား"

ဟူ၍ လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်က

"ဒါယကာ ဤသူငယ်ကား ယခုအခါ၌ သာလျှင် အကျိုးစီးပွားကိုရှာသည်မဟုတ်။ ရှေးအခါကလည်း အကျိုးစီးပွားကို ရှာသည်ဖြစ်၍ ပညာရှိတို့ကို မေးခဲ့ဖူး၏။ ပညာရှိတို့ကလည်း ထိုသူငယ်အား ပြဿနာတို့ကို ဖြေဆိုခဲ့ဖူး၏။ သို့သော်လည်း ဘဝဖုံးလွှမ်းအပ်သည်အဖြစ်ကြောင့် မမှတ်မိပေ"

ဟု ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသော ရှေးကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ဗာရာဏသီရှိ သူဌေးကြီးတစ်ဦးထံတွင် သားတစ်ယောက်ရှိလေ၏။ ထိုသူဌေးကြီး၏သားငယ်သည် ဖခင်၏ ရင်ခွင်၌နေလျက်–

"ဖခင်...အကျိုးစီးပွား များရာများကြောင်းဖြစ်သော စကားလုံးဖြင့် အကျိုးစီးပွား များအောင်ပြုကုန်ပါအံ့။ သို့အတွက် အကျိုးစီးပွားများကြောင်းဖြစ်၍ အကျိုးစီးပွားအလုံးစုံကို သိမ်းကျုံးမိသော စကားလုံးအား အဘယ်နည်း။ ဖြေကြားပါလော့ ဖခင်"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလေ၏။ ထိုအခါ ဖခင် သူဌေးကြီးလည်း–

"ချစ်သား...အကျိုးစီးပွား များကြောင်းဖြစ်၍ အကျိုးစီးပွား အလုံးစုံကို သိမ်းကျုံးမိသော စကားလုံးကား (ဝီရိယ) ဖြစ်ပါ၏။ အကျိုးစီးပွား များစေခြင်း၌ လိမ္မာသောသူ၏ ဝီရိယကား အကျင့်သီလနှင့်လည်းကောင်း၊ သည်းခံခြင်းနှင့်လည်းကောင်း ပြည့်စုံမည်ဆိုပါက အဆွေခင်ပွန်းတို့ကို ချမ်းသာစေနိုင်၏။ ထို့အတူ ရန်သူတို့ကိုလည်း ဆင်းရဲစေနိုင်၏"

ဟူ၍ ဖြေကြားလေ၏။ သို့ဖြင့်ပင် သားငယ်လည်း ဖခင်ဖြေကြားအပ်သည်တို့ကို စွဲမြဲစွာ ဦးထိပ်ပန်ဆင်လျက် မိမိ၏အကျိုးစီးပွားကို ပွားများစေအောင် လုပ်ဆောင်နိုင်ခဲ့ပေ၏။ ဤဒေသနာတော်ကို နာကြားလိုက်ရသည့် သူကြွယ်သားအဖနှစ်ယောက်မှာလည်း သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်ကြကုန်၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူ၍–

"ဒါယကာ...

ထိုအခါက ပြဿနာမေးသော သားငယ်သည် ယခုအခါ ပြဿနာမေးသော သားငယ်ဖြစ်လာပြီး ထိုအခါက ဗာရာဏသီသူဌေးကား ယခုအခါတွင် ငါဘုရားရှင်ဖြစ်လာ၏"


ဟူ၍ မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

# ၂၃၉။ ဟရိတမဏ္ဍူကဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၂၃၉]

# ဟရိတမဏ္ဍူကဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့အား မဂ္ဂင်ဖောင်ဖြင့် နိဗ္ဗူကမ်းသောင်ရှိရာသို့ ပို့ဆောင်ပေးတော်မူသည့် မဟာကရုဏာရှင် ဗုဒ္ဓမြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ရွှေကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။

ဤကာလဝယ် ကောသလမင်း၏ ဖခမည်းတော်ဖြစ်သော မဟာကောသလမင်းသည် ဝေဒေဟီ အမည်ရှိ သမီးတော်အား ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီးအား ပေးအပ်သည်ရှိသော် ကသယ်မုန့်ဖိုးအလို့ငှာ ကာသိကရွာငယ်ကို ပေးလိုက်လေ၏၊ ဝေဒီဟီမိဖုရားသည် သားတော်အဇာတသတ်က ခမည်းတော် ဗိမ္ဗိသာရမင်းကြီးအား သတ်သဖြင့် ထိုစိတ်ဖြင့်ပင် စိတ်နှလုံးပူဆွေးကာ မကြာမြင့်မီမှာပင် ကံတော်ကုန်လေ၏။ ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com



အဇာတသတ်မင်းသည် မိခင်အားပေးခဲ့သော ကာသိကရွာငယ်အား စားမြိစားကာ အုပ်ချုပ်လေ၏။

ထိုအခါ ကောသလမင်းကြီးလည်း–

"ဖခင်အားသတ်သော မင်းဆိုး မင်းညစ် သူခိုးမင်းအား ငါ၏ဥစ္စာ ကာသိကရွာငယ်ကို ပြန်လည်ရယူအံ့"

ဟူ၍ အဇာတသတ်မင်းနှင့်တကွ စစ်ထိုးကြလေ၏။ ထိုသို့ တူဝရီးတို့ စစ်ထိုးကြသောအခါ ရံဖန်ရံခါ၌ ကောသလမင်းသားက နိုင်၏။ ရံဖန်ရံခါ၌မူ အဇာတသတ်မင်းသားက နိုင်၏။ အဇာတသတ်မင်းသည် ရထားကို တံခွန်စိုက်၍ အခြံအရံများစွာနှင့် မြို့တွင်းသို့ ဝင်၏။ ရှုံးသည်ရှိသော် နှလုံးမသာမယာဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မသိစေဘဲ မြို့တွင်းသို့ ဝင်လေ၏။ တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ဆုံမိကြခိုက်–

"ငါ့ရှင်တို့...အဇာတသတ်မင်းကား ဦးရီးတော်နှင့် စစ်ထိုးကြရာ၌ နိုင်သောအခါ နှစ်သက်ဝမ်းသာ၍ ရှုံးသောအခါ နှလုံးမသာမယာဖြစ်လေ၏"

ဟူ၍ စကားစမြည် ပြောဆိုကြလေ၏။ ထိုအခါ မြတ်စွာဘုရားရှင် ကြွလာပြီး ထိုအကြောင်းကို ဘုရားရှင် သိတော်မူလေသော်–

"ချစ်သားတို့...

အဇာတသတ်မင်းသားသည် ယခုအခါ၌သာလျှင် နိုင်သောအခါ နှစ်သက်ဝမ်းမြောက်၍ ရှုံးသောအခါ၌ နှလုံးမသာမယာ ဖြစ်လေသည်မဟုတ်သေး။ ရှေးအခါ၌လည်း ဖြစ်ခဲ့ဖူးသည်သာ"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသော ရှေးကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ဖားညိုတစ်ကောင် ရှိလေ၏။ ထိုအခါကာလက လူတို့သည် ငါးဖမ်းလိုသော အခါတွင် မြစ်ချောင်း စသည်တို့၌ မြှုံးတို့ကို ထောင်ကြကုန်၏။ တစ်နေ့သော် လူတို့ထောင်သော မြှုံးတစ်ခု အတွင်းသို့ ငါးတို့ဝင်ကြကုန်၏။

ဤတွင် ရေမြွေတစ်ကောင်သည် ငါးတို့ကိုစားလိုသည့်အတွက် ငါးတို့ဝင်သော မြှုံးအတွင်းသို့ ဝင်လေ၏။ ဤတွင် ငါးတို့သည် အချင်းချင်း အညီအညွတ် သွေးစည်းကြကုန်လျက် မြှုံးအတွင်းသို့ဝင်လာသော ရေမြွေအား ဝိုင်းဝန်းကိုက်ခဲကြရာ ရေမြွေလည်း သွေးချင်းချင်း နီလေ၏။ ထိုအခါ ရေမြွေသည် ကိုးကွယ်ရာမရသဖြင့် သေဘေးမှ ကြောက်ရွံ့သည့်အတွက် မြှုံးအပေါက်မှ တိုးထွက်ကာ ကြီးစွာသော ဝေဒနာကို ခံစားရင်း ရေအိုင်အစပ်၌ အိပ်စက်လေ၏။

ထိုခဏ၌ ဖားညိုသည် ခုန်၍ မြှုံးထိပ်သို့တက်ကာ ဝပ်လေ၏။ ဤတွင် ရေမြွေလည်း ၎င်းခံစားခဲ့ရသော ဒုက္ခအပေါင်းအတွက် အဆုံးအဖြတ်ပေးမည့်သူကို မတွေ့မမြင်ဘဲ ရှိလေရာ မြှုံးထိပ်ဝ၌ ဝပ်နေသော ဖားညိုကိုမြင်သည်ရှိသော် ဝမ်းသာအားရဖြင့်–

www.burmeseclassic.com

www.burmeseclassic.com



"အဆွေ- ဖားညို ငါသည် မြှုံးထဲသို့ မမျှော်လင့်ဘဲ ဝင်ရောက်ခဲ့ပါ၏။ ထိုအခါတွင် မြှုံးအတွင်းရှိ ငါးအပေါင်းတို့သည် ငါ့အား ဝိုင်းဝန်းကိုက်ခဲကြပါ၏။ ထိုအဖြစ်ကို အဆွေဖားညို နှစ်သက်ပါ၏လော"

ဟု မေးလေ၏။ ထိုအခါ ဖားညိုက ရေမြွေအား-

"အချင်း...ရေမြွေ၊ ထိုအဖြစ်ကို ငါသည်နှစ်သက်၏။ အဘယ်ကြောင့်ဆိုသော် သင်သည် သင့်နေရာသို့လာသော ငါးတို့ကို စားဘိ၏။ ငါးတို့မှာလည်း သူတို့နေရာသို့လာသော သင့်အား ကိုက်ခဲကြ၏။ မိမိနေရာအရပ်၌ အားမရှိသော သူဟူ၍ မရှိ၊ ထို့ကြောင့် ငါနှစ်သက်၏။

အချင်း...ရေမြွေ လောက၌ တစ်စုံတစ်ယောက်သော သူသည် မိမိအစိုးရသောအခါ အစိုးရနေသမျှ ကာလပတ်လုံး သူတစ်ပါးတို့အား လုယက်ဖျက်ဆီးစမြဲဖြစ်၏။ တစ်ဖန် သူတစ်ပါးတို့ အစိုးရပြန်သောအခါ၌လည်း အစိုးရနေသမျှ ကာလပတ်လုံး ထိုသူကို လုယက်ဖျက်ဆီးကြစမြဲဖြစ်၏။ ထို့အတွက် ဖျက်ဆီးတတ်သူမှာ တစ်ဖန်ပျက်စီးခြင်းသို့ ရောက်ရစမြဲဖြစ်၏။

ဟူ၍ ဆုံးဖြတ်လေသည်ရှိသော် ရေမြွေ၏အင်အားနည်းသည့် အဖြစ်ကို သိရှိလေသည့်အတွက် ငါးတို့သည် မြှုံးမှထွက်၍ ရေမြွေအား ဝိုင်းအုံကိုက်ခဲကြလေရာ ရေမြွေလည်း ထိုနေရာမှာပင် အသက်ကုန်ဆုံးခြင်းသို့ ရောက်ရလေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်

www.burmeseclassic.com



သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူ၍–

"ရဟန်းတို့...

ထိုစဉ်အခါက ရေမြွေသည် အဇာတသတ်မင်း ဖြစ်လာ၏။ ထိုစဉ်အခါက ဖားညိုကြား ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုကာ ဇာတ်တော်ကို ပေါင်းလေသတည်း။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

# ၂၄၀။ မဟာပိင်္ဂလဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၂၄၀]

# မဟာပိင်္ဂလဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင် ဖြစ်တော်မူသော သုံးလောကထွတ်ထား ရှင်တော်မြတ်စွာဘုရားရှင်သည် သာဝတ္ထိ ပြည် ဇေတဝန်ရွှေကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်က ဖြစ်၏။

ဒေဝဒတ်သည် မြတ်စွာဘုရားရှင်အား ရန်ငြိုးဖွဲ့ပြီး လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းခဲ့၏။ သို့ရာတွင် မအောင်မြင်ခဲ့။ သို့ဖြင့် ကိုးလလွန်မြောက်သောအခါ ဘုရားရှင်အား ဝန်ချတောင်းပန်ရန်အသွား ဇေတဝန်ကျောင်းတော် မုခ်တံခါးဝအနီး အရောက် မှာပင် မြေမျိုခံရလေတော့၏။

ထိုအခါ ဇေတဝန်ကျောင်းတော်၌ နေကြသော သူတို့သည် လည်းကောင်း၊ တိုင်းပြည်အလုံး၌ နေထိုင်ကြသောသူတို့သည်

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ မြတ်စွာဘုရားရှင်၏ ရန်ဆူးရန်ငြောင့်ဖြစ်သော ဒေဝဒတ်မြေမျို၍-

"ယခုအခါ၌ မြတ်စွာဘုရားရှင်အား ရန်ဆူးရန်ငြောင့်တို့ မရှိတော့ပြီ"

ဟူ၍ နှစ်သက်ဝမ်းမြောက်ကြကုန်၏။ လူတို့ထံမှ သတင်းစကား အဆင့်ဆင့် ကြားရကုန်သော ဇမ္ဗူဒိပ်ကျွန်းရှိ နတ်တို့သည်လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြကုန်၏။

တစ်နေ့သ၌ တရားသဘင်၌ ရဟန်းအပေါင်းတို့ စုစည်းမိကြခိုက် ဒေဝဒတ်သေ၍ လူအပေါင်းတို့ နှစ်သက်ဝမ်းမြောက်နေကြောင်းကို စကားစပ်မိသဖြင့် ပြောဆိုနေကြလေရာ ဘုရားရှင် ကြားတော်မူသည့် သကာလ

"ရဟန်းတို့...ယခုအခါ၌သာ ဒေဝဒတ်သေသည်ရှိသော် လူများနှစ်သက် ဝမ်းမြောက်ကြသည်မဟုတ်။ ရှေးအခါ၌လည်း နှစ်သက်ဝမ်းမြောက်ခဲ့ဖူးကြလေပြီ"

* * *

လွန်လေပြီးသော ရှေးကာလ။

ဗာရာဏသီပြည်၌ မဟာပိင်္ဂလအမည်ရှိမင်းသည် မင်းပြုလေ၏။ ထိုမင်းသည် မင်းကျင့်တရားဆယ်ပါးနှင့် ညီသူမဟုတ်ပေ။ ဆန္ဒာဂတိစသော အဂတိတရားလေးပါးတို့ကို လေ့လာလိုက်စား၏။ တိုင်းသူပြည်သားအပေါင်းအား မတရားသဖြင့် အပြစ်ဒဏ်ပေးခြင်း၊ မတရားသဖြင့် အခွန်အတုပ်တို့ကို ကောက်ခံခြင်း စသည်တို့ကို ပြုလုပ်ကာ ပြည်သူပြည်သားအပေါင်းတို့

www.burmeseclassic.com

www.burmeseclassic.com



အား နိပ်စက်ညှဉ်းပန်း၏။ ရန့်ရင်းကြမ်းကြုတ်၏။ နိုင်ထက်ကလူ ပြုမူတတ်၏။ အနည်းငယ်မျှပင် ကြင်နာသနားခြင်းမရှိ။

ထိုအခါ အိမ်၌နေသော မယား၊ သား၊ သမီး၊ ကျေးကျွန်အမှုလုပ်တို့သည် လည်းကောင်း၊ တိုင်းပြည်၌ နေကုန်သော သူဌေး၊ သူကြွယ်၊ အမတ်၊ ပုဏ္ဏား စသူတို့သည်လည်းကောင်း ချစ်ခင်နှစ်သက်ခြင်း မရှိကြပေ။ မဟာပိင်္ဂလမင်းအပေါ်၌ မျက်စိထဲဝင်သော အမှိုက်ကဲ့သို့လည်းကောင်း၊ အစာစားရာ၌ ရောနှောပါလာသော ဆူးညှောင့်ကဲ့သို့လည်းကောင်း မှတ်ထင်အောက်မေ့ကြကုန်၏။ ထိုပိင်္ဂလမင်း၌ သားတော်တစ်ပါး ရှိလေ၏။

ပြည်သူလူထု မနှစ်သက်သော ပိင်္ဂလမင်းကြီးသည် ကာလကြာမြင့်စွာ မင်းပြုပြီးလေသော် သေလွန်ခဲ့၏။ ထိုအခါတွင်ဗာရာဏသီ ပြည်သူပြည်သားအပေါင်းမှာ လွန်စွာမှ နှစ်သက်ဝမ်းမြောက်ကြကုန်၏။ အချို့ဆိုလျှင် လက်ခုပ်လက်ဝါးတီး၍ပင် ကခုန်ရယ်မောကြကုန်၏။ ပိင်္ဂလမင်းကြီး၏ အလောင်းကိုလှည်းအစီးရေ တစ်ထောင်တိုက်မျှသော ထင်းတို့ဖြင့် သင်္ဂြိုဟ်ပြီး ရေအိုးတစ်ထောင်ဖြင့် မီးကို ငြိမ်းသတ်ကြကုန်၏။

သင်္ဂြိုဟ်ခြင်းကိစ္စ ပြီးစီးလေသော် ပြည်သူပြည်သားတို့သည် ပိင်္ဂလမင်းကြီး၏သားတော်ကို ဘိသိက်သွန်းလောင်းကာ မင်းမြှောက်ကြကုန်၏။ တရားစောင့်သော မင်းကောင်း မင်းမြတ်ရလေပြီဟူ၍ နှစ်သက်ရွှင်လန်းကြကာ တစ်မြို့လုံးကို စည်လည်စေ၏။ မြို့ကို တန်ဆာဆင်ကာ အောင်ပွဲခံကြကုန်၏။ တံခါးအသီးသီး၌ မဏ္ဍပ်တို့ဆောက်လုပ်ကာ တံခွန်၊ ကုက္ကားတို့ကို

www.burmeseclassic.com

www.burmeseclassic.com



စိုက်ထောင်ကြလျက် ပန်းပေါက်ပေါက်တို့ ကြဲကုန်၏။ ထမင်း အဖျော်၊ မုန့်ခဲဘွယ်တို့ကို စတုဒီသာ ကျွေးမွေးကြကုန်၏။

မင်းကြီးလည်း နန်းတော်တစ်ခုလုံးကို တန်ဆာဆင်လျက် ထီးဖြူဖြန့်မိုးထားသော ရာဇပလ္လင်ထက်တွင် မင်းစည်းစိမ်ကို ခံစားလေ၏။ အမတ်၊ ပုဏ္ဏား၊ သူဌေး၊ သူကြွယ်၊ မင်းချင်း ယောကျာ်း တံခါးစောင့်မှစ၍ တိုင်းသူပြည်သား အပေါင်းတို့ သည်လည်း မင်းကြီးအား ခြံရံခစားကြကုန်၏။ တစ်နေ့သ၌ မင်းကြီးနှင့် မနီးမဝေးရှိ တံခါးစောင့်တစ်ယောက်သည် သက် ပြင်းချလျက် သည်းထန်စွာ ငိုကြွေးလေ၏။ မင်းကြီးလည်း တံခါးစောင့်အား ခေါ်ယူစေပြီး–

"အို...တံခါးစောင့် ငါ၏ဖခင် ပိင်္ဂလမင်းက ပြည်သူ ပြည်သားတို့ကို ညှဉ်းပမ်းနှိပ်စက်ခဲ့၏။ ၎င်းသေလွန်သည် ရှိသော် တစ်တိုင်းတစ်ပြည်လုံးက နှစ်လိုဝမ်းမြောက်ရှိကြ ပါသော်လည်း သင်ကား ငိုကြွေး၏။ သို့ဆိုက သင်သည် ပိင်္ဂလမင်းကို ချစ်ခင်၍ပေလော"

"အရှင်မင်းကြီး...အကျွန်ုပ်သည် သွားလေသူ ပိင်္ဂလ မင်းကြီးအား ချစ်ခင်၍ ငိုကြွေးခြင်းမဟုတ်ပါ။ ထို ပိင်္ဂလ မင်းကြီးကား ပြာသာဒ်မှ ဆင်းလေတိုင်း၊ ဆင်းလေတိုင်း အကျွန်ုပ်၏ ဦးခေါင်းအား ရှစ်ချက်၊ ရှစ်ချက် ရိုက်နှက်သွား လေ့ရှိပါ၏။ ယခုမူ ကျွန်ုပ်၏ဦးခေါင်းမှာ အရိုက်မခံရတော့ ပါ။

အကယ်စင်စစ် အကျွန်ုပ် ငိုကြွေးရခြင်းမှာ ပိင်္ဂလ

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးသည် ငရဲပြည်၌ ငရဲထိန်းတို့အား သတ်ပုတ်ညှဉ်းဆဲသည်ရှိသော် ထိုငရဲထိန်းတို့က မင်းကြီးအား ဤအရပ်သို့ ပြန်ပို့မည်ကို စိုးရိမ်သဖြင့် ငိုကြွေးရခြင်း ဖြစ်ပါ၏”

ဟူ၍ လျှောက်ထားလေ၏။ ထိုအခါ မင်းကြီးက–

“အို...တံခါးစောင့် ပိင်္ဂလမင်းကြီးအား သင်္ချိုင်းမြေ၌ ဖုတ်ကျည်းသင်္ဂြိုဟ်ပြီးခဲ့လေပြီ။ ၎င်းသည် ပြန်မလာနိုင်တော့။ သည့်အတွက် ကြောက်စရာမရှိ။ သေသောသူသည် ပြန်လာရိုးမရှိ”

ဟူ၍ တံခါးစောင့်အား စိတ်သက်သာရာရအောင် နှစ်သိမ့်လေ၏။ မင်းကြီးနှင့်တကွ ပြည်သူပြည်သားအပေါင်းတို့လည်း ဒါန၊ သီလ၊ ဘာဝနာ၊ ကုသိုလ်ကောင်းမှုများပြုသည် ဖြစ်ကြ၍ သေလွန်သော် ကောင်းရာသုဂတိသို့ လားရောက်ကြကုန်၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူ၍–

“ရဟန်းတို့...

ထိုအခါက ပိင်္ဂလမင်းကြီးသည် ယခုအခါ ဒေဝဒတ် ဖြစ်လာပြီး မင်းကြီး၏ သားတော်ကား ငါ ဘုရားရှင် ဖြစ်လာ၏”


ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

# ၂၄၁။ သဗ္ဗဒါဌဇာတ်



www.burmeseclassic.com

www.burmeseclassic.com

# သိင်္ဂါလဝတ်

## [၂၄၁]

## သဗ္ဗဒါဠိဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့အပေါ် တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူသော ဗုဒ္ဓဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ စမွယ်သီတင်းသုံးစဉ်က ဖြစ်လေ၏။

ဤကာလဝယ် ဒေဝဒတ်သည် အဇာတသတ်မင်းအား လောကီစျာန်တန်ခိုးဖြင့် ကြည်ညိုမှုကို ရယူကာ လာဘ်လာဘ တိုးပွားအောင် ကြံဆောင်ခဲ့၏။ သို့ရာတွင် ရေရှည်အားဖြင့် မတည်တံ့ခဲ့။ လာဘ်လာဘတို့ ဆုတ်ယုတ်ခဲ့ရ၏။ တစ်ဖန် နာဠာဂီရိဆင်အား အရက်ကိုးမောင်းတိုက်၍ ဘုရားရှင်ကို နင်း

www.burmeseclassic.com

www.burmeseclassic.com



သတ်စေ၏။ သို့ရာတွင် ဘုရားရှင်၏ တန်ခိုးပြာဋိဟာကြောင့် နာဠာဂိရိမှာ ဦးကျိုးသွားရလေ၏။ ဤတွင်လည်း ဒေဝဒတ်အဖို့ လာဘ်လာဘ ကွယ်ပျောက်ရလေ၏။

တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ စုဝေးမိကြ ခိုက် ဒေဝဒတ်၏ လာဘသက္ကာရ ကွယ်ပျောက်ရသည့် အကြောင်းကို စကားစပ်၍ ပြောဆိုနေကြလေ၏။ ဤတွင် ဘုရားရှင် ကြွရောက်တော်မူလာပြီး ရဟန်းတို့ပြောဆိုနေကြသည့် အကြောင်း ခြင်းရာကို သိလေသော်–

"ရဟန်းတို့... ဒေဝဒတ်သည် ယခုအခါ၌သာလျှင် မိမိ၏ဖြစ်လာသော လာဘသက္ကာရကို ကွယ်ပျောက်စေ သည် မဟုတ်သေး။ ရှေးအခါ၌လည်း ကွယ်ပျောက်ဖူးလေ ပြီ"

ဟုဆိုကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသော ရှေးကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် ထို မင်း၌ ပုရောဟိတ်ပုဏ္ဏားတစ်ဦး ရှိလေ၏။ ထို ပုရောဟိတ် ပုဏ္ဏားသည် ဗေဒင်သုံးပုံတို့၌လည်းကောင်း၊ အဋ္ဌာရသတစ်ဆယ့် ရှစ်ရပ်တို့ကိုလည်းကောင်း တစ်ဖက်ကမ်းခတ် တတ်မြောက်၏။ အထူးသဖြင့် ရွတ်ဆိုကာမျှဖြင့် မြေပြင်၌ ရန်အပေါင်းကို အောင် မြင်စေနိုင်သော ပထဝီဇယမန္တရားကို တတ်မြောက်လေ၏။

တစ်နေ့သ၌ ပုရောဟိတ်ပုဏ္ဏားသည် ထို ပထဝီဇယမန္တရား

www.burmeseclassic.com

www.burmeseclassic.com



ကို သရဏ္ဍာယ်ရန် ဆိတ်ငြိမ်ရာ ဒေသတစ်ခုသို့ သွားလျက် ကျောက်ဖျာတစ်ချပ်ပေါ်တွင် သရဏ္ဍာယ်လေ၏။ ထိုသို့ ရွတ်ဖတ် သရဏ္ဍာယ်နေစဉ် မြေခွေးတစ်ကောင်သည် တွင်းတစ်တွင်း၌ ဝပ်လျက် နားထောင်မှတ်သား သင်ယူနေလေ၏။ (ထိုမြေခွေးကား လွန်လေခဲ့ပြီးသော ဘဝများစွာအနက် ဘဝတစ်ခု၌ ပထဝီဇယမန္တရားကို တတ်မြောက်သော ပုဏ္ဏားဖြစ်ခဲ့ဖူး၏)

ပုရောဟိတ်ပုဏ္ဏားလည်း ရွတ်ဖတ်သရဏ္ဍာယ်ပြီးလေသော် ကျောက်ဖျာထက်မှထ၍–

"ငါကား...ဤ ပထဝီဇယမန္တရားအား နှုတ်တက်ရ ပေသေး၏။"

ဟု ဆိုလေ၏။ ဤတွင် မြေခွေးလည်း တွင်းဝမှထွက်၍–

"အို...ပုဏ္ဏား ဤမန္တရားကို သင်သည်သာလျှင် နှုတ် တက် ရသည်မဟုတ်။ ငါလည်း နှုတ်တက်ရပေ၏"

ဟု ပြောဆိုကာ ပြေးလေတော့၏။ ပုရောဟိတ်လည်း–

"ဤမြေခွေးကား အကုသိုလ်များစွာကို လုပ်ပေရော့ မည်။ ၎င်းကို ဖမ်းနိုင်မှ တော်ပေရော့မည်"

ဟု ဆိုကာ လိုက်၍ဖမ်းလေ၏။ သို့ရာတွင် မမိပေ။ မြေခွေးလည်း တောအုပ်အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွား လေ၏။

ထို့နောက် မြေခွေးလည်း ပထဝီဇယမန္တရားကို မန်းမှုတ်လေ ၏။ ထိုအခါတွင် တောတွင်း၌ ကျင်လည်ကျက်စားကြကုန် သော ဆင်၊ မြင်း၊ ခြင်္သေ့၊ သစ်၊ ကျား၊ ဝက်ဝံ၊ သမင် အစရှိ

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် အခြေလေးချောင်းရှိသော သတ္တဝါအပေါင်းတို့သည် ၎င်းအား ခြံရံခစားကြကုန်၏။ ဤတွင် မြေခွေးလည်း "သဗ္ဗဒါဌ္ဌ" ဟူသော အမည်ဖြင့် မင်းအဖြစ် ခံယူကာ မြေခွေးမတစ်ကောင်ကို ဆောင်ယူ၍ မိဖုရားကြီးအရာ ထားလေ၏။ ထိုသဗ္ဗဒါဌ္ဌ မြေခွေးသည် ဆင်နှစ်စီးပေါ် ခြင်္သေ့ကို စီးစေလျက် ခြင်္သေ့အပေါ်၌ မြေခွေးမနှင့်ယှဉ်တွဲကာ စီးနင်းသွားလာလေ၏။ သဗ္ဗဒါဌ္ဌ မြေခွေးလည်း အခြွေအရံအင်အား များပြားမှုအပေါ်တွင် မာန်တက်ကာ ဗာရာဏသီပြည်ကို စစ်ထိုးရန် ကြံစည်လေ၏။ သဗ္ဗဒါဌ္ဌ၏ အခြေလေးချောင်းရှိသော စစ်သည်အင်အားမှာ တစ်ဆယ့်နှစ်ယူဇနာ ရှိလေ၏။ သည့်အတွက် ဗာရာဏသီ မင်းကြီးထံသို့–

"တိုင်းပြည်ကို ပေးမည်လော၊ စစ်ကို ထိုးမည်လော"

ဟူ၍ ရာဇသံပေးလေ၏။ ဗာရာဏသီ မြို့သူမြို့သားအပေါင်းမှာလည်း ထိတ်လန့်တုန်လှုပ်ကြောက်ရွံ့ကာ မြို့တံခါးကို အလုံပိတ်၍ နေကြလေ၏။ ထိုအခါ ပုရောဟိတ်ပုဏ္ဏားလည်း ဗာရာဏသီ မင်းကြီးထံသွား၍–

"အရှင်မင်းကြီး... ဤကိစ္စအတွက် စိုးရိမ်တော်မမူပါနှင့်။ မြေခွေးကို စစ်ထိုးနိုင်သူမှာ အကျွန်ုပ်မှတစ်ပါး အခြားသူမရှိပါ"

ဟု ပြောဆိုလျှောက်ထားပြီး မင်းကြီးနှင့်တကွ မြို့သူမြို့သားအပေါင်းအား နှစ်သိမ့်မှုကို ပေးလေ၏။ ထို့နောက် မြေခွေး၏ အခြေအနေအား အကဲခတ် စုံစမ်းရန်အတွက် မြို့ကိုဝိုင်းရံထားသော ခေါင်းဆောင်မြေခွေးကို မျှော်စင်ပေါ်မှ မေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အသင်...မြေခွေး၊ အသင်သည် မည်သည့်နည်းဗျူဟာဖြင့် ဗာရာဏသီအား စစ်ထိုးမည်နည်း"

"အသင်ပုဏ္ဏား... ခြင်္သေ့တို့ကို ဟောက်စေ၍ လူတို့ကို ထိတ်လန့်စေပြီး...ဗာရာဏသီအား သိမ်းပိုက်အံ့"

ပုရောဟိတ်ပုဏ္ဏားလည်း အကြောင်းစုံကို သိလေသော် မျှော်စင်ပေါ်မှဆင်း၍ ဗာရာဏသီတစ်မြို့လုံးအား–

"ယနေ့မှစ၍ မြို့သူမြို့သားအပေါင်း မည်သည့်အသံမျှ မကြားရလေအောင် ပဲကြီးမုန့်ညက်တို့ဖြင့် နားပေါက်တို့ကို ပိတ်ဆို့ထားကြလော့"

ဟူ၍ မောင်းကြေးနန်းခတ်ခြင်း၊ စည်လည်စေခြင်းတို့ကို ပြုလုပ်စေ၏။ လူအပေါင်းတို့လည်း သူတို့သာမက အိမ်မွေးတိရစ္ဆာန်များကိုပါ ပဲကြီးမုန့်ညက်တို့ဖြင့် နားအစုံကို ပိတ်ဆို့စေ၏။ ထိုကဲ့သို့ စနစ်တကျ လုပ်ဆောင်ပြီးလေသော် မျှော်စင်ရှိရာသို့ ပြန်သွားကာ မျှော်စင်ပေါ်တက်လျက်–

"အချင်း...မြေခွေး သဗ္ဗဒါဌ္ဌိ သင်သည် ငါတို့ ဗာရာဏသီအား မည်သို့ စစ်ထိုးမည်နည်း"

"အသင်ပုဏ္ဏား... ငါ၏ခြင်္သေ့တို့ကို ဟောက်စေ၍ ဗာရာဏသီကို သိမ်းယူအံ့"

"အချင်း...မြေခွေး သင့်စကားကို ငါမယုံ။ သင့်ထက် အမျိုးမြတ်လှသော ကေသရာဇာခြင်္သေ့တို့သည် သင်ကဲ့သို့ ယုတ်ညံ့သောသူ၏ စကားကို နာခံပါမည်လော"

ပုရောဟိတ်ပုဏ္ဏားလည်း မြေခွေးအား မခံချင်အောင် နှိုးဆွပေးလေ၏။ ဤတွင် မြေခွေးလည်း ဒေါသဖြစ်လာပြီး–

www.burmeseclassic.com

www.burmeseclassic.com



"အသင်ပုဏ္ဏား…အခြားအခြားသော ခြသေ့်တို့ကို အသာထား၊ ယခု ငါစီးနင်းလျက်ရှိသည့် ခြသေ့်ကိုပင် ချက်ချင်း ဟောက်ခိုင်းအံ့"

ဟုဆိုကာ ၎င်းစီးနင်းနေသည့် ခြသေ့်အား ခြေဖြင့် နှိုးဆွပြီးအဟောက်ခိုင်းလေ၏။ ခြသေ့်မင်းလည်း သဗ္ဗဒါဌ်မြေခွေးအား မျက်နှာကိုမော့ကြည့်လျက် သုံးကြိမ်တိုင်တိုင် တားမြစ်ပါသော်လည်း မရသည့်အဆုံး၌ ဟောက်သံကို ပြုလေ၏။ ထိုအခါ ခြသေ့်၏ ဟောက်သံကိုကြား၍ ဆင်တို့သည် ကြောက်ရွံ့ထိတ်လန့်ကာ ပြေးလေသည်ရှိသော် သဗ္ဗဒါဌ်မြေခွေးလည်း ဆင်ပေါ်မှ ပြုတ်ကျလေ၏။ ဤတွင် ဆင်တို့တက်နင်းသဖြင့် နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးလေ၏။ ဆင်တို့ပြေးလေသော် အခြားအခြားသော သတ္တဝါတို့လည်း ကြောက်လန့်တကြား ပြေးလွှားကြကာ တစ်ကောင်နှင့်တစ်ကောင် တွန်းမိ၊ တိုက်မိ၊ နင်းမိကြပြီး သေကြေပျက်စီးကြကုန်၏။ ဗာရာဏသီ မြို့ပြင်၌ သတ္တဝါ အသေတို့မှာ ပြည့်နှက်နေကြလေတော့၏။

ထိုအခါ ပုရောဟိတ်ပုဏ္ဏားလည်း မျှော်စင်မှ ဆင်းသက်၍ နားတွင်ပိတ်ဆို့ထားသော ပဲကြီးမုန့်ညက်တို့ကို ဖယ်ရှားကာ မြို့သူမြို့သားတို့ကိုလည်း ဖယ်ရှားစေ၏။ ထို့နောက် မြို့တံခါးကို ဖွင့်စေ၍ သေကြေလျက်ရှိကြသော သားကောင်တို့မှ အသားကောင်းတို့ကို ယူစေ၏။ သေကြေသော သားကောင်တို့မှာ များပြားလေရကား ရက်ရှည်လများ ထားသို၍ လိုသည့်အခါ စားနိုင်ရန် အသားတို့ကို မြှောင်းလျက် အခြောက်လှန်းစေ၏။ ကျပ်တင်စေ၏။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားရှင်သည် အတိတ်ဖြစ်စဉ် ဒေသနာတော်ကို ဆောင်တော်မူပြီးသည့်နောက်–

"ရဟန်းတို့...သဗ္ဗဒါဌ မြေခွေးသည် မြတ်သောမင်း ဖြစ်၍ မြောက်များလှစွာသော စည်းစိမ်ဥစ္စာ အခြံအရံတို့ ကို ရရှိထားပါလျက် မာနတရားထောင်လွှားကာ ရရှိပြီး စည်းစိမ်ဥစ္စာ အခြံအရံတို့ထက် ပိုမိုအလိုရှိသည့်အတွက် ပျက်စီးခြင်းသို့ ရောက်ရလေ၏"

ဟု ဆိုကာ ရဟန်းတို့အား ဟောကြား ဆုံးမတော်မူလေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်သည် အတိတ်၊ ပစ္စုပ္ပန် နှစ်တန် သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူ၍–

"ရဟန်းတို့...

ထိုအခါက သဗ္ဗဒါဌမြေခွေးသည် ယခုအခါ ဒေဝဒတ် ဖြစ်လာ၏။ ထိုအခါက ဗာရာဏသီမင်းသည် ရှင်သာရိ ပုတ္တရာ ဖြစ်လာပြီး ပုရောဟိတ် ပုဏ္ဏားသည်ကား ငါဘုရား ရှင် ဖြစ်လာ၏"

ဟု မိန့်တော်မူကာ ဇာတ်ကို ပေါင်းလေသတည်း။

□□□

www.burmeseclassic.com

www.burmeseclassic.com

# ၂၄၂။ သုနခဇာတ်



www.burmeseclassic.com

www.burmeseclassic.com

# [၂၄၂]

# သုနခဇာတ်

လူ၊ နတ်၊ ဗြဟ္မာ အပေါင်းတို့အား အပါယ်တံခါးပိတ်စေလျက် နိဗ္ဗာန်တံခါးကို ဖွင့်ပေးတော်မူတတ်သော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်က ဖြစ်၏။

တောရွာတစ်ရွာရှိ ဇရပ်တစ်ဆောင်၌ ရေထမ်းသမားတို့သည် ခွေးပေါက်ကလေးတစ်ကောင်အား အစာကျွေး၍ မွေးမြူထားကြလေ၏။ ကာလအတန်ငယ်ကြာသော် ထိုခွေးသည် အရွယ်ရောက်လာပြီး ဆူဝေ ဝဖြိုးနေလေ၏။

တစ်နေ့သ၌ ရွာနေယောကျ်ားတို့သည် ထိုဇရပ်သို့ ရောက်ရှိလာရာ ထွားကျိုင်းဝဖြိုးသော ခွေးကိုမြင်တွေ့သွားကြပြီးသကာလ အလိုရှိသွားကြလေ၏။ သည့်အတွက် ရေထမ်းသမားတို့အား အပေါ်ရုံပုဆိုးနှင့် အသပြာအတန်အသင့်တိုးပေးကာ ထိုခွေးအား

www.burmeseclassic.com

www.burmeseclassic.com



ကြိုးဖြင့်ချည်၍ ဆွဲခေါ်သွားကြလေ၏။ ထိုခွေးလည်း တွန့်ဆုတ်ရန်းကန်ခြင်းမရှိဘဲ ကျွေးသောအစာကိုစား၍ အသာတကြည်ပင် ခေါ်ရာနောက်သို့ လိုက်သွားလေတော့၏။

ရှာသားတို့သည် ဤခွေးကား ငါတို့နှင့် အကျွမ်းတဝင် ရှိလေပြီတကားဟူ၍ မှတ်ထင်ယုံကြည်သည့် သကာလ ခွေး၏ လယ်၌ ချည်ထားသော ကြိုးကို ဖြည်ပေးလိုက်လေ၏။ ကြိုးပြေသည်ရှိသော် ခွေးလည်း နေရာမှ တစ်ဟုန်ထိုးပြေးလွှားကာ ငှင်းနေခဲ့သော ဇရပ်ဆောင်ရှိရာသို့ ပြန်လေ၏။

ရဟန်းတို့လည်း ဇရပ်၌ ထိုခွေးကို မြင်တွေ့ကြသည့်အခါ ထိုခွေး၏ ပြုလုပ်ခဲ့ပုံအခြင်းအရာကို သိရှိသွားပြီး ညချမ်းအချိန် တရားသဘင်၌ ဆုံမိကြသည့်အခါ ထိုခွေးအကြောင်းကို ပြောဆိုနေမိကြလေ၏။ ထိုအချိန်တွင် ဘုရားရှင် ကြွတော်မူလာပြီး ရဟန်းတို့အား မေးသည်ရှိသော် ရဟန်းတို့လည်း ဇရပ်ဆောင်မှ ခွေးအကြောင်းကို ပြောဆိုလျှောက်ထားကြလေ၏။ ထိုအခါ ဘုရားရှင်က–

> "ရဟန်းတို့...ဤခွေးကား ယခုအခါ၌သာ အနှောင်အဖွဲ့မှ လွတ်စေခြင်း၌ လိမ္မာသည်မဟုတ်။ ရှေးအခါ၌လည်း လိမ္မာဖူးပေပြီ"

ဟု မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်လေသတည်း။

* * *

လွန်လေပြီးသော ရှေးကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော်

www.burmeseclassic.com

www.burmeseclassic.com



ကာသီတိုင်း၌ ပညာရှိယောကျ်ားတစ်ယောက်သည် စည်းစိမ်ဥစ္စာနှင့် ကြွယ်ဝ၏။ အိမ်ထောင်ပြုသင့်သည့် အရွယ်၌ အိမ်ရာထောင်လေ၏။

ထိုအခါဝယ် ဗာရာဏသီပြည်သား တစ်ယောက်တွင် ဆူဖြိုးသော ခွေးတစ်ကောင်ရှိ၏။ ရွာသားတစ်ယောက်သည် ဗာရာဏသီပြည်သို့ရောက်သော် ထိုခွေးကို မြင်လျှင် လိုချင်စိတ်ပေါ်လာပြီး ခွေးရှင်အား အပေါ်ရုံပုဆိုးနှင့် သင့်တင့်သော အသပြာတို့ကိုပေး၍ ခွေး၏လည်ပင်းကို ကြိုးချည်ကာ ဆွဲခေါ်သွားလေ၏။ ခွေးသည်လည်း ထိုရွာသား ဆွဲခေါ်ရာနောက်သို့ ငြူစူငြင်းဆန်ခြင်းမရှိဘဲ လိုက်ပါသွားလေ၏။ တောအဝင်ဇရပ်တစ်ဆောင်သို့ ရောက်သည်ရှိသော် ရွာသားလည်း တိုင်တွင် ခွေးကိုချည်ကာ အိပ်စက်လေ၏။

ထိုအခိုက်မှာပင် ပညာရှိယောကျ်ားသည် ပြုဖွယ်ကိစ္စတို့ကို ပြုရန်အတွက် ထွက်လာခဲ့ရာ ခွေးချည်ထားသည့် ဇရပ်ဆောင်သို့ ရောက်လေ၏။ ဤတွင် ခွေးကိုမြင်လေသော်–

"ဟယ်...ခွေး၊ သင်အား ချည်ထားသောကြိုးမှာ သားရေလွန်ကြိုးဖြစ်၏။ ထိုသားရေလွန်ကြိုးကို မစားဘဲ နေသည်မှာ မိုက်မဲလေစွတကား၊ သားရေ လွန်ကြိုးကို ဝလင်စွာ စားသောက်၍ အနှောင်အဖွဲ့ကို ဖြတ်တောက်ကာ မိမိနေရပ်သို့ ပြန်လေလော့"

ဟု ဆိုလေ၏။ ထိုစကားကို ကြားလေသော် ခွေးလည်း–

"အရှင်... အရှင်ပြောသော စကားအတိုင်း အကျွန်ုပ်

www.burmeseclassic.com



စိတ်၌ ကြံရွယ်ထားပါ၏။ သို့သော် လူခြေမတိတ်သေး။ ညအမှောင် မကျသေး။ အချိန်အခါ မကျရောက်သေး။ အလုံးစုံသို့ လူတို့တိတ်ဆိတ်၊ ငြိမ်သက် အိပ်မောကျသော အခါတွင် အကျွန်ုပ်သည် သားရေလွန်ကြိုးကို စားသောက်၍ အနှောင်အဖွဲ့တို့ ပြေအောင် ကြိုးစားပါမည်။ ထိုနောက် နေရင်းသို့ အပြေးပြန်ပါမည်။ ယခု အချိန်အခါကောင်းကို စောင့်ဆိုင်းနေခြင်း ဖြစ်ပါ၏"

ဟူ၍ တုံ့ပြန်ပြောဆိုလေ၏။ ခွေးလည်း လူအများ အိမ်မောကျ၍ တိတ်ဆိတ်ငြိမ်သက်သော အချိန်အခါကောင်းသို့ ရောက်လေသော် သားရေလွန်ကြိုးတို့ကို ကိုက်ဖြတ်ကာ ဝလင်အောင် စားသောက်လေ၏။ ထိုအခါ အနှောင်အဖွဲ့တို့ ကင်းပြတ်လေ၏။ ဤတွင် သခင်ဟောင်းရှိရာသို့ အပြေးပြန်လေတော့၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူ၍-

"ရဟန်းတို့...

ထိုစဉ်အခါက ခွေးသည် ယခုအခါ မြေခွေးဖြစ်လာပြီး ပညာရှိယောက်ျားသည်ကား ငါဘုရားရှင် ဖြစ်လာ၏။ ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

# ၂၄၃။ ဂုတ္တိလဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၂၄၃]

# ဂုတ္တိလဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ပူဇော်အထူးကို ခံယူထိုက်သော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး စမ္မယ်စဉ်အခါက ဖြစ်၏။

ရဟန်းတို့သည် ဒေဝဒတ်နှင့် တွေ့ဆုံသည့်အခါ–

"ငါ့ရှင်...ဒေဝဒတ် မြတ်စွာဘုရားရှင်သည် သင်၏ ဆရာဖြစ်၏။ သင်သည် မြတ်စွာဘုရားရှင်ကိုမှီ၍ ပိဋကတ်သုံးပုံကို သင်ကြားရ၏။ ဈာန်လေးပါးကိုလည်း ဖြစ်စေ၏။ သည့်အတွက် ဆရာအရှင်အား ရန်ပြုခြင်းမှာ မသင့်" ဟူ၍ တားမြစ်ပြောဆိုကြ၏။ ထိုအခါ ဒေဝဒတ်က–

"ငါ့ရှင်တို့...ရဟန်းဂေါတမကား ငါ၏ဆရာမဟုတ်။ ငါသည် ကိုယ်ပိုင်အစွမ်းဖြင့် ပိဋကတ်သုံးပုံကိုလည်းကောင်း၊ ဈာန်လေးပါးကို လည်းကောင်း ဖြစ်စေခဲ့၏"

ဟု ပြောဆိုပြီး ဘုရားရှင်အား ဆရာအဖြစ်မှ စွန့်ပယ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ရဟန်းတို့လည်း တရားသဘင်၌ စုဝေးမိကြသည့်အခိုက် ဒေဝဒတ်နှင့် စပ်လျဉ်းသည့် အကြောင်းခြင်းရာတို့ကို ပြောဆိုနေကြရာ ဘုရားရှင် ကြားသိတော်မူလေသော်–

"ရဟန်းတို့...ဒေဝဒတ်သည် ယခုအခါ၌သာ ဆရာဖြစ်သော ငါဘုရားရှင်အား စွန့်ပယ်လျက် ငါဘုရားရှင်အား ရန်သူအဖြစ် သဘောထားကာ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်သည် မဟုတ်သေး။ ရှေးအခါကလည်း ရောက်ခဲ့ဖူးသည်သာတည်း"

ဟူ၍ မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသော ရှေးကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် နာမည်ကျော် စောင်းသမားတစ်ယောက် ရှိလေ၏။ ဂုတ္တိလဟု အမည်တွင်ပြီး ဇမ္ဗူဒိပ်ကျွန်းတစ်ခုလုံးတွင် ထက်မြက်ထူးချွန်သော စောင်းသမားဖြစ်ကာ အသက်အရွယ် ရလာသည့်တိုင် အိမ်ရာထောင်ခြင်း မပြုဘဲ မျက်မမြင်မိဘနှစ်ပါးကို စောင်းအတတ်ဖြင့် လုပ်ကျွေးနေသူဖြစ်လေ၏။

တစ်နေ့သ၌ ဗာရာဏသီပြည်သား ကုန်သည်အချို့သည် ကုန်သွယ်ရန်အတွက် ဥဇ္ဇေနီပြည်သို့ ထွက်ခဲ့ကြလေ၏။ ဤတွင် ပွဲသဘင်ခံနေသည်နှင့် ကြုံကြိုက်သဖြင့် အချင်းချင်း တိုင်ပင်ပြောဆိုကြကာ ပန်းနံ့သာ၊ စားသောက်ဖွယ်ရာ အမျိုးမျိုးတို့

www.burmeseclassic.com

www.burmeseclassic.com



ဆောင်လျက် ပွဲသဘင်ရှိရာ သွားကြ၏။ ထို့နောက် မုသိလ အမည်ရှိ ကြေးစားစောင်းသမားကို ငှားရမ်းကာ တီးခတ်စေလေ၏။

မုသိလအနေဖြင့် သူတတ်မြောက်သော စောင်းပညာဖြင့် တီးခတ်ဖျော်ဖြေပါသော်လည်း ဗာရာဏသီ ကုန်သည်တို့အဖို့ လန်းရွှင်နှစ်သက်ခြင်း ကင်းမဲ့နေသည်ကို သတိထားမိကြ၏။ ထို့ကြောင့် တေးသွားတစ်ကြော့ တီးခတ်ပြီးသည်နှင့် ကုန်သည်တို့အား မေးလေ၏။

"အချင်းကုန်သည်တို့...အကျွန်ုပ်သည် အစွမ်းရှိသမျှ တီးခတ်ဖျော်ဖြေပါလျက် အဘယ်ကြောင့် နှစ်သက်ရွှင်လန်းမှု မရှိကြပါသနည်း"

"အို...စောင်းသမား သင်သည် အမှန်တကယ် စောင်းတီးခြင်း ဟုတ်ပါသလော၊ ငါတို့ကား သင်စောင်းတီးနေသည်ဟု မထင်။ ဝါးခြမ်းစိတ်ကို တီးနေသည်ဟုပင် ထင်ပါ၏"

"အချင်းကုန်သည်တို့...မည်သို့ ပြောလိုက်ပါသနည်း။ သင်တို့သည် ငါ့ထက် ထူးကဲသာလွန်သည့် စောင်းသမားကို တွေ့ဖူးပါသလော။ သင်တို့သည် ငါကဲ့သို့သော စောင်းပညာရှင်၏ အစွမ်းကို မခံစားတတ်၍ လန်းရွှင်နှစ်သက်ခြင်း ကင်းမဲ့လေသလော"

"အို...စောင်းသမား ငါတို့၏ ဗာရာဏသီပြည်၌ ဂုတ္တိလ စောင်းဆရာရှိပါ၏။ ၎င်း၏ စောင်းလက်သံကို

www.burmeseclassic.com



နားဆင်ခံစားခဲ့ရပြီးသည့်နောက် သင်၏လက်သံကို နားဆင်ရာဝယ် ကလေးချော့ တေးသံအဆင့်လောက်ပင်ရှိ၍ ငါတို့အဖို့ လန်းရွှင်နှစ်သက်ခြင်း ကင်းကြပါကုန်၏။

ထိုစကားကိုကြားရလေသော် မုသိလလည်း ဂုတ္တိလ၏အစွမ်းကို တွေ့မြင်ခံစားလိုစိတ် ဖြစ်ပေါ်လာခဲ့ရာ–

"အို...ကုန်သည်တို့ သင်တို့သည် ငါ့အား အဖိုးအခလုံးဝ မပေးကြပါနှင့်၊ သင်တို့ ဗာရာဏသီသို့ ပြန်သွားကြမည့်အခါ၌ ငါ့အား ခေါ်သွားကြပါ"

"ကောင်းလေပြီ...မုသိလ"

သို့ဖြင့် ကုန်သည်တို့လည်း ကုန်သွယ်မှုကိစ္စ ပြီးစီးလေသော်စကားခံထားသည့်အတိုင်း ဗာရာဏသီသို့ ပြန်သည်ရှိသော်မုသိလကို ခေါ်သွားကြလေ၏။ မုသိလလည်း ဗာရာဏသီသို့ရောက်လျှင် ဂုတ္တိလ စောင်းသမား၏ အိမ်သို့သွား၍ အသင့်ရှိနေသော စောင်းကိုတွေ့လျှင် ယူငင်တီးခတ်လေ၏။ထိုအခါ ဂုတ္တိလ၏ မျက်မမြင် မိဘနှစ်ပါးသည် စောင်းအား ကြွက်တို့ကိုက်သည်ထင်မှတ်၍ တရှူးရှူးနှင့် ခြောက်လှန့်ကြကုန်၏။ ဤတွင်မုသိလလည်း ဂုတ္တိလစောင်းဆရာ၏ မျက်မမြင်မိဘနှစ်ပါးအားရှိသေစွာ ရှိခိုးလျက်–

"ဖခင် မိခင်တို့...စောင်းကို ကြွက်များကိုက်သည် မဟုတ်ပါ၊ အကျွန်ုပ် တီးခတ်နေခြင်းသာ ဖြစ်ပါ၏"

"အမောင်...သင်၏ လက်သံကား သာယာနာပျော်ဘွယ်မရှိ။ ကြမ်းရှလွန်းလှပေ၏"

www.burmeseclassic.com

www.burmeseclassic.com



"မိခင် ဖခင်တို့...သည့်အတွက် ဆရာဂုတ္တိလထံ၌ သာယာနာပျော်ဘွယ်ကောင်းသော စောင်းအတတ်ကို သင်ယူရန် အကျွန်ုပ်သည် ဥဇ္ဇေနီပြည်မှ လာခဲ့ရခြင်း ဖြစ်ပါ၏"

"ကောင်းပြီ...အမောင်၊ ငါတို့၏သား ဂုတ္တိလသည် အပြင်ခဏသွားပါ၏။ မကြာခင် ပြန်ရောက်လာပါလိမ့်မည်။ ခေတ္တမျှ စောင့်ပါလော့"

မုသိလလည်း စောင်းဆရာဂုတ္တိလ ပြန်အလာကို စိတ်ရှည်လက်ရှည် စောင့်မျှော်လေ၏။ မကြာခင်မှာပင် ဂုတ္တိလလည်း ပြန်ရောက်လာလေ၏။ ဤတွင် မုသိလသည် ခရီးဦးကြိုပြုလျက်–

"ဆရာအရှင်...အကျွန်ုပ်သည် ဆရာ့ထံမှ စောင်းအတတ်ပညာကို သင်ယူလို၍ ဥဇ္ဇေနီပြည်မှ လာခဲ့ခြင်းဖြစ်ပါ၏။ အကျွန်ုပ်အား သင်ကြားပေးပါလော့"

ဟူ၍ ဆိုလေ၏။ ဂုတ္တိလလည်း အင်္ဂဝိဇ္ဇာအတတ်ကို ကျွမ်းကျင် တတ်မြောက်ရလေကား မုသိလ၏ ရုပ်လက္ခဏာကို မြင်ရုံမျှနှင့်ပင် စိတ်ထားကောက်ကျစ် ယုတ်မာသူမှန်း သိလေ၏။ ထို့ကြောင့်ပင်–

"ညီငယ်...ငါသည် ညီငယ်အား သင်ကြားပေးရန် အတတ်ပညာ ပြည့်ဝသေးသည် မဟုတ်ပါ။ သို့ဖြစ်၍ လာရင်းအရပ်သို့သာ ပြန်ပါလေဦး"

ဟူ၍ တားမြစ်လေ၏။ မုသိလလည်း ဂုတ္တိလ၏ ငြင်းပယ်မှုကို ခံရသည်ရှိသော် ဥပါယ်တံမျဉ်စိတ်ထားဖြင့် ဂုတ္တိလ၏

www.burmeseclassic.com

www.burmeseclassic.com



မျက်မမြင်မိဘနှစ်ပါးအား ခြေဆုပ်လက်နယ်ခြင်း အစရှိသည့် ဝတ်ကြီးဝတ်ငယ်တို့ကို ပြုစုလေ၏။ ပြုစုရင်းမှပင် ဂုတ္တိလထံမှ စောင်းပညာ သင်ယူခွင့်ပြုပါရန် မျက်မမြင်မိဘတို့ကို အပူကပ်၏။ ထိုအခါ မျက်မမြင် မိဘတို့က သားဖြစ်သူ ဂုတ္တိလအား ဖျောင်းဖျပြောဆို၏။ ဂုတ္တိလလည်း မိဘတို့၏စကားကို မပယ်ရှားလိုရကား အလိုမတူပါဘဲနှင့် မုသိလအား စောင်းပညာကို သင်ကြားပေးလေ၏။ သင်ကြားပေးရာ၌လည်း ဆရာကောင်း၊ ဆရာမြတ်တို့၏ စိတ်ဓာတ်နှင့် လျော်ညီစွာ စောင်းအတတ်ပညာ အလုံးစုံကို ဆရာစားမချန် သင်ကြားပေးလေ၏။ မုသိလသည်လည်း ကြိုးစား၍သင်ယူရာ ကာလမကြာခင်မှာပင် အလုံးစုံသော စောင်းပညာတို့ကို တတ်မြောက်လေ၏။ ထိုအခါဂုတ္တိလလည်း-

"ညီငယ်...ငါသည် ညီငယ့်အား အလုံးစုံသော စောင်းအတတ်ကို သင်ကြားပေးခဲ့၏။ ညီငယ်လည်း အလုံးစုံ တတ်မြောက်ခဲ့လေပြီ။ သည့်အတွက် သင် သွားလိုရာ သွားပေတော့ ညီငယ်"

ဟု ပြောဆိုလေ၏။ ထိုအခါ မုသိလလည်း

"ငါကား ဆရာ့ထံမှ စောင်းအတတ်ပညာ အလုံးစုံတို့ကို တတ်မြောက်ခဲ့လေပြီ။ ဆရာလည်း ယခုအခါ၌ အိုမင်းစ ပြုလေပြီ၊ ဤဗာရာဏသီမြို့သည်လည်း ဇမ္ဗူဒိပ်ကျွန်းအလုံး၌ စည်ကားသာယာသော မြို့ကြီးဖြစ်၏။ သို့ဖြစ်၍ ဤမြို့မှာပင်နေထိုင်၍ စောင်းပညာဖြင့် ကြီးပွားချမ်းသာအောင် လုပ်တော့မည်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ကြံစည်ပြီးသကာလ ဆရာဖြစ်သူ ဂုတ္တိလအား–

"ဆရာ...အကျွန်ုပ်သည် မည်သည့်အရပ်ဒေသကိုမျှ မသွားလိုပါ။ ဗာရာဏသီမင်းထံ၌ ခစားလိုပါ၏။ ဆရာ့အနေဖြင့် မင်းကြီးအား လျှောက်ထားပေးပါလော့"

ဟူ၍ ပြောလေ၏။ ဂုတ္တိလလည်း ဖြောင့်မတ်သော စိတ်ထားရှိသူဖြစ်လေရာ မင်းကြီးထံ ဝင်ရောက်ခစားလျက် အကျိုးအကြောင်းကို လျှောက်ထားလေ၏။ မင်းကြီးလည်း ဆရာဖြစ်သော ဂုတ္တိလကို ပေးသည့် လစာရိက္ခာအတိုင်း မဟုတ်ဘဲ ထက်ဝက်သာပေးနိုင်မည့်အကြောင်း ပြောလေ၏။ ဂုတ္တိလလည်း အိမ်ပြန်ရောက်သည်ရှိသော် မုသိလအား မင်းကြီးမိန့်သမျှကို ပြောပြလေ၏။ ထိုအခါ မုသိလက–

"ဆရာ...အကျွန်ုပ်သည် ဆရာတတ်မြောက်ထားသည့်အတိုင်း တတ်မြောက်ထားသူဖြစ်ပါ၏။ သို့ဖြစ်၍ ဆရာနှင့်တန်းတူ လခရိက္ခာရမှသာလျှင် ခစားနိုင်ပါမည်"

ဟု ဆိုလေ၏။ ဂုတ္တိလလည်း မုသိလ၏ သဘောထားကို မင်းကြီးထံ တင်ပြလျှောက်ထားလေရာ–

"ကောင်းပေပြီ...ဆရာနှင့် တူမျှသော လခရိက္ခာကို လိုလျှင် ဆရာနှင့် အတတ်ပညာ တူမျှသည် မတူမျှသည်ကို သိရလေအောင် ဤနေ့မှစ၍ ခုနစ်ရက်မြောက်သောနေ့၌ မင်းရင်ပြင်တွင် ဆရာတပည့်နှစ်ယောက် အတတ်ပညာကို ပြိုင်ကြရမည်"

ဟူ၍ မိန့်လေ၏။ ထိုအမိန့်ကို ကြားလေသော် မုသိလ

www.burmeseclassic.com

www.burmeseclassic.com



လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ဆရာနှင့် အတတ်ပညာချင်း ပြိုင်ရန် သဘောတူလေ၏။ ထိုအခါ မင်းကြီးလည်း–

"ဆရာဂုတ္တိလနှင့် မုသိလတို့သည် ခုနစ်ရက်မြောက်သော နေ့၌ မင်းရင်ပြင်တွင် စောင်းအတတ်ကို ပြိုင်ကြအံ့"

ဟူ၍ တစ်မြို့လုံးကို စည်လည်စေ၏။ ထိုအခါ ဆရာ ဂုတ္တိလလည်း

"ငါ၏တပည့် မုသိလကား ငယ်ရွယ်နုပျိုသူဖြစ်၏။ ငါကား အသက်အရွယ် ကြီးရင့်ပေပြီ။ အင်အားတို့လည်း၊ ဆုတ်ယုတ်နေပြီ ဖြစ်လေရာ ပျိုရွယ်သူတို့နှင့် အားမာန် အရာ၌ မယှဉ်နိုင်ပေ။ ဆရာနှင့်တပည့် အတတ်ပညာချင်း ပြိုင်ရာ၌ တပည့်ဖြစ်သူ ရှုံးက အရေးမကြီး။ ဆရာဖြစ်သူ ရှုံးလျှင်မူ အရှက်ရတော့မည်။ သို့ဖြစ်ပေရာ ငါမပြိုင်လို တော့ပြီ။ တောသို့ဝင်လျက် ကိုးကွယ်ရာမဲ့ သေတော့မည်" ဟု ကြံစည်ကာ တောသို့ဝင်လေ၏။ တောသို့ရောက်လျှင် မသေဝံ့သဖြင့် အိမ်ပြန်လာခဲ့၏။ ဤသို့ စိတ်တည်ငြိမ်မှုမရှိဘဲ သွားချည်၊ ပြန်ချည် ပြုနေခဲ့သည်မှာ ခြောက်ရက်တိတိ ဖြစ် လေသည်။ နောက်တစ်ရက်ရောက်လျှင် ပြိုင်ပွဲဝင်ရတော့မည်။

ထိုခဏ၌ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ ကျောက်ဖြာသည် တင်းမာပူလောင်လာ၏။ သိကြားမင်းလည်း အကြောင်းရင်းမှန် ကို ဆင်ခြင်ကြည့်လိုက်သည်ရှိသော်–

"ငါသည် ဂုတ္တိလစောင်းဆရာ၏ ကိုးကွယ်အားထားရာ ဖြစ်ရမည်"

www.burmeseclassic.com

www.burmeseclassic.com



မှာ ကြံစည်ဆုံးဖြတ်ပြီး ဂုတ္တိလရှေ့၌ ကိုယ်ထင်ပြလေ၏။ ဂုတ္တိလလည်း သိကြားမင်းမှန်း သိလေလျှင်-

"သိကြားမင်း...အကျွန်ုပ်သည် တပည့်ဖြစ်သူ မုသိလအား ညှို့ခုနစ်ချောင်းရှိသောစောင်းကို ကောင်းမွန်စွာတီးတတ်အောင် ဆရာစားမချန် သင်ကြားပေးမိခဲ့ပါ၏။ တပည့်မုသိလသည် ယခုအခါ ပွဲလယ်သဘင်နှင့် အတတ်ပညာချင်း ယှဉ်ပြိုင်ရန်အတွက် စိန်ခေါ်နေပါ၏။ သည့်အတွက် သိကြားမင်းသည် အကျွန်ုပ်၏ ကိုးကွယ်အားထားရာ ဖြစ်ပါလော့"

ဟူ၍ အကျိုးအကြောင်း ပြောဆိုလျှောက်ထားလေ၏။ သိကြားမင်းလည်း ဂုတ္တိလ၏စကားကို ကြားလေသော်-

"ဆရာဂုတ္တိလ...မည်သို့မျှ စိုးရိမ်ထိတ်လန့်ခြင်း မရှိပါနှင့်။ အကျွန်ုပ်သည် သင်၏ကိုးကွယ် အားထားရာဖြစ်စေလျက် သင့်ကိုကူညီပါမည်။ မုသိလအနိုင်မရဘဲ သင်သည်သာ အနိုင်ရပါမည်"

ဆရာဂုတ္တိလ...အကျွန်ုပ်သည် သင့်ကို နည်းနာပေးပါအံ့။ သင် စောင်းတီးသည်ရှိသော် ညှို့တစ်ချောင်းကိုဖြတ်၍ ခြောက်ချောင်းတို့ကို တီးပါ။ ပကတိ အသံပင် ဖြစ်ပါလိမ့်မည်။ ထိုအခါမုသိလလည်း သင့်ကိုတု၍ညှို့တစ်ချောင်းကိုဖြတ်ကာ တီးပါလိမ့်မည်။ ဤတွင် ပကတိအသံ ဖြစ်လာလိမ့်မည် မဟုတ်။ ထိုခဏ၌ ရှုံးပါလိမ့်မည်။ ထိုအခါ သင်သည် ညှို့နှစ်ချောင်း၊ သုံးချောင်း၊ လေးချောင်း၊ ငါး

www.burmeseclassic.com



ချောင်း၊ ခြောက်ချောင်း၊ ခုနစ်ချောင်း စသဖြင့် ညှို့အားလုံးကို ဖြတ်၍ စောင်းရိုးသက်သက်ကိုတီးပါ။ ပကတိအသံပင် ဖြစ်ပါလိမ့်မည်။ ဖြတ်ထားသော ညှို့တို့မှ ထွက်ပေါ်လာသော စောင်းသံသည် တစ်ဆယ့်နှစ်ယူဇနာတိုင် ကျယ်ဝန်းသော ဗာရာဏသီတစ်မြို့လုံးကို လွှမ်းမိုးသွားပါလိမ့်မည်။

ဆရာဂုတ္တိလ...ထိုသို့ တစ်မြို့လုံး စောင်းသံ လွှမ်းမိုးသွားသောအခါ စောင်းတစ်လက်အား ကောင်းကင်ထက်သို့ ပစ်မြှောက်လိုက်ပါ။ ဤတွင် သင့်ရှေ့သို့ နတ်သမီးသုံးရာ လာရောက်ကကြပါလိမ့်မည်။ နောက် စောင်းတစ်လက် ပစ်မြှောက်လိုက်လျှင် သင့်စောင်းဦး၌ အခြားနတ်သမီးသုံးရာတို့လာ၍ ကကြပေလိမ့်မည်။ နောက်တစ်လက်ပစ်ပြန်လျှင်လည်း ပွဲသဘင်အလယ်၌ အခြားနတ်သမီးသုံးရာတို့ လာ၍ကကြလိမ့်မည်။ အကျွန်ုပ်တို့ကိုယ်တိုင်လည်း ပွဲသဘင်အကြည့် လာမည်ဖြစ်၍ စိုးရိမ်ကြောက်ရွံ့ခြင်းမရှိလေနှင့်”

ဟူ၍ အသေအချာ ပြောဆိုမှာကြားကာ စောင်းသုံးလက်ကို ပေးပြီး တာဝတိံသာသို့ တက်လေ၏။

ခုနစ်ရက်မြောက်သောနေ့သို့ ရောက်လေသော် နံနက်ခင်းမှာပင် မင်းရင်ပြင်၌ ပရိသတ်တို့ တိုးမပေါက်အောင် စည်ကားလေ၏။ မင်းကြီးလည်း မဏ္ဍပ်အလယ်၌ ခင်းကျင်းထားသော ပလ္လင်၌ စံတော်မူ၏။ မိဖုရား၊ မှူးမတ်၊ ပုဏ္ဏား၊ သူကြွယ်တို့ ခြံရံကြကုန်၏။ ပြိုင်ပွဲစရန် နီးကပ်လာသောအခါ ဂုတ္တိလသည်

www.burmeseclassic.com

www.burmeseclassic.com



၎င်းအတွက် သတ်မှတ်ထားသော နေရာတွင် ထိုင်လေ၏။ သိကြားမင်းလည်း ကောင်းကင်တွင် ရပ်လေ၏။ ထိုမြင်ကွင်းကို ဂုတ္တိလတစ်ဦးတည်းသာ တွေ့မြင်ရ၏။ ထိုအခါ မုသိလလည်း ပြိုင်ပွဲဝင်ရန်အတွက် ၎င်းအား သတ်မှတ်ထားသည့်နေရာတွင် ဝင်ထိုင်လေ၏။

ပြိုင်ပွဲစသည်ရှိသော် ဆရာတပည့်နှစ်ဦးသားသည် ပွဲဦးအစမှာပင် ထပ်တူညီမျှ စောင်းကိုတီးခတ်ကြ၏။ ဆရာတီးသမျှကို တပည့်ကလည်း ထပ်တူညီမျှ တီးခတ်ပြနိုင်သဖြင့် မင်းကြီးအပါအဝင် ပရိသတ်အပေါင်းသည် နှစ်ထောင်းအားရ ဖြစ်ကြ၏။ နှစ်သက် ဝမ်းမြောက်ကြ၏။ လက်ခုပ်သြဘာပေးကြ၏။

ဤတွင် ဂုတ္တိလသည် သိကြားမင်းပေးသော နည်းအတိုင်း စောင်းညို့တစ်ချောင်းကို ဖြတ်၍တီးလေ၏။ ဖြတ်သောနေရာမှ အသံတို့ပေါ်ထွက်ကာ နတ်စောင်းသံသဖွယ် ဖြစ်လေ၏။ ဤတွင် မုသိလလည်း ဆရာ့နည်းတူ စောင်းညို့တစ်ချောင်းကို ဖြတ်၍ တီးလေ၏။ သို့ရာတွင် ပြတ်သောနေရာမှ မည်သည့်အသံမျှ ထွက်ပေါ်မလာပေ။

ဂုတ္တိလသည် စောင်းညို့တို့အား တစ်ချောင်းချင်း ဖြတ်ဖြတ်၍ တီးလေရာ ခုနစ်ချောင်းမြောက် ဖြတ်အပြီး စောင်းရိုးကို တီးလေ၏။ ဖြတ်လေရာ စောင်းညို့တို့မှ ထွက်ပေါ်လာသော အသံတို့ကား လွန်စွာသာယာ၏။ နတ်စောင်းသံနှင့်မခြား။ မုသိလကား ဆရာ့ကိုတု၍ စောင်းညို့တို့ကိုဖြတ်၍ တီးသော်လည်း ဖြတ်လေရာရာမှ မည်သည့် အသံမျှ ထွက်ပေါ်မလာပေ။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဂုတ္တိလ၏ စောင်းသံကား ဗာရာဏသီတစ်မြို့လုံးကို လွှမ်းခြုံလေ၏။ ပရိသတ်အပေါင်းသည် လွန်စွာမှ နှစ်သက်ကြသဖြင့် ပုဆိုး၊ ခေါင်းပေါင်းတို့ကို ကောင်းကင်ထက် ပစ်ကြကုန်၏။ ဂုတ္တိလသည် စောင်းတစ်လက်ကို ကောင်းကင်ထက်ပစ်တင်၏။ ထိုအခါ နတ်သမီးသုံးရာတို့ ရောက်ရှိလာပြီး ငြိမ့်ငြောင်းစွာကပြကြကုန်၏။ နောက်တစ်လက် ပစ်လွှတ်လေသော် အခြားနတ်သမီး သုံးရာတို့ ရောက်လာပြီး ကကြပြန်၏။ နောက်ဆုံးစောင်းတစ်လက်ကို ပစ်လွှတ်လေသော် အခြားနတ်သမီး သုံးရာတို့သည် စောင်းဦး၌ ကကြပြန်၏။ စောင်းသံတီးကွက်နှင့် နတ်သမီးတို့၏ ကကြိုးမှာ ရှုကြည့်၍ မငြီးနိုင်အောင် ရှိလေ၏။

ထိုခဏ၌ မင်းကြီးသည် ပရိသတ်အား မျက်စိကိုမှိတ်လည်ကိုညိတ်လျက် အမှတ်သညာပေးလေ၏။ ထိုအခါ ပရိသတ်လည်း သဘောအဓိပ္ပါယ်ပေါက်၍ နေရာမှထကာ မုသိလထံသွားကြပြီး–

“ဟယ်...လူမိုက် သင်ကား ဆရာရှိသော လခရိက္ခာ အတိုင်း အလိုရှိ၍ ကျေးဇူးရှင် ဆရာသခင်အပေါ် ဆန့်ကျင်ဖက်ပြုကာ ယှဉ်ပြိုင်ရဲ၏။ ယခုမူ ဆရာ၏အစွမ်းအတိုင်း ပြုစွမ်းနိုင်ပါသေး၏လော”

ဟုဆိုလျက် ခြိမ်းခြောက်ဆဲရေး၏။ တွန်းထိုးရိုက်ပုတ်၏။ တုတ်၊ လုံတံ၊ အုတ်ကျောက်တို့ဖြင့် ပစ်ပေါက်ကြလေရာ နောက်ဆုံး၌ မုသိလလည်း မရှူမလှ သေပွဲဝင်ရလေတော့၏။ အသက်ကုန်သည်ရှိသော် ခွေးသေကိုဆွဲသည့်အလား ဆွဲလျက် ထံမြက်

www.burmeseclassic.com



ချေးတို့စွန့်ပစ်ရာ အမှိုက်ပုံတွင် စွန့်ပစ်ကြကုန်၏။ ဗာရာဏသီမင်းလည်း ဆရာဂုတ္တိလအား လွန်စွာနှစ်သက်သဖြင့် များစွာသော စည်းစိမ်ဥစ္စာတို့ကို ချီးမြှင့်လေ၏။ ပရိသတ်အပေါင်းကလည်း များစွာသော ဥစ္စာတို့ကို ပေးကြကုန်၏။ သိကြားမင်းသည်လည်း–

"ဆရာဂုတ္တိလ...အကျွန်ုပ် နတ်ပြည်သို့ရောက်ပါက အာဇာနည်မြင်းတစ်ထောင်ကသော ရထားဖြင့် မာတလိနတ်သားကို လွှတ်လိုက်ပါမည်။ နတ်ပြည်သို့ လိုက်လာခဲ့ပါလော့"

ဟု မှာကြားကာ တာဝတိံသာသို့ တက်လေ၏။ သိကြားမင်းလည်း နတ်ပြည်သို့ ပြန်ရောက်လေသော် နတ်သမီးတို့က သိကြားမင်းအား မည်သည့်အရပ်သို့ သွားနေကြောင်းကို မေးမြန်းကြလေ၏။ ထိုအခါ ဖြစ်ပျက်ပုံ အလုံးစုံနှင့်တကွ ဂုတ္တိလစောင်းဆရာကြီး၏ အကျင့်သီလ ဂုဏ်ကျေးဇူးတို့ကို ပြောပြရာ နတ်သမီးအပေါင်းက ဂုတ္တိလ စောင်းဆရာကြီးအား မြင်ဖူးလိုကြောင်း တောင်းဆိုကြကုန်၏။ ဤတွင် သိကြားမင်းလည်း မာတလိ နတ်သားအား သိန္ဓောမြင်း တစ်ထောင်ကသော ဝေဇယန္တာရထားဖြင့် ဂုတ္တိလ စောင်းဆရာကြီးအား နတ်ပြည်သို့ ခေါ်ဆောင်လာစေ၏။ ဂုတ္တိလ စောင်းဆရာကြီး ရောက်လေသော် သိကြားမင်းလည်း လောကွတ်ပျူငှာစွာ စကားဆိုပြီး–

"ဆရာကြီး... ဆရာကြီး၏ စောင်း လက်သံကို နတ်သမီးတို့ နားဆင်လိုကြပါ၏"

www.burmeseclassic.com

www.burmeseclassic.com



"အသင်သိကြားမင်း...အကျွန်ုပ်တို့ စောင်းသမားမည်သည် အတတ်ပညာကိုမှီ၍ အသက်မွေးရသည့်အတွက် အဖိုးအခ ရမည်ဆိုပါက တီးခတ်ပြပါမည်"

"ဆရာကြီး...တီးသာ တီးပါလော့၊ အဖိုးအခ ရစေပါမည်"

"အသင်သိကြားမင်း...ကျွန်ုပ်အတွက် အဖိုးအခ ဆိုသည်မှာ အသပြာငွေကြေးကို ဆိုလိုခြင်းမဟုတ်ပါ။ နတ်သမီးတို့အနေဖြင့် လူ့ပြည်၌ ပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်အား ပြောပြပါလော့။ အကျွန်ုပ် နာယူလိုပါ၏"

"ဆရာကြီး...နတ်သမီးတို့ ပြောစေပါမည်"

သို့ဖြင့် စောင်းဆရာကြီး ဂုတ္တိလလည်း ခုနစ်ရက်ပတ်လုံး စောင်းကိုတီးခတ်လေ၏။ စောင်းသံသည် နတ်တို့၏ စောင်းသံကို သာလွန်လွှမ်းမိုးနေတော့၏။ ခုနစ်ရက်မြောက်သော နေ့၌ ဂုတ္တိလလည်း သိကြားမင်း ဝန်ခံထားသည့်အတိုင်း နတ်သမီးတို့၏ လူ့ပြည်မှ ကောင်းမှုအသီးသီးတို့ကို မေးမြန်းရာ နတ်သမီးတို့ကလည်း မခြွင်းမချန် ပြောကြကုန်၏။ ဂုတ္တိလလည်း သေချာစွာ နားထောင်မှတ်သား၏။

သိကြားမင်းလည်း ခုနစ်ရက်လွန်သည်ရှိသော် ဂုတ္တိလအား ဝေဇယန္တာရထားဖြင့်ပင် ဗာရာဏသီသို့ ပြန်ပို့စေ၏။ ဂုတ္တိလလည်း ဗာရာဏသီသို့ ပြန်လည်ရောက်ရှိသည်ရှိသော် ၎င်းကိုယ်တိုင်လည်း ကုသိုလ်ကောင်းမှုတို့ကို ပွားများအားထုတ်၏။ အခြားသူတို့ကိုလည်း ပွားများအားထုတ်စေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

"ရဟန်းတို့…

ထိုစဉ်က စောင်းသမား တပည့်မိုက် မုသိလသည် ယခုအခါ ဒေဝဒတ်ဖြစ်လာ၏။ ထိုစဉ်က သိကြားမင်းသည် ယခုအခါ အနုရုဒ္ဓါ ဖြစ်လာ၏။ ဗာရာဏသီမင်းသည် အာနန္ဒာဖြစ်လာပြီး စောင်းဆရာကြီး ဂုတ္တိလသည်ကား ငါ ဘုရားရှင် ဖြစ်လာ၏။

ဟူ၍ မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## ၂၄၄။ ဝိဂတိစ္ဆဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၂၄၄]

# ဝိဂတိစ္ဆဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့အပေါ် တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူသော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။

ပရိဗိုဇ်တစ်ဦးသည် ဇမ္ဗူဒိပ်ကျွန်းအလုံး၌ ၎င်းနှင့် ဝါဒရေးရာ ယှဉ်ပြိုင် ဆွေးနွေးပြောဆိုရဲသော ပညာရှိတို့ကို လိုက်လံရှာဖွေရာ တစ်စုံတစ်ဦးကိုမျှ မရခဲ့။ သို့ဖြင့်ပင် သာဝတ္ထိသို့ ရောက်လာခဲ့၏။ ဤတွင် သာဝတ္ထိပြည်သူပြည်သားတို့အား–

"ဤသာဝတ္ထိ၌ ငါနှင့် စကားယှဉ်ပြိုင် ဆွေးနွေးနိုင်သူ ရှိလေသလော"

ဟူ၍မေးမြန်း၏။ ထိုအခါ ပြည်သူပြည်သားတို့က ဂေါတမ မြတ်စွာဘုရားရှင် ရှိကြောင်း ပြောဆိုရာ ပရိဗိုဇ်လည်း ဘုရားရှင်နှင့် တွေ့ဆုံရန် လူအပေါင်းခြံရံလျက် ဇေတဝန်ကျောင်းတော်ရှိရာသို့ သွားခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်ဝယ် ဘုရားရှင်သည် ပရိသတ်လေးပါးတို့အလယ်၌ တရားဟောလျက် နေတော်မူ၏။ ပရိဗိုဇ်လည်း ဘုရားရှင်နှင့် တွေ့သည်ရှိသော် ပြဿနာကို မေးလေ၏။ ဘုရားရှင်လည်း ပရိဗိုဇ်မေးသော ပြဿနာအား ဖြေဆိုလေ၏။ တစ်ဖန် ဘုရားရှင်သည် ထိုပရိဗိုဇ်အား–

"တစ်ခု မည်သည်ကား အဘယ်နည်း"

ဟူ၍ ပြဿနာမေးတော်မူ၏။ ပရိဗိုဇ်လည်း မဖြေဆိုနိုင်သောကြောင့် နေရာမှထကာ ပြေးရလေတော့၏။

ထိုအကြောင်းကို သိရှိကြကုန်သော ပရိသတ်တို့လည်း–

"အရှင်ဘုရားသည်ကား တစ်ပုဒ်တည်းသော ပြဿနာနှင့်ပင် နှိပ်ကွပ်နိုင်ဘိ၏"

ဟု လျှောက်ထားသည်ရှိသော် ဘုရားရှင်က–

"ဒါယကာတို့...ငါဘုရားရှင်သည် ယခုအခါ၌သာလျှင် ထိုပရိဗိုဇ်ကို တစ်ပုဒ်တည်းသော ပြဿနာဖြင့် နှိပ်ကွပ်နိုင်ခဲ့သည် မဟုတ်သေး။ ရှေးအခါကလည်း နှိပ်ကွပ်နိုင်ခဲ့ဖူးပေပြီ"

ဟု မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်လေသတည်း။

* * *

လွန်လေပြီးသော ရှေးကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် ကာသိတိုင်း၌ ပုဏ္ဏားလုလင်တစ်ယောက်သည် အရွယ်ရောက်လာသော်လည်း အိမ်ရာထောင်ခြင်း မပြုခဲ့။ ဝတ္ထုကာမ ကိလေသာ ကာမတို့ကို ပယ်စွန့်ကာ ရသေ့ရဟန်းပြုပြီး ဟိမဝန္တာအရပ်

www.burmeseclassic.com

www.burmeseclassic.com



၌ ကြာမြင့်စွာ သီတင်းသုံး နေထိုင်လေ၏။ ထို့နောက် နိဂုံးရွာ တစ်ရွာကို အမှီသဟဲပြုလျက် မြစ်ကွေ့တစ်ခု၌ သစ်ရွက်မိုး ကျောင်းသင်္ခမ်း ဆောက်လုပ်ကာ နေထိုင်လေ၏။

ထိုအခါ ပရိဗိုဇ်တစ်ဦးသည် ဇမ္ဗူဒိပ်ကျွန်းအလုံးတွင် ၎င်းနှင့် ဝါဒရေးရာ ယှဉ်ပြိုင်ပြောဆိုဆွေးနွေးဘက်ကို လိုက်လံရှာဖွေရာ မရခဲ့ဘဲ နိဂုံးရွာသို့ ရောက်ရှိလာခဲ့လေ၏။ ထို့နောက် နိဂုံးရွာရှိ လူတို့အား–

"ဤရွာနိဂုံး၌ ငါနှင့်စကားယှဉ်ပြိုင် ဆွေးနွေးနိုင်သူ ရှိသလော"

ဟူ၍ မေးမြန်းစုံစမ်းရာ ရွာသူရွာသားတို့လည်း ပညာရှိ ရသေ့တစ်ပါးရှိကြောင်း ပြောဆိုပြီး ပညာရှိ ရသေ့သီတင်းသုံး ရာ ကျောင်းသင်္ခမ်းသို့ ခေါ်ဆောင်သွားလေ၏။ ရသေ့ထံသို့ ရောက်သည်ရှိသော် ပဋိသန္ထာရစကားတို့ ပြောဆိုကြပြီး ရသေ့က ပရိဗိုဇ်အား–

"အဆွေ၊ အနံ့တို့နှင့်ပြည့်စုံ၍ ပန်းတို့ဖြင့် မွှမ်းထုံ အပ်သော ဂင်္ဂါမြစ်ရေကို သောက်မည်လော"

ဟူ၍ မေးလေ၏။ ထိုအခါ ပရိဗိုဇ်လည်း ဝါဒဖြင့် လွှမ်းမိုး လို၍ ရသေ့အား–

"အို...ရှင်ရသေ့ ဂင်္ဂါ၏သဲကား အဘယ်နည်း။

ဂင်္ဂါ၏ ဤမှာဘက်ကမ်း အဘယ်နည်း။ ဂင်္ဂါ၏ ဟိုမှာဘက်ကမ်း အဘယ်နည်း"

ဟူ၍ တုံ့ပြန် မေးခွန်းထုတ်လေ၏။ ရသေ့လည်း ပရိဗိုဇ် အား–

www.burmeseclassic.com

www.burmeseclassic.com



"ရေကိုလည်းကောင်း၊ သဲကိုလည်းကောင်း၊ ဤမှာဘက်ကမ်းကို လည်းကောင်း၊ ဟိုမှာဘက်ကမ်းကိုလည်းကောင်း အသာထား၍ ဂင်္ဂါကို အဘယ်မှာ ရမည်နည်း" ဟု ပြန်မေးလိုက်၏။ ထိုအခါ ပရိဗိုဇ်လည်း အသိဉာဏ်ပညာမရှိရလေကား နေရာမှထ၍ ပြေးလေတော့သတည်း။

ထိုသို့ ပရိဗိုဇ်ပြေးလေသည်ရှိသော် ရသေ့လည်း စုဝေးရောက်ရှိနေကြသော ပရိသတ်တို့အား-

"အချင်းတို့...ဤပရိဗိုဇ်ကား မျက်စိဖြင့်မြင်ရသော ရေ စသောဝတ္ထုကို ဂင်္ဂါဟု မယူလို၊ မျက်စိဖြင့်မမြင်ရသော ရေစသော ဝတ္ထုမှ တစ်ပါးသောဝတ္ထုကို ဂင်္ဂါဟု မှတ်ယူလိုပေ၏။ ဤသို့သဘောရှိသော ဂင်္ဂါကို ရှာလျက်ကြာမြင့်စွာ သွားရလိမ့်မည်သာတည်း။

အချင်းတို့...တဏှာဟူသည် အဆုံးမရှိသော အာရုံဖြစ်ချေ၏"

ဟူ၍ ပြောဆိုဆုံးမလေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်-

"ဒါယကာတို့...

ထိုအခါက ပရိဗိုဇ်သည် ယခုအခါ ငါ့ထံပညာမစမ်းဝံ့တော့ဘဲ ပြေးသွားရသည့် ပရိဗိုဇ်ဖြစ်လာ၏။ ထိုအခါက ကာလက ရသေ့သည်ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

# ၂၄၅။ မူလပရိယာယဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၂၄၅]

# မူလပရိယာယဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာသခင်ဖြစ်တော်မူသော ဗုဒ္ဓဘုရားရှင်သည် ဥက္ကဋ္ဌတိုင်းကို အမှီပြု၍ မွေ့လျော်ဖွယ်ကောင်းသည့် တောအုပ်၌ သီတင်းသုံးနေခိုက် မူလပရိယာယသုတ္တန်အား အကြောင်းပြု၍ ဟောတော်မူလေ၏။

ထိုအခါကာလ၌ ဗေဒင်သုံးပုံတို့အား တစ်ဖက်ကမ်းခတ်တတ်မြောက်ကြကုန်သော ပုဏ္ဏားတို့သည် သာသနာတော်၌ ရဟန်းပြုကုန်၏။ ပိဋကတ်သုံးပုံကို သင်ယူပြီး မာန်မာနတက်ကြလျက်–

"မြတ်စွာဘုရားရှင်လည်း ပိဋကတ်သုံးပုံကို တတ်မြောက်တော်မူ၏။ ငါတို့သည်လည်း ပိဋကတ်သုံးပုံကို တတ်မြောက်ကြ၏။ သို့ဖြစ်ပေရာ မြတ်စွာဘုရားရှင်သည် ငါတို့နှင့် ထူးခြားခြင်းမရှိကုန်"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ယူဆကြကာ ဘုရားရှင်အား ဆည်းကပ်ခြင်းမပြုကြဘဲ ဆန့်ကျင်မှုကိုသာ ပြုကြကုန်၏။

တစ်နေ့သ၌ ဘုရားရှင်သည် ထိုရဟန်းတို့ထံ ရောက်ရှိတော်မူပြီး မူလပရိယာယသုတ္တန်ဒေသနာကို ဟောကြားတော်မူရာ ထိုရဟန်းတို့လည်း အနည်းငယ်မျှပင် မမှတ်နိုင်ကြသည့်အတွက်–

"ငါတို့ကား...ငါတို့နှင့်တူသော ပညာရှိတို့ မရှိကုန်ဟူ၍ မာန်မာန တက်မိကြကုန်၏။ ယခုအခါ တစ်စုံတစ်ခုကိုမျှ ငါတို့မသိကြပါတကား။ မြတ်စွာဘုရားရှင်နှင့်တူသော ပညာရှိမည်သည် မရှိပေ။ ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်တို့ကား အံ့ဘွယ်သူရဲ ရှိပါကုန်၏"

ဟု ကြံစည်အောက်မေ့ကာ မာန်စွယ်ကျိုးသော မြွေကဲ့သို့ ကျိုးနွံသွားကြကုန်၏။ ထို့နောက် ဘုရားရှင်လည်း ဝေသာလီသို့ ကြွတော်မူပြီးလျှင် ဂေါတမကနတ်၏ ကျောင်းတော်၌ လောကဓာတ်တစ်သောင်းကို တုန်လှုပ်စေလျက် ဂေါတမကသုတ္တန်ဒေသနာကို ဟောတော်မူ၏။ တစ်ဖန် မူလပရိယာယသုတ္တန်ကို ဟောတော်မူရာဝယ် ထိုရဟန်းတို့သည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြကုန်၏။

ထိုအခါ ရဟန်းတို့လည်း တရားသဘင်၌ စုဝေးမိကြခိုက် မာနတက်သော ရဟန်းတို့အကြောင်းကို ပြောဆိုမိကြလေ၏။ ဤတွင် ဘုရားရှင်ကြွတော်မူလာပြီး အကြောင်းစုံကို သိလေသော်–

www.burmeseclassic.com

www.burmeseclassic.com



"ရဟန်းတို့...ငါဘုရားရှင်သည် ယခုအခါ၌သာလျှင် ထိုရဟန်းတို့ မာနကင်းမဲ့အောင် ပြုသည်မဟုတ်သေး။ ရှေးအခါကလည်း ပြုဖူးခဲ့ပေပြီ"

ဟု မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

လွန်လေပြီးသော ရှေးကာလ။

ဗာရာဏသီပြည်၌ ဗာရာဏသီမင်းကြီး မင်းပြုသည်ရှိသော် ဗေဒင်သုံးပုံ၌ တစ်ဖက်ကမ်းခတ် တတ်မြောက်သော ဒိသာပါမောက္ခ ဆရာကြီးသည် လုလင်ငါးရာတို့အား ဗေဒင်ပညာရပ်တို့ကို သင်ကြားပို့ချပေးလေ၏။

အဆိုပါလုလင်ငါးရာတို့ အတတ်ပညာသင်မှု ပြီးဆုံးခြင်းသို့ ရောက်လေသော် အတတ်ပညာ၌ မေးမြန်းစိစစ်ပြီးလျှင်–

"ဆရာကြီးလည်း ငါတို့တတ်သိသရွေ့ပင် တတ်သိ၏။ ဆရာကြီးနှင့် ငါတို့ကား အထူးအခြားမရှိ"

ဟု မှတ်ယူကာ မာန်မာန တက်ကြကုန်၏။ သို့ဖြင့်ဆရာကြီးထံ ပူဇော်ဆည်းကပ်ဖို့ရာ မသွားကြကုန်။ ဝတ်ကြီးဝတ်ငယ် မပြုကြကုန်။

တစ်နေ့သ၌ ဆရာကြီးသည် ဆီးပင်ရင်း၌ ရှိနေ၏။ ထိုအခါ လုလင်ငါးရာတို့လည်း ဆရာကြီးအပေါ် ကဲ့ရဲ့လိုသည်ဖြစ်၍ ဆီးပင်ကို လက်သည်းဖြင့် ခေါက်ကြလျက်–

"ဤသစ်ပင်ကား အနှစ်မရှိ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုကြ၏။ ဆရာကြီးလည်း လုလင်တို့၏ မနောဓာတ်ခံကို ရိပ်စားမိသည်ဖြစ်၍-

"တပည့်တို့...သင်တို့အား ငါပြဿနာတစ်ခု မေးလိုပါ၏"

ဟုဆိုလေသော် လုလင်တို့ကလည်း ရွှင်လန်းတက်ကြွစွာဖြင့်-

"မေးပါဆရာကြီး... ဆရာကြီးမေးသော ပြဿနာကို ဖြေဆိုပါအံ့"

ဟု တုံ့ပြန်စကားဆိုကြလေ၏။

"တပည့်တို့... အခါကာလဟူသည် မိမိနှင့်တကွ သတ္တဝါအားလုံးတို့ကို စားမျို၏။ အကြင်သတ္တဝါကား အခါကာလကို စားမျို၏။ သတ္တဝါတို့ကို လောင်ကျွမ်းစေသော တဏှာမီးအား ဉာဏ်မီးဖြင့်လောင်ကျွမ်းစေ၏။ ထိုသတ္တဝါအား မည်သို့သော သတ္တဝါဖြစ်ပါသနည်း"

ဆရာကြီး၏ အမေးပြဿနာ ဆုံးလေသော် လုလင်တစ်ယောက်မျှ အဖြေမပေးနိုင်ကြပေ။ အားလုံးပင် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် ခေါင်းတို့ကို ခါရမ်းကြကုန်၏။ ထိုအခါ ဆရာကြီးက-

"လုလင်တို့...သင်တို့သည် ဗေဒင်သုံးပုံကို တတ်ရုံမျှဖြင့် မိမိတို့ကိုယ်ကို ဟုတ်လှပြီ မထင်ကြလေနှင့်။ သင်တို့သည် ဆရာတတ်သမျှ ငါတို့လည်း တတ်၏ဟူသော စိတ်ဓာတ်ဖြင့် ငါ့အား မထေမဲ့မြင်ပြုကာ ဆီးပင်နှင့်တူသည်

www.burmeseclassic.com



ဟူ၍ဆိုခဲ့ကြသေး၏။ သင်တို့ထက် ငါက ပို၍တတ်သိကြောင်းကို ထင်ရှားစေအံ့။ ယခု ငါမေးသော ပြဿနာအား ဖြေဆိုနိုင်ရန် ခုနစ်ရက် အချိန်ပေးအံ့။ သွားကြကုန်”

ဟူ၍ အချိန်ကာလကို ကန့်သတ်ပေးလေ၏။ လုလင်တို့လည်း ဆရာကြီးထံမှ ဖဲခွာကား ပြဿနာ၏ အဖြေကိုရရန် ကြံစည်အားထုတ်ကြကုန်၏။ သို့ရာတွင် ကန့်သတ်ကာလသာ ပြည့်သွား၏။ ပြဿနာ၏အဖြေကိုမူ ကြံဆ၍မရကြပေ။ ဤတွင် ဆရာကြီးထံ ပြန်လည်ရောက်ရှိလာကြပြီး အဖြေရှာ၍မရကြောင်းကို တညီတညွတ်တည်း ဝန်ခံကြလေ၏။ ထိုအခါမှ ဆရာကြီးလည်း–

“တပည့်တို့...လည်ပင်း၌ စွပ်အပ်လျက် အမွေးအမှင် ထူထပ်လှစွာသော ဦးခေါင်းတို့ရှိကြရာ ထိုဦးခေါင်းများစွာ အနက် ဦးခေါင်းတစ်ခုတည်းသာလျှင် သိတတ်သောနားရှိ၏”

ဟူ၍ ကဲ့ရဲ့ ပြောဆိုလေ၏။ ထိုစကားကို ကြားသိရသည်ရှိသော် တပည့်လုလင် ငါးရာတို့လည်း–

“ဆရာဟူသည် အံ့ဖွယ်ရှိလှပါပေ၏။ မှန်မြတ်ပါပေ၏။ တပည့်တို့ထက် သာလွန်မြင့်မြတ်ပါပေ၏”

ဟူ၍ သဘောပေါက်နားလည်ကာ ဝန်ချတောင်းပန်ကြကုန်၏။ ရှိခိုးပူဇော်ကြကုန်၏။ ဝတ်ကြီး ဝတ်ငယ်တို့ကို ပြုစုကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်–

"ရဟန်းတို့…

ထိုစဉ်အခါက လုလင်ငါးရာတို့သည် ယခုအခါ ရဟန်းငါးရာ ဖြစ်လာကြကုန်၏။ ဒိသာပါမောက္ခ ဆရာကြီးသည်ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုလျက် ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

# ၂၄၆။ တေလောဝါဒဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၂၄၆]

# ဗာလောဝါဒဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ အထွတ်ဥသျှောင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင် ဝေသာလီပြည်ရှိ စုလစ်မွန်းချွန်တပ် ကျောင်းဇရပ်၌ သီတင်းသုံးတော်မူစဉ် သီဟစစ်သူကြီး ရောက်ရှိလာကာ ဥပါသကာအဖြစ် ဆွမ်းဖိတ်လေ၏။

နောက်တစ်နေ့နံနက်၌ ဘုရားရှင်အမှူးပြုသော သံဃာတော်တို့ ကြွလာသည့်အခါ သားပွဲမ်းဆွမ်းကို လှူဒါန်းတော်မူ၏။ ဘုရားရှင်နှင့်တကွ သံဃာတော်တို့အား ဆွမ်းလှူကြောင်း ကြားသိရသော် နိဂဏ္ဌာသည် အမျက်ဒေါသထွက်ကာ နှလုံးမသာမယာဖြစ်ပြီး ဘုရားရှင်အား ကဲ့ရဲ့လိုစိတ်ဖြင့်–

"ရဟန်းဂေါတမကား သိလျက်နှင့်ပင် ရည်မှန်း၍ သတ်ဖြတ်အပ်သော အသားကို စားပေ၏"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ သတင်းစကား လွှင့်၏။ ဤသို့ နိဂဏ္ဌာ၏ ကဲ့ရဲ့ရှုတ်ချသော စကားသည် သံဃာထုတစ်ရပ်လုံးသို့ ပျံ့နှံ့သွားလေတော့၏။ ထိုသတင်းစကားကို ဘုရားရှင် ကြားသိတော်မူလေလျှင်–

"ရဟန်းတို့...နိဂိဏ္ဌာသည် ယခုအခါ၌သာလျှင် ရည်မှန်း၍ သတ်သောအသားကို စားသည်ဟု ကဲ့ရဲ့သည် မဟုတ်။ ရှေးအခါကလည်း ကဲ့ရဲ့ဖူးလေပြီ"

ဟု မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်လေသတည်း။

* * *

ရှေး...လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံတော်မူသည်ရှိသော် ပုဏ္ဏားမျိုး၌ဖြစ်သော လုလင်တစ်ဦးသည် အရွယ်ရောက်လတ်သော် ရသေ့ရဟန်းပြုလျက် ဟိမဝန္တာတောသို့ ဝင်လေ၏။ ကာလကြာမြင့်ပြီးသည့် တစ်နေ့၌ ချဉ်ဆားမှီဝဲရန်အလို့ငှာ ဗာရာဏသီသို့ ဝင်လေ၏။ နောက်တစ်နေ့နံနက်၌ မြို့တွင်းသို့ဆွမ်းခံဝင်လေ၏။ ထိုအခါ သူကြွယ်တစ်ဦးသည် ရသေ့အား ကဲ့ရဲ့လိုသော အတွင်းဓာတ်ခံဖြင့် အိမ်တွင်းသို့ပင့်ဖိတ်ကာ အမဲသားဟင်းဖြင့် ဆွမ်းလုပ်ကျွေး၏။ ရသေ့လည်း ဆွမ်းဘုဉ်းပေးပြီးသည်ရှိသော်–

"အရှင်ရသေ့...သင့်ကိုရည်မှန်း၍ သတ်အပ်သော အမဲသားမှန်းသိပါလျက် သင်သည် စားသောက်ခဲ့၏။ ဤအကုသိုလ်သည် ငါ့အပေါ်၌ မကျရောက်ဘဲ သင့်အပေါ်သာလျှင် ကျရောက်ပါစေသား။

www.burmeseclassic.com



အရှင်ရသေ့...သီလမရှိသော သူသည် သတ္တဝါတို့ကို ညှဉ်းဆဲပုတ်ခတ် သတ်ဖြတ်၍ အလှူကို ပေးလှူ၏ ဤသို့ သဘောရှိသော ဆွမ်းကိုစားသော ရသေ့ရဟန်းသည်လည်း မကောင်းမှုတို့ဖြင့် လိမ်းကျံနေပေ၏"

ဟူ၍ စွပ်စွဲပြောဆိုလေ၏။ ရသေ့လည်း သူကြွယ်၏စကားကို ဆုံးခန်းတိုင်အောင် နားထောင်ပြီးနောက်–

"ဒါယကာ သူကြွယ်...သီလမရှိသောသူသည် သားမယားကိုသတ်၍ အလှူကို လှူစေကာမူ ပညာရှိသည် ထိုဆွမ်းကို စားသော်လည်း မကောင်းမှုဖြင့် မလိမ်းကျံနိုင်ပေ"

ဟု တရားဟောကာ ထိုနေရာမှ ဖဲခွာသွားလေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူပြီးနောက်–

"ရဟန်းတို့...

ထိုစဉ်အခါက သူကြွယ်သည် ယခုအခါ နိဂဏ္ဌာဖြစ်လာပြီး ရသေ့မှာကား ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

# ၂၄၇။ ပါဒဉ္စလိဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၂၄၇]

# ပါဒဋ္ဌလိဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်လှစွာသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။

တစ်နေ့သ၌ အဂ္ဂသာဝကနှစ်ပါးတို့သည် အမေးပြဿနာတစ်ခုကို ဖြေဆိုဆုံးဖြတ်ကြကုန်၏။ ရဟန်းတို့လည်း ပြဿနာအဆုံးအဖြတ်ကို နာကြားရကုန်သည်ရှိသော် အဂ္ဂသာဝက နှစ်ပါးအား ချီးမွမ်းကြကုန်၏။ ဤတွင် လာဠုဒါယီမထေရ်သည် ပရိသတ်အလယ်၌ နေလျက်

"ငါ့ရှင်တို့...အဂ္ဂသာဝကနှစ်ပါးဖြစ်သည့် သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့သည် ငါတို့နှင့်အမျှ တတ်ကုန်သလော"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ စကားတင်းဆိုကာ နှုတ်ခမ်းကိုကိုက်လေ၏။ မထေရ်အပေါင်းလည်း လာဠုဒါယီကို မြင်သည်ရှိသော် ဖယ်ခွာရှောင်တိမ်း သွားကြသည့်အတွက် ပရိတ်သတ်တို့ ပျက်ရလေ၏။ ရဟန်းတို့လည်း တရားသဘင်၌ စုဝေးမိကြသည်ရှိသော်–

"ငါ့ရှင်တို့...လာဠုဒါယီသည် အဂ္ဂသာဝကနှစ်ပါးတို့ကို ကဲ့ရဲ့၍ နှုတ်ခမ်းကို ကိုက်လေ၏"

ဟုပြောဆိုနေကြလေ၏။ ဘုရားရှင်ကြွလာ၍ ထိုအကြောင်းကို သိတော်မူသည်ရှိသော်–

"ရဟန်းတို့... လာဠုဒါယီသည် ယခုအခါ၌သာ နှုတ်ခမ်းကို ကိုက်ခြင်းမှ တစ်ပါးတစ်ပါးသော အမှုကိစ္စတို့ကို မသိသည် မဟုတ်သေး။ ရှေးအခါ၌လည်း မသိသည်သာ တည်း"

ဟု မိန့်ဆိုလျက် အတိတ် ဇာတ်တော်ကို ဆောင်လေသတည်း။

* * *

ရှေး...လွန်လေပြီးသော ကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် ထိုမင်းကြီး၌ ပါဒဥလိ အမည်ရှိ သားတော်တစ်ပါးရှိ၏။ ထိုသားတော်ကား လျှပ်ပေါ်လော်လည်၏။ လုံ့လဝီရိယ ညံ့ဖျင်း၏။ ထို ဗြဟ္မဒတ်မင်းကြီး၏ ထံ၌လည်း အကျိုးအကြောင်းကိုပြ၍ ဆုံးမသွန်သင်တတ်သော ပညာရှိအမတ်ကြီး ရှိလေ၏။

တစ်နေ့သ၌ ဗြဟ္မဒတ်မင်းကြီးသည် ကံတော်ကုန်လေ၏။ မှူးမတ်တို့လည်း မင်းကြီး၏ ဈာပနပြီးလေသော်–

www.burmeseclassic.com



"အဘယ်သူကို ဘိသိက်သွန်းလောင်း၍ မင်းမြှောက်ကြကုန်အံ့နည်း"

ဟု တိုင်ပင်ကြလေ၏။ ဤတွင် အချို့က ပါဒဥ္ဇလိမင်းသားကို ဘိသိက်သွန်းလောင်း၍ မင်းမြှောက်ရန် ပြောဆိုကြ၏။ ထိုအခါ ပညာရှိအမတ်က –

"အချင်းတို့...ပါဒဥ္ဇလိမင်းသားကား လျှပ်ပေါ် လော်လည်၏။ လုံ့လဝီရိယ ညံ့ဖျင်း၏။ သည့်အတွက် ၎င်းအား မင်းမြှောက်သင့်၊ မမြှောက်သင့်ကို စုံစမ်းရန် လိုပေ၏"

ဟု ဆိုလေ၏။ အမတ်တို့သည် မင်းသားကို အနီး၌ နေစေ၍ တရားဆုံးဖြတ်ကြရာဝယ် ကောင်းစွာ မဆုံးဖြတ်၊ ပိုင်ရှင်မဟုတ်သူကို ပိုင်ရှင်အဖြစ်၊ ပိုင်ရှင်ဟုတ်သူကို လက်မဲ့အဖြစ် အမှားမှားအယွင်းယွင်း ဆုံးဖြတ်ပေးကြပြီး အနီး၌ရှိနေသော မင်းသားအား–

"အရှင်မင်းသား...အကျွန်ုပ်တို့ စီရင်ဆုံးဖြတ်ခြင်းသည် ကောင်းပါ၏လော။ သို့တည်းမဟုတ် လွဲမှားနေပါသလော"

ဟူ၍ သဘောထားအား မေးကြ၏။ ဤတွင် ပါဒဥ္ဇလိမင်းသားလည်း တစ်လုံးတစ်ပါဒမျှ ပြောဆိုဝေဖန်ခြင်း မပြုဘဲ နှုတ်ခမ်းကိုသာ ကိုက်၍နေလေ၏။ ထိုအခါ ပညာရှိအမတ်လည်း မင်းသား၏ ပညာမဲ့ဖြစ်ပုံ၊ အမတ်တို့ ကောင်းစွာ အမှုဆုံးဖြတ်ခြင်း မရှိသည်ကိုပင် ဝေဖန်ခွဲခြမ်း၍ မသိစွမ်းဖြစ်ပုံတို့ကို သတိမပြုမိဘဲ–

www.burmeseclassic.com

www.burmeseclassic.com



"အချင်းတို့...ပါဒဥ္စလိမင်းသားကား စင်စစ် ခပ်သိမ်းသော သူတို့ထက် ပညာထွန်းပသဖြင့် နှုတ်ခမ်းကို ကိုက်ဘိ၏။ လွန်လေပြီးသောအကြောင်းကို မြင်ယောင်ပုံရလေတကား"

ဟူ၍ ပြောဆိုချီးမွမ်းလေ၏။ အမတ်တို့လည်း နောက်ရက်များ၌ အမှုကို ကောင်းစွာဆုံးဖြတ်ကြ၏။ ထို့နောက် အနီးတွင်ရှိနေသော ပါဒဥ္စလိမင်းသားအား –

"အရှင်မင်းသား...အကျွန်ုပ်တို့၏ အဆုံးအဖြတ်သည် သင့်လျော်ကောင်းမွန်ပါ၏လော။ သို့တည်းမဟုတ် ချွတ်ချော်တိမ်းပါးနေပါသလော"

ဟူ၍ မေးလျှောက်ကြပြန်၏။ ဤအခါတွင်လည်း ပါဒဥ္စလိမင်းသားသည် ရှေးအတိုင်းပင် တုံဏှိဘာဝေ စကားတစ်ခွန်းမျှမဆိုဘဲ နှုတ်ခမ်းကိုသာကိုက်၍ နေလေ၏။

ပညာရှိအမတ်လည်း ထိုသောအခါကျမှ ပါဒဥ္စလိမင်းသား၏ မိုက်မဲသော အဖြစ်ကို သိရှိလေ၏။ ထိုအခါ

"အချင်းတို့...ဤပါဒဥ္စလိမင်းသားကား အကြောင်းဟုတ်သည် မဟုတ်သည်၊ အကျိုးရှိသည် မရှိသည်ကို မသိရှိပေ"

ဟု ပြောဆို ရှုတ်ချလေ၏။ ထိုအခါ အမတ်တို့လည်း ပါဒဥ္စလိမင်းသား၏ မိုက်မဲသောအဖြစ်ကို သိကြလျှင် ဘိသိက်သွန်း၍ မင်းမမြှောက်ကြဘဲ ပညာရှိအမတ်ကိုသာလျှင် ဘိသိက်သွန်း၍ မင်းမြှောက်ကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့လျှင် မြတ်စွာဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူပြီးနောက်–

"ရဟန်းတို့...

ထိုစဉ်အခါက ပါဒဥ္စမင်းသားသည် ယခုအခါ နှုတ်ခမ်းကိုက်သော လာဠုဒါယီဖြစ်လာပြီး ပညာရှိအမတ်ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟု ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

# ၂၄၇။ ကိံသုကောပမဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၂၄၈]

## ကိံသုကောပမဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာရှင်ဖြစ်တော်မူသော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။

လေးပါးသော ရဟန်းတို့သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းကို တောင်းခံကာ အသီးသီး ပွားများ အားထုတ်ကြသည်ရှိသော် တစ်ပါးပါးသော ရဟန်းသည်–

(၁) အဆင်းအာရုံ၊ (၂) အသံအာရုံ၊ (၃) အနံ့အာရုံ၊ (၄)အရသာအာရုံ၊ (၅) အထိအတွေ့အာရုံ၊ (၆) စိတ်အာရုံစသော ဖဿယတနတို့ကို ထိန်းချုပ်သိမ်းဆည်း၍ အရဟတ္တဖိုလ်သို့ ဆိုက်လေ၏။ တစ်ပါးသော ရဟန်းမှာမူ–

www.burmeseclassic.com

www.burmeseclassic.com



(၁) ဖောက်ပြန်တတ်သော ရုပ်အစု- ရူပက္ခန္ဓာ၊ (၂) ခံစားတတ်သော နာမ်အစု- ဝေဒနက္ခန္ဓာ၊ (၃) မှတ်သားတတ်သော နာမ်အစု- သညာက္ခန္ဓာ၊ (၄) ပြုပြင်စီရင်တတ်သော နာမ်အစု- သင်္ခါရက္ခန္ဓာ၊ (၅) သိတတ်သောနာမ်အစု- ဝိညာဏက္ခန္ဓာတည်းဟူသော ခန္ဓာငါးပါးတို့ကို သိမ်းဆည်း၍လည်းကောင်း တစ်ပါးသော ရဟန်းမှာမူ-

(၁) မြေဓာတ်၊ (၂) မီးဓာတ်၊ (၃) ရေဓာတ်၊ (၄) လေဓာတ်တည်းဟူသော ဓာတ်ကြီးလေးပါးကို သိမ်းဆည်း၍လည်းကောင်း၊ ကျန်တစ်ပါးမှာမူ တစ်ဆယ့်ရှစ်ပါးသောဓာတ်တို့ကို သိမ်းဆည်း၍ လည်းကောင်း အရဟတ္တဖိုလ်သို့ ဆိုက်ကြကုန်၏။ ထိုရဟန္တာလေးပါးလည်း ဘုရားရှင်ထံ သွားရောက်ဖူးမြော်ပြီး မိမိတို့ရအပ်သော တရားထူးတို့ကို ဘုရားရှင်အား လျှောက်ထားကြလေ၏။ ထိုအချိန်တွင် အခြားသော ရဟန်းတစ်ပါးသည်-

"ဤရဟန်းတို့၏ ကမ္မဋ္ဌာန်းကား ထူးခြားလှပါဘိ။ ဆိုက်ရောက်သော နိဗ္ဗာန်ကား တူမျှပါကုန်၏။ ခပ်သိမ်းသော ရဟန်းတို့သည် အဘယ်ကြောင့် အရဟတ္တဖိုလ်ကို ရကုန်သနည်း"

ဟူသော စိတ်အကြံ ဖြစ်ပေါ်လာခဲ့ရာ ထိုဖြစ်ပေါ်လာသော စိတ်အကြံကို ဘုရားရှင်အား လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်လည်း-

"ရဟန်း...သင်ကား ပေါက်ပင်ကို မြင်ဖူးသည်ဆိုသော မင်းသားလေးယောက်တို့နှင့် မထူးခြားလှပါတကား"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး... လွန်လေပြီးသော ကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် ထိုမင်း၌ သားတော်လေးပါး ရှိလေ၏။ တစ်နေ့သ၌ ထိုမင်းသားညီနောင်တို့သည် ရထားထိန်းကိုခေါ်၍

"အချင်း... ရထားထိန်း ငါတို့သည် ပေါက်ပင်ကို မမြင်ဖူးပေ။ သို့ဖြစ်၍ ပေါက်ပင်ကို ပြပါလော့"

ဟု ပြောဆိုလေ၏။ ရထားထိန်းလည်း မင်းသားညီနောင်လေးပါးတို့အား တစ်ပေါင်းတည်း မပြဘဲ မင်းသားကြီးကို ရှေးဦးစွာ ရထားဖြင့် ဆောင်ယူပြီးလျှင် အရွက်တို့မရှိဘဲ မီးလောင်ငုတ်ကဲ့သို့ ဖြစ်နေသော အပင်အား ညွှန်လျက်–

"အရှင်မင်းသား... အဆိုပါအပင်ကား ပေါက်ပင်ဖြစ်လေ၏"

ဟု ပြောဆိုပြသလေ၏။ ဒုတိယမြောက် မင်းသားကိုမူ နတ်တို့မှ အရွက်တို့ ဝေဝေဆာဆာထွက်လာချိန်၌ ပြသလေ၏။ တတိယမြောက်မင်းသားကို အပွင့်တို့ ဝေဝေဆာဆာ ပွင့်နေကြချိန်၌ ပေါက်ပင်အဖြစ် ပြောဆိုပြသလေ၏။ လေးယောက်မြောက်သော မင်းသားကိုမူ အသီးသီးသော ကာလ၌ ပြသလေ၏။

ကာလအတန်ကြာသော် မင်းသားညီနောင်လေးယောက်တို့ ဆုံစည်းမိကြခိုက် "ပေါက်ပင်ဟူသည်ကား အဘယ်နည်း" ဟူ၍

www.burmeseclassic.com



အချင်းချင်း မေးမြန်းကြကုန်၏။ ထိုအခါ မင်းသားကြီးက

"ပေါက်ပင်ကား မီးလောင်ငုတ်ကဲ့သို့ ရှိ၏"

ဟု ပြောလေ၏။ ဒုတိယမြောက် မင်းသားမှာမူ–

"ပေါက်ပင်ဟူသည် အရွက်တို့ ပိတ်ဆည်းလျက်ရှိသည့် ပညောင်ပင်ကဲ့သို့ ဖြစ်၏"

ဟုပြောလေ၏။ အပွင့်ရဲရဲတို့ကို တွေ့မြင်ခဲ့ရသော တတိယမြောက် မင်းသားကမူ–

"ပေါက်ပင်ဟူသည် သားတစ်ကဲ့သို့ ရှိပေ၏"

ဟု ပြောဆို၏။ အသီးသီးချိန်၌ တွေ့ခဲ့ရသော စတုတ္ထမြောက် မင်းသားကမူ–

"ပေါက်ပင်ဟူသည်ကား အသီးအရွက်တို့ ပွတ်တွဲနေသည့် ကုက္ကိုပင်နှင့်တူပေ၏"

ဟု ပြောဆိုလေ၏။ ညီနောင် လေးယောက်တို့သည် တစ်ယောက်စကားကို တစ်ယောက် ဘဝင်မကျနိုင်သဖြင့် နောက်ဆုံး၌ ဖခမည်းတော် မင်းကြီးထံသို့ ရောက်ရှိသွား လေ၏။

"ခမည်းတော်ဘုရား... ပေါက်ပင်ဆိုသည်ကား မည်ကဲ့သို့ အသွင်ရှိပါသနည်း"

"သားတော်တို့ မြင်တွေ့ခဲ့ကြသည်ဆိုပါက မည်သို့ရှိသည်ကို ခမည်းတော်အား ဦးစွာ ပြောကြားပါလော့"

ထိုအခါ မင်းသားကြီးမှသည် စတုတ္ထမြောက် မင်းသားအထိ ပေါက်ပင်တွေ့ခဲ့ရပုံတို့အား အသီးသီးပြောကြလေ၏။ မင်းကြီးသည် သားတော်တို့၏စကားကို သေချာစွာ နားထောင်ပြီးနောက် "ငါ၏ သားတော်လေးပါးစလုံးပင် ပေါက်ပင်ကို မြင်ဖူးကြသည်

www.burmeseclassic.com

www.burmeseclassic.com



မှာ မှန်ပေ၏။ သို့ရာတွင် ပေါက်ပင်ကို ပြသောအခါ၌ မည်သည့် အချိန်ကာလ၌ မည်ကဲ့သို့ ရှိလိမ့်မည်ကို ခွဲခြားစွာ မမေးမြန်း မစူးစမ်းကြသည့်အတွက် ယခုကဲ့သို့ ယုံမှားသံသယ ရှိကြခြင်း ပင် ဖြစ်၏”ဟု ဆင်ခြင်မိပြီးသကာလ–

“ချစ်သားတို့... သင်တို့ညီနောင် လေးယောက်စလုံး ပေါက်ပင်ကို မြင်ဖူးကြသည်မှာ မှန်ပေ၏။ ဤပေါက်ပင် ၌ အဘယ့်ကြောင့် ချစ်သားတို့ ယုံမှားသံသယ ဖြစ်နေကြ ခြင်းကား မည်သည့်အချိန်၊ မည်သည့်ကာလ၌ မည်သို့ မည်ပုံ ရှိနေလိမ့်မည်ကို ရထားထိန်းအား မမေးမိခြင်းကြောင့် ယုံမှားသံသယဖြစ်ကြခြင်း ဖြစ်ပေ၏”

ဟု ဆိုလေ၏။ ဘုရားရှင်လည်း အတိတ်ဇာတ်ကို ဆောင် ပြီးနောက်–

“ရဟန်းတို့... မင်းသားညီနောင် လေးယောက်တို့ သည် ခွဲခြားဝေဖန်၍ မမေးသည့်အတွက် ပေါက်ပင်၌ယုံမှား ခြင်း ဖြစ်ပေါ်အပ်သကဲ့သို့ ဤရဟန်းသည်လည်း ဤတရား ၌ ယုံမှားစကား ဖြစ်ပေါ်ရခြင်း ဖြစ်ပေ၏”

ဟူ၍ မိန့်တော်မူ၏။

“ရဟန်းတို့...

ထိုစဉ်အခါက သားတော်လေးပါး၏ ဖခင် ဗြဟ္မဒတ် မင်းကြီးသည် ယခုအခါ ငါဘုရားရှင် ဖြစ်လာ၏”

ဟူ၍ မိန့်ကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## ၂၄၉။ သလာကဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၂၄၉]

# သလာကဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ကိုးကွယ်အားထားရာ အစစ်တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ စမွယ်သီတင်းသုံးစဉ်က မထင်ရှားသော မထေရ်ကြီးတစ်ပါး ရှိလေ၏။ ထိုမထေရ်ကြီးသည် သူငယ်ကလေးတစ်ယောက်အား ရှင်သာမဏေ ပြုစေခဲ့၏။ ရှင်သာမဏေ ဖြစ်ပြီးသော် မထေရ်ကြီးသည် နှိပ်စက်ညှဉ်းဆဲကာ ဇေတဝန်ကျောင်းတော်၌ နေလေ၏။

ရှင်သာမဏေလည်း မထေရ်ကြီး၏ နှိပ်စက်ညှဉ်းဆဲခြင်းကို မခံနိုင်သည့်အဆုံး လူထွက်လေ၏။ ထိုအခါ မထေရ်ကြီးလည်း သူငယ်ထံသွားရောက်၍ သပိတ်၊ သင်္ကန်းတို့ဖြင့် ဖြားယောင်းလျက် ရှင်သာမဏေပြုရန် အဖန်ဖန် တိုက်တွန်းလေ၏။ သူငယ်ကလည်း အတန်တန် ငြင်းဆန်၏။ သို့ရာတွင် ဖြားယောင်း သွေးဆောင်ပါများ၍ သူငယ်လည်း စိတ်ညွတ်လာပြီး

www.burmeseclassic.com

www.burmeseclassic.com



ရှင်သာမဏေ ပြန်ဝတ်လေ၏။ ရှင်သာမဏေဖြစ်လာသော် မထေရ်ကြီးသည် ယခင်အချိုးအတိုင်း နှိပ်စက်ညှဉ်းဆဲပြန်၏။ ထိုအခါ ရှင်သာမဏေလည်း လူထွက်ပြန်၏။ ထိုအခါမှစ၍ မထေရ်ကြီး မည်သို့ပင်လာရောက်၍ အမျိုးမျိုးအဖုံဖုံ သွေးဆောင်ဖြားယောင်းသည်ရှိသော် ယုံကြည်မှု မရှိတော့ပေ။

ဤသို့လျှင် တစနေ့သ၌ ရဟန်းအပေါင်းတို့သည် တရားသဘင်၌ စုဝေးရောက်ရှိကြသည့်အခိုက် သူငယ်လေးနှင့် မထေရ်ကြီးအကြောင်းအား–

"ငါ့ရှင်တို့...အမှန်တကယ် လိမ္မာလှသော သူငယ်အဖို့ မထေရ်ကြီး၏ နှလုံးစိတ်ဝမ်းကို သိသွားပြီးဖြစ်၍ ရှင်သာမဏေ မပြုဘဲ နေတော့၏"

ဟူ၍ ပြောဆိုနေကြလေ၏။ ဘုရားရှင်ကြွတော်မူလာသော် ထိုအကြောင်းကို သိရှိသွားသည့် သကာလ–

"ရဟန်းတို့...ဤသူငယ်သည် ယခုအခါ၌သာ လိမ္မာသောစိတ် ရှိသည်မဟုတ်သေး။ ရှေးအခါ၌လည်း လိမ္မာသောစိတ် ရှိသည်ဖြစ်၍ တစ်ကြိမ်တစ်ခါ ထိုသူတို့၌ အပြစ်မြင်ခဲ့ပါက တစ်ဖန်ပြန်၍ မပေါင်းဖော်တော့ပြီ"

ဟူ၍ မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး... လွန်လေပြီးသော အတိတ်ကာလ။

www.burmeseclassic.com

www.burmeseclassic.com



ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် သူကြွယ်တစ်ဦးသည် စပါးရောင်းဝယ်ခြင်းဖြင့် အသက်မွေးလေ၏။

ထိုအခါကာလ၌ မြွေအလမ္ပာယ်သမားတစ်ယောက်သည် မျောက်တစ်ကောင်ကို သင်ပြကာ ဆေးကိုကိုင်စေပြီး မြွေကို ဆော့ကစားစေ၍ မြွေအလမ္ပာယ်ပြခြင်းဖြင့် အသက်မွေးလေ၏။ ထိုအလမ္ပာယ်သမားသည် ဗာရာဏသီပြည်၌ ပွဲလမ်းသဘင်ရှိသဖြင့် ပွဲကစားလိုစိတ်ပေါ်လာကာ စပါးကုန်သည်ထံ၌ အပ်နှံ၍ ပွဲခင်းရှိရာသို့ သွားရောက်ကစားလေ၏။ နှစ်ရက်မြောက်ရှိသော် စပါးကုန်သည်ထံပြန်လာပြီး ၎င်း၏မျောက်ကို မေးလေ၏။ မျောက်လည်း သခင်၏အသံကို ကြားသည်ရှိသော် စပါးကျီများကြားမှ လျှင်မြန်စွာ ထွက်လာလေ၏။

အလမ္ပာယ်သမားလည်း မျောက်၏ကျောပြင်အား ဝါးခြမ်းဖြင့်ရိုက်လျက် ဥယျာဉ်သို့ခေါ်ဆောင်သွားကာ တစ်နေရာသို့ ရောက်သည်ရှိသော် ချည်နှောင်ပြီး အိပ်လေတော့၏။ မျောက်လည်း အလမ္ပာယ်သမား အိပ်ပျော်သွားသည့်အဖြစ်ကို သိလေလျှင် ချည်ထားသောကြိုးကိုဖြည်၍ သရက်ပင်ပေါ်သို့ ပြေးတက်၏။ သရက်သီးတို့ကို စား၏။ အစေ့ကိုမူ အိပ်ပျော်နေသော အလမ္ပာယ်သမားပေါ်သို့ ပစ်ပေါက်လေ၏။

အလမ္ပာယ်သမားလည်း အိပ်ရာမှ နိုးလေသော် သရက်ပင်ထက်ရှိ မျောက်ကိုမြင်၍ ချိုသာသောအသံဖြင့် လှည့်ပတ်ပြီး

www.burmeseclassic.com



ယောင်းလေ၏။ သစ်ပင်ပေါ်မှ ဆင်းလာပါက ဖမ်းဆီးမည်ဟူသော အကြံဖြင့်—

"ချစ်သား... သလာက သင်ကား ငါ၏အိမ်၌ တစ်ဦးတည်းသောသား ဖြစ်ပါအံ့။ များစွာသော ဥစ္စာစည်းစိမ်တို့ကို ပိုင်ဆိုင်ရပါအံ့။ သည့်အတွက် သရက်ပင်မှ ဆင်းခဲ့ပါလော့။ ငါတို့ အိမ်ပြန်ကြပါစို့"

ဟူ၍ ဖြားယောင်းချော့မော့ ခေါ်ဆောင်လေ၏။ မျောက်လည်း အလမ္ပာယ်သမား၏ စကားကိုကြားရလျှင်—

"အို... အလမ္ပာယ်သမား သင်သည် ငါ့ကို လိမ္မာသောစိတ် ရှိသည်ဟု မှတ်ထင်နေသည်မဟုတ်လော။ သင်သည် ငါ့၌ မည်သည့်အပြစ်မှမရှိဘဲ အကြောင်းမဲ့သက်သက် ဝါးခြမ်းပြားဖြင့် ရိုက်ဘိ၏။ သည့်အတွက် သရက်သီးမှည့်တို့ဝေဆာသော တောအုပ်၌သာ ငါနေတော့မည်။ သင်သာလျှင် သင့်အိမ်သို့ ပြန်ပါလေလော့"

ဟု ပြောဆိုပြီးနောက် တောအုပ်အတွင်းသို့ ဝင်လေ၏။ အလမ္ပာယ်သမားလည်း မျောက်၏စကားကို ကြားသည်ရှိသော် နှလုံးမသာယာဘဲ လာလမ်းအတိုင်း ပြန်လှည့်ခဲ့ရလေတော့၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူ၍—

"ရဟန်းတို့...

ထိုစဉ်အခါက မျောက်သည် ယခုအခါ ရှင်သာမဏေ ဖြစ်လာ၏။ အလမ္ပာယ်သမားသည်ကား မထင်ရှားသော

www.burmeseclassic.com

www.burmeseclassic.com



မထေရ်ကြီးဖြစ်လာ၍ စပါးကုန်သည် သူကြွယ်ကား ငါ

ဘုရားရှင် ဖြစ်လာ၏”

ဟုမိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

# ၂၅၀။ ကပိဇာတ်



www.burmeseclassic.com

www.burmeseclassic.com

# [၂၅၀]
# ကပိဇာတ်

လူ၊ နတ်၊ ဗြဟ္မာ အပေါင်းတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က အံ့ဖွယ်သရဲတို့ကို ပြုလုပ်လေ့ရှိသော ရဟန်းတော်တစ်ပါးရှိ၏။ ထိုရဟန်း၏ အံ့ဖွယ်သရဲ ပြုလုပ်ခြင်းတို့ကြောင့် သာသနာ့ဘောင်၌ ထင်ရှားလေ၏။

တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ စုဝေးမိကြသည့်အခိုက်–

"ငါ့ရှင်တို့... ဤရဟန်းကား သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရာဖြစ်သော သာသနာတော်၌ ရဟန်းပြုပါလျက် အံ့ဖွယ်သူရဲကို ပြုလုပ်လေ့ရှိ၏"

ဟူ၍ ပြောဆိုနေကြလေရာ ဘုရားရှင် ကြွတော်မူလာပြီး အကြောင်းစုံကို သိရှိသွားသည့် သကာလ–

www.burmeseclassic.com

www.burmeseclassic.com



"ရဟန်းတို့... ဤရဟန်းကား ယခုအခါ၌သာလျှင် အံ့ဖွယ်သရဲကို ပြုလုပ်သည်မဟုတ်။ ရှေးအခါ၌လည်း မီးလှုံလိုသည့်အတွက် အံ့ဖွယ်သရဲကို ပြုလုပ်ခဲ့ဖူးပြီ" ဟု မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး... လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ကာသိတိုင်း၌ ပုဏ္ဏားလုလင်တစ်ဦးသည် အရွယ်ရောက်လတ်သော် အိမ်ရာထောင်လေ၏။ သားတစ်ယောက် ရလေလျှင် ဇနီးသည် ပုဏ္ဏေးမလည်း သေလွန်လေ၏။

ထိုအခါ ပုဏ္ဏားလည်း သားငယ်ကိုခေါ်ဆောင်၍ ရသေ့ရဟန်းပြုကြလျက် တောအရပ်၌ သစ်ရွက်မိုးကျောင်း ဆောက်လုပ်၍ နေကြလေ၏။ သို့ဖြင့် မိုးလအခါ မိုးစွေသည်ရှိသော် ကျောင်းသခ်မ်း အနီးတွင်နေသော မျောက်တစ်ကောင်သည် အချမ်းဒဏ်ကြောင့် မေးခိုက်ခိုက်တုန်လျက် ရှိလေ၏။ ရသေ့ကြီးလည်း အချမ်းဒဏ်မှ ကာကွယ်ရန် ထင်းတုံးကြီးတို့ကို ယူဆောင်၍ မီးမွှေး မီးဆိုင်ထားပြီး သင်္ကာလ ညောင်စောင်းပေါ်တွင် လျောင်းစက်နေလေ၏။ သားငယ်ရသေ့လည်း ဖခင်ရသေ့အား ခြေဆုပ်လက်နယ် ပြုပေးလေ၏။

ထိုအခိုက် မေးခိုက်ခိုက်တုန်အောင် ချမ်းနေသော မျောက်သည် သေလွန်ပြီးသော ရသေ့တစ်ပါး၏ လျှော်တေသင်္ကန်းကို

www.burmeseclassic.com

www.burmeseclassic.com



ကောက်ယူဝတ်ရုံကာ သစ်နက်ရေကို ပခုံးတွင်တင်လျက် ထမ်းပိုးကောက်၊ ကရားတို့ကိုယူပြီးလျှင် ရသေ့အသွင် အံ့ဖွယ်သရဲပြုလေ၏။ ထို့နောက် မီးလှုံလိုသဖြင့် ကျောင်းသင်္ခမ်းတံခါးဝ၌ ရပ်လေ၏။ ရသေ့ငယ်လည်း တံခါးဝ၌ရပ်နေသော မျောက်အား ရသေ့ဟု ထင်မှတ်သဖြင့်-

"ဖခင်... ကျောင်းသင်္ခမ်းဝ၌ ရပ်နေသော ရသေ့ကား ချမ်းအေးနေရှာပုံ ရပါ၏။ ၎င်းကို ကျောင်းသင်္ခမ်းအတွင်းသို့ ဝင်စေရန် ဖိတ်ခေါ်လိုပါ၏"

ဟူ၍ ပြေဆိုရာ ဖခင်ရသေ့ကြီးလည်း သေချာစွာကြည့်ရှုလေ၏။ ဤတွင် ရသေ့မဟုတ် အံ့ဖွယ်သရဲ လုပ်လာသော မျောက်မှန်း သိလေသည့်အတွက်-

"ချစ်သား... သင်မြင်တွေ့ရသည်ကား ရသေ့မဟုတ်။ သစ်ပင်သစ်ခက်တို့၌ ကျင်လည်ကျက်စားကာ ကျောင်းသင်္ခမ်းတို့ကို ဖျက်ဆီးတတ်သည့် ယုတ်မာသော မျောက်ဖြစ်၏။ ကျောင်းသင်္ခမ်းအတွင်း ပေးဝင်ပါက ကျောင်းသင်္ခမ်းတစ်ခုလုံး ဖျက်ဆီးပစ်ပေလိမ့်မည်"

ဟု ပြောဆိုပြီးနောက် ထိုမျောက်ပြေးအောင် မီးစကိုကိုင်၍ ခြောက်လှန့် မောင်းထုတ်လေ၏။ မျောက်လည်း အခြေအနေမဟန်မှန်း သိလေသည့်အတွက် ကျောင်းသင်္ခမ်းဝမှ တောအုပ်အတွင်းသို့ ထွက်ပြေးရလေ၏။ ဤဒေသနာအဆုံး၌ အချို့အချို့သော ရဟန်းတို့သည် သောတာပန်၊ သကဒါဂါမ်၊ အနာ

www.burmeseclassic.com

www.burmeseclassic.com



ဂါမ်၊ အရပ်ဟတ္တဖိုလ် အသီးသီးသို့ ဉာဏ်ပါရမီ အခံအလျောက် ဆိုက်ရောက်ကုန်ကြလေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူ၍–

"ရဟန်းတို့... ထိုစဉ်အခါက အံ့ဖွယ်သရဲပြုလုပ်သော မျောက်သည် ယခုအခါ အံ့ဖွယ်သရဲပြုလုပ်သည့် ရဟန်းဖြစ်လာ၏။ သားရသေ့သည် ရာဟုလာ ဖြစ်လာပြီး ဖခင်ရသေ့ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်တော်မူကာ ဇာတ်ကို ပေါင်းလေသတည်း။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## ၂၅၁။ သက်ပွဇာတ်



www.burmeseclassic.com

www.burmeseclassic.com

## သိဂ်ီလဝတ်

## [၂၅၁]

## သက်ပွဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ အထွတ်ဥသျှောင် မြတ်ဘုန်းခေါင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။ ထိုအချိန်ဝယ် သာဝတ္ထိပြည်သား အမျိုးသားတစ်ယောက်သည် သာသနာတော်၌ အသက်ပေး၍ ရဟန်းပြုလေ၏။

တစ်နေ့သ၌ မြို့တွင်းသို့ ဆွမ်းခံကြွသည်ရှိသော် အလှအပတို့ လိမ်းခြယ် တန်ဆာဆင်ထားသည့် မိန်းမတစ်ယောက်ကို မြင်တွေ့ရ၏။ ထိုအခါ ကိလေသာ ရာဂစိတ်တို့ နိုးကြားလာပြီး သာသနာတော်၌ မွေ့လျော်ခြင်းမရှိ ဖြစ်ရလေ၏။ ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com



ဥပဇ္ဈာယ်ဆရာတို့သည် ထိုရဟန်းကို ထိန်းချုပ်လျက် ဘုရားရှင်ထံ ခေါ်ဆောင်သွားကြကုန်၏။ ဘုရားရှင်ထံရောက်၍ ဘုရားရှင်က မေးတော်မူသည်ရှိသော် ထိုရဟန်းလည်း ဘုရားရှင်အားဟုတ်တိုင်းမှန်ရာကို လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်က–

"ချစ်သား... ရဟန်း မိန်းမတို့မည်သည်ကား ရှေးအခါ ဈာန်အဘိညာဉ် တန်ခိုးဖြင့် ကိလေသာကိုခွာ၍စင်ကြယ်သူတို့အား ကိလေသာကို ဖြစ်စေခဲ့၏။ သင်ကဲ့သို့သော ဈာန်အဘိညာဉ် တန်ခိုးမရှိသူ ဆိုပါက အဘယ်မှာလျှင် ဆိုဖွယ်ရာ ရှိနိုင်ပါအံ့နည်း"

ဟူ၍ မိန့်ကာ အတိတ်ဇာတ်ကို ဆောင်တော် မူလေသတည်း။

* * *

ရှေး... လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော်ဗြဟ္မဏပုဏ္ဏားတစ်ဦးသည် ကုဋေရှစ်ဆယ်ကြွယ်ဝ၏။ အတတ်ပညာတို့ပြည့်စုံ၍ အိမ်ရာထောင်ချိန်ရောက်သော် အိမ်ရာထောင်ပြီး သားမယားတို့ ပွားစီးလျက်နေလေ၏။

မိဘတို့သေလွန်၍ သင်္ဂြိုဟ်ခြင်းကိစ္စ ပြုပြီးသောအခါတွင်ကျန်ရစ်သော ရွှေ၊ ငွေ၊ ပစ္စည်းဥစ္စာတို့ကို ကြည့်ရှုလျက်–

"ဤဥစ္စာပစ္စည်းတို့ကား မြင်ရပါသေး၏။ ဥစ္စာရှင်တို့ကိုမူကား မမြင်ရတော့ပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆင်ခြင်ရင်း သတိသံဝေဂ ယူရာမှ ကိုယ်ခန္ဓာတို့မှ ချွေးတို့ ယိုစီးကျလာလေ၏။ ပုဏ္ဏားလည်း လူ့ဘောင်ကို ငြီးငွေ့သည်ဖြစ်၍ ပစ္စည်းဥစ္စာ များစွာတို့နှင့်တကွ သားမယားတို့ကို စွန့်ခွာလျက် ရသေ့ရဟန်းပြုကာ ဟိမဝန္တာသို့ ဝင်လေ၏။ သင့်တော်ရာ နေရာကို ရွေးချယ်၍ သစ်ရွက်မိုး ကျောင်းသခ်မ်း ဆောက်လုပ်နေထိုင်ရင်း သစ်သီးဝလံတို့ကို မျှတစွာ မှီဝဲ၏။ ဈာန်အဘိညာဉ်တို့ ဖြစ်စေရန် ဈာန်ကစား၏။

တစ်နေ့သ၌ ရသေ့သည် ချဉ်ဆားမှီဝဲလိုသဖြင့် ဗာရာဏသီသို့သွားကာ မင်းဥယျာဉ်၌ ဝင်ရောက်သီတင်းသုံး၏။ နောက်တစ်နေ့ နံနက်၌ မြို့တွင်းသို့ ဆွမ်းခံဝင်လေ၏။ မင်းအိမ်တံခါးသို့ ရောက်သည်ရှိသော် မင်းကြီးလည်း လေသွန်တံခါးမှ ကြည့်နေခိုက် မြင်တော်မူ၍ ရသေ့၏ ဣရိယာပုတ်၌ ကြည်ညိုသွားခဲ့၏။ သို့ဖြင့် အမတ်တစ်ယောက်ကို ပင့်ဆောင်စေပြီး ရသေ့အား မွန်မြတ်သော ဆွမ်းခဲဘွယ်တို့ကို ကပ်လှူ၏။ ထို့နောက်–

"အရှင်ရသေ့... ဤအရပ်သို့ အဘယ်ကြောင့် ကြွလာတော်မူသနည်း"

"အရှင်မင်းကြီး... ငါတို့အဖို့ မိုးကာလ၌ သင့်လျော်လျောက်ပတ်သော နေရာရရန်အတွက် လာခဲ့ခြင်းဖြစ်ပါ၏"

"အရှင်ဘုရား... ထိုသို့ ဆိုပါက ဥယျာဉ်တော်၌ သီတင်းသုံးတော်မူပါ။ အကျွန်ုပ်သည် ကုသိုလ်ကောင်းမှု ပြုပါအံ့"

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဆိုပြီး ဥယျာဉ်တော်အတွင်း၌ ခိုင်ခံ့လုံခြုံသော သစ်ရွက်မိုး ကျောင်းသခ်မ်းကို ဆောက်လုပ်လှူဒါန်းလေ၏။ ဆွမ်းခဲဘွယ်တို့ ဆက်ကပ်ကာ ကိုးကွယ်ပူဇော်၏။ သို့ဖြင့်ရသေ့လည်း တစ်ဆယ့်နှစ်နှစ် ကာလပတ်လုံး ဥယျာဉ်၌ သီတင်းသုံးပြီး နေ့စဉ် နန်းတော်သို့ကြွကာ ဆွမ်းဘုဉ်းပေးလေ၏။

တစ်နေ့သ၌ ပစ္စန္တရာဇ်အရပ်၌ ခိုးသားဓားပြတို့ ဆူပူသောင်းကျန်းနေသည့်အတွက် မင်းကြီးလည်း တိုက်ခိုက်နှိမ်နင်းရန် စစ်သည်ဗိုလ်ပါတို့နှင့် စစ်ထွက်လေ၏။ စစ်ထွက်လု ဆဲဆဲမှာပင် မိဖုရားကြီးအား နေ့စဉ်ဆွမ်းခဲဘွယ်တို့ နန်းတော်၌ ဆရာရသေ့ကု ကပ်လှူရန် တာဝန်ပေးလေ၏။ မိဖုရားကြီးလည်း မင်းကြီးမှာကြားသည့်အတိုင်း ဆရာရသေ့အား ဝတ္တရားမပျက် ဆွမ်းလုပ်ကျွေးလေ၏။

တစ်နေ့သ၌ ဆရာရသေ့သည် ကြွလာနေကျအချိန်တွင် ကြွမလာနိုင်ဘဲ အချိန်အတန်ငယ် ကြာမြင့်သွားလေ၏။ မိဖုရားကြီးလည်း ဆရာရသေ့ ကြွအလာကို စောင့်မျှော်ရင်း နူးညံ့ပြေပြစ်သော အဝတ်တို့ကို ပြေပြေလျော့လျော့ ဝတ်ဆင်လျက် ညောင်စောင်းတစ်ခု၌ လျောင်းစက်ကာ လေသာပြတင်းပေါက်မှ ကြည့်ရှုနေလေ၏။ ထိုအချိန်တွင် ဆရာရသေ့သည် ကောင်းကင်ခရီးမှ ဈာန်ဖြင့်ကြွလာရာ လေသာပြတင်းပေါက်သို့ ရောက်လေ၏။ မိဖုရားကြီးလည်း ရသေ့ကြီး၏ လျှော်တေသက်န်းရောင်ကို ရိပ်ခနဲ မြင်တွေ့ရ၍ ညောင်စောင်းမှ လူးလဲထလိုက်သည် ရှိသော် နူးညံ့ပြေပြစ်သော ကိုယ်ဝတ်သည် ကိုယ်မှလျောကျလေ၏။ ရသေ့ကြီးလည်း မမြင်အပ်သည်တို့ကို မြင်လိုက်ရ၍ ...လေ

www.burmeseclassic.com

www.burmeseclassic.com



သာတို့ နိုးကြားထကြွလာလေရာ ဈာန်အဘိညာဉ်တန်ခိုးတို့သည် ပျယ်ပျောက်သွားရလေတော့၏။ မိဖုရားကြီးလည်း ဆရာရသေ့အား ကပ်လှူမြဲအတိုင်း ကပ်လှူလေ၏။

ရသေ့ကြီးလည်း ကာမဝိတက်တို့ ဖိစီးသဖြင့် နန်းတော်တွင် ဆွမ်းဘုဉ်းမပေးနိုင်တော့ဘဲ ရပ်လျက်သာ ဆွမ်းခံပြီး အပြန်ခရီး၌ ကောင်းကင်မှ ပြန်ကြွရန် ဈာန်မရှိတော့သဖြင့် ခြေလျင်သာ ကြွရလေ၏။ ဉယျာဉ်ရှိ ကျောင်းသခ်မ်းသို့ ရောက်လေသော် ဆွမ်းတို့ကိုလည်း ဘုဉ်းမပေးနိုင်တော့။ ညောင်စောင်းအောက်သို့ သပိတ်ကိုသွင်းလျက် ညောင်စောင်းပေါ်လှဲကာ တလူးလူး တလွန့်လွန့်ဖြစ်ရင်း မိဖုရားကြီး၏ လှပတင့်မောသော ပသာဒတို့ကို တမ်းတမ်းတတ ဖြစ်နေမိလေ၏။ ထိုသို့ ညောင်စောင်း၌ လဲလျောင်းနေသည်မှာ ခုနစ်ရက်တိုင်တိုင် ဖြစ်လေရာ ညောင်စောင်းအောက်ရှိ သပိတ်တွင်းမှ ဆွမ်းတို့သည် ပုပ်သိုးကုန်လျက် ယင်မမဲရိုင်းတို့မှာလည်း ဝိုင်းအုံ၍ နေကြလေ၏။

မင်းကြီးလည်း ပစ္စန္တရာဇ်အရပ်၌ ခိုးသားဓားပြတို့အား နှိမ်နင်းတိုက်ခိုက်ခဲ့ပြီးနောက် စစ်သည်ဗိုလ်ပါတို့နှင့် နေပြည်တော်သို့ ပြန်လာခဲ့ရာ နန်းတော်သို့ မဝင်သေးဘဲ ဆရာရသေ့ကြီးကို ဖူးမြော်ရန်အတွက် ဉယျာဉ်တော်သို့ ဝင်လေ၏။ ကျောင်းသခ်မ်းဝ၌ ခါတိုင်းကဲ့သို့မဟုတ်ဘဲ အမှိုက်တို့ဖြင့် ပြည့်နှက်နေသည်ကို မြင်ရလေရာ ဆရာရသေ့သည် တစ်ပါးသောအရပ်သို့ ပင် ကြွသွားလေသလောဟု အောက်မေ့ပြီး အတွင်းသို့ဝင်ရောက်ကြည့်ရှုရာတွင် ညောင်စောင်းပေါ်၌ လျောင်းစက်နေသော ရသေ့ကြီးကို မြင်တွေ့သွားပြီး–

www.burmeseclassic.com

www.burmeseclassic.com



"ငါ၏ ဆရာရသေ့ကြီးကား ငါမရှိခိုက် စိတ်မချမ်းသာဖွယ် တစ်စုံတစ်ခု ရှိပေလိမ့်မည်"

ဟူ၍ အောက်မေ့လျက် ဆွမ်းသိုးတို့ကို စွန့်ပေး၏။ ကျောင်းသင်္ခမ်းကိုလည်း သုတ်သင်ရှင်းလင်းပေး၏။ ထို့နောက် ရသေ့ကြီးအား မေးလေ၏။

"ဆရာရသေ့... အဘယ်ရောဂါ စွဲကပ်နေပါသနည်း"

"မင်းကြီး... ငါ့၌ မြားဝင်စူးနေ၏"

ဤစကားကြားလေသော် ငါ၏ရန်သူတို့သည် ငါ့ကို လေးမြားဖြင့် ပစ်ခတ်ခွင့် မရသဖြင့် ငါ၏ဆရာရသေ့ကြီးအား ပစ်ခတ်ခြင်း ဖြစ်လိမ့်မည်ဟု ယူဆကာ မြားဝင်သည့်နေရာကို ပြခိုင်းလေ၏။

"အရှင်မင်းကြီး... ငါ့၌ စူးဝင်နေသော မြားဆိုသည်မှာ ပကတိမြားမဟုတ်၊ ကိလေသာ ရာဂမြားပေတည်း"

ဟု မိန့်ဆိုကာ တရားဟော၏။ မင်းကြီးနှင့်တကွ ပရိသတ်အား ကျောင်းသင်္ခမ်းဝသို့ ထွက်စေလျက် ကသိုဏ်း ပရိကံတို့ကို ပြု၏။ ဤတွင် ကွယ်ပျောက်ခဲ့သော ဈာန်အဘိညာဉ်တန်ခိုးတို့ ပြန်လည်ရရှိခဲ့၏။ ဤတွင် တန်ခိုးတော်ဖြင့် ကောင်းကင်ပေါ်သို့ကြွကာ ရပ်တန့်လိုက်ပြီး–

"အရှင်မင်းကြီး... ငါသည် ဟိမဝန္တာသို့ သွားပါတော့မည်။ ငါ့မှာ ကိလေသာထူပြောသော ဤအရပ်သို့ ရောက်လာမိသည့်အတွက် ဖောက်ပြန်ခြင်းသို့ ရောက်ရ၏။ ထို့ကြောင့် ဤအရပ်၌ နေခြင်းမှာ မသင့်"

www.burmeseclassic.com

www.burmeseclassic.com



ဟု မိန့်တော်မူ၏။ ရသေ့ကြီးလည်း မင်းကြီး အတန်တန် တောင်းပန်နေသည့်ကြားမှ ကောင်းကင်ခရီးဖြင့် ဟိမဝန္တာသို့ ကြွကာ တရားဓမ္မတို့ကို အားထုတ်လေ၏။ ဤဒေသနာတော်ကို ဆောင်ပြီး၍ သစ္စာကိုပြသည့်အဆုံး၌ သာသနာတော်၌ ငြီးငွေ့သော ရဟန်းလည်း အရဟတ္တဖိုလ်၌ တည်လေ၏။ တရားနာ ရဟန်းအချို့မှာလည်း အချို့သောတာပန်၊ အချို့ သကဒါဂါမ်၊ အချို့ အနာဂါမ်၊ အချို့ ရဟန္တာတို့ ဖြစ်ကုန်ကြလေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူ၍–

"ရဟန်းတို့...

ထိုစဉ်အခါက ဗာရာဏသီမင်းသည် ယခုအခါ၌ အာနန္ဒာဖြစ်လာ၏။ ရသေ့ကြီးကား ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်တော်မူကာ ဇာတ်ကို ပေါင်းလေသတည်း။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

# ၂၅၂။ တိလမုဋ္ဌိဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၂၅၂]

# တိလမုဋ္ဌိဇာတ်

သတ္တဝါ ဝေနေယျတို့အပေါ်တွင် ကရုဏာတရား ကြီးမားလှစွာသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံး စံနေတော်မူစဉ် အခါက လွန်စွာမှ စိတ်တိုတတ်သော မထင်ရှားသည့် ရဟန်းတစ်ပါး ရှိလေ၏။ ထိုရဟန်းသည် အမျက်မာန်စောင်ကြီး၏။ အငြိုးထားတတ်၏။ သည်းခံစိတ်ကင်း၏။

သည့်အတွက် ရဟန်းအပေါင်းတို့သည် တရားသဘင်၌ စုဝေးမိကြသည့်အခိုက် ထိုရဟန်းအကြောင်းကို ပြောဆိုမိကြလေ၏။

"ငါ့ရှင်တို့... ဤမည်သော ရဟန်းကား စိတ်တို၏။ အမျက်မာန်စောင်ကြီး၏။ အငြိုးအတေးထားရတတ်၏။ သည်းခံစိတ်ကင်း၏"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ပြောဆိုနေကြ၏။ ဘုရားရှင်ကြွတော်မူ၍ ထိုအကြောင်းကို သိလေသော်–

"ရဟန်းတို့… ဤမျှသော ရဟန်းကား ယခုမှသာလျှင် အငြိုးအတေးထားကာ အမျက်ထွက်သည်မဟုတ်။ ရှေးအခါကလည်း ဤသို့ပင် အငြိုးအတေးထား၍ အမျက်မာန်စောင် ကြီးမားခဲ့ဖူးလေပြီ"

ဟု မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော် မူလေသတည်း။

ရှေး… လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် ထိုမင်း၌ ဗြဟ္မဒတ်အမည်ရှိ သားတော်တစ်ပါး ရှိလေ၏။ မင်းကြီးလည်း သားတော် အသက် တစ်ဆယ့်ခြောက်နှစ် အရွယ်သို့ရောက်သည်ရှိသော် သားတော်ကိုခေါ်၍–

"ချစ်သား… ဤအသပြာ တစ်ထောင်ကို ယူ၍ တက္ကသိုလ်ပြည်ရှိ ဒိသာပါမောက္ခကြီးထံသွား၍ အတတ်ပညာတို့ကို သင်ယူပါလော့"

ဟူ၍ ပြောဆိုကာ လွှတ်လိုက်လေ၏။ ဗြဟ္မဒတ်မင်းလည်း ပညာသင်စရိတ် အသပြာတစ်ထောင်ကိုယူ၍ လွှာချင်းဖိနပ်ကို စီးလျက် သစ်ရွက်ထီးကိုဆောင်းကာ တက္ကသိုလ်ပြည်သို့ ထွက်လာခဲ့လေ၏။ ရှေးမင်းတို့သည် မိမိတို့တိုင်းပြည်ရှိ ဆရာတို့ထံ မအပ်နှံဘဲ ဝေးလံသော တိုင်းတစ်ပါးသို့ လွှတ်ရခြင်းမှာ မင်းသားတို့၏ မာနကို ကျိုးစေရန်လည်းကောင်း၊ ရာသီဥတု

www.burmeseclassic.com



ဒဏ်ကို ကြံ့ကြံ့ခံနိုင်စေရန်လည်းကောင်း၊ ကိုယ့်အားကိုယ်ကိုး တတ်ရန်လည်းကောင်း၊ လူတို့၏စရိုက်လက္ခဏာ၊ လူ့သဘော၊ လူ့မနောတို့ကို သိစေရန်လည်းကောင်း ဒေသန္တရ ဗဟုသုတ တိုးပွားရန်အတွက်လည်းကောင်း အကျိုးရှုမြင်လျက် စေလွှတ် ခြင်း ဖြစ်လေ၏။

ဗြဟ္မဒတ်မင်းသားလည်း တက္ကသိုလ်ပြည်သို့ ရောက်သည် ရှိသော် ဒိသာပါမောက္ခ ဆရာကြီးနှင့် တွေ့ဆုံလေ၏။

"အမောင်... မည်သည့်အရပ်က လာခဲ့သနည်း"

"ဗာရာဏသီပြည်မှ လာခဲ့ပါ၏ဆရာကြီး"

"အမောင်သည် မည်သူ၏ သားဖြစ်သနည်း"

"ဗြဟ္မဒတ်မင်းကြီး၏ သားတော်ဖြစ်ပါ၏"

"အမောင်သည် ဆရာကြီး၏ အမှုဝေယျာဝစ္စတို့ကို လုပ်ကိုင်ပေး၍ အခမဲ့ ပညာသင်ယူမည်လော၊ သို့တည်း မဟုတ် အခကြေးငွေ ပြည့်စုံစွာပေး၍ သင်ယူမည်လော"

"အခကြေးငွေ လုံလောက်စွာပေး၍ ပညာသင်ယူပါ မည် ဆရာကြီး"

ဗြဟ္မဒတ်မင်းသားလည်း အသပြာတစ်ထောင်ကို ဆရာကြီး အား ပေးအပ်လျက် အတတ်ပညာတို့ကို သင်ယူလေ၏။

တစ်နေ့သ၌ ဒိသာပါမောက္ခ ဆရာကြီးသည် ဗြဟ္မဒတ် မင်းသားကိုခေါ်၍ ရေချိုးဆိပ်သို့ ထွက်လေ၏။ ဆရာကြီး ရေချိုး နေစဉ် မင်းသားသည် အမယ်အိုကြီး နေလှန်းထားသော နှမ်းဖြူ တို့မှ နှမ်းတစ်ဆုပ်ကိုယူ၍စားလေ၏။ အမယ်အိုလည်း တစ်ကြိမ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမျှသာ ဖြစ်သည့်အတွက် မသိကျိုးကျွံပြုလေ၏။ သို့ရာတွင် နောက်ရက်များ၌လည်း နှမ်းဖြူဆုပ်တို့ကို ယူစားသည်ရှိသော် မခံမရပ်နိုင်ဖြစ်လာကာ–

"ဒိသာပါမောက္ခဆရာကြီးသည် ၎င်း၏တပည့်တို့အား လုယက်တတ်စေရန် သင်ပေး၏"

ဟူ၍ လက်တို့ကိုမြှောက်ကာ ဟိုးလေးတကျော် အော်ဟစ်လေ၏။ ထိုအခါ ဒိသာပါမောက္ခဆရာကြီး ရောက်လာပြီး အကျိုးအကြောင်းကို မေးလေ၏။

"အမယ်အို... အဘယ့်ကြောင့် ယခုကဲ့သို့ အော်ဟစ်ငိုကြွေးနေပါသနည်း"

"ဆရာကြီး... ဆရာကြီး၏တပည့်သည် အကျွန်ုပ်လှန်းထားသော နှမ်းဖြူခင်းမှ နှမ်းတို့အား ယနေ့ဆိုလျှင် သုံးရက်တိတိ ယူ၍စား၏။ ဤသို့သာ နေ့စဉ်စားသောက်နေပါက အကျွန်ုပ်၏ ဥစ္စာတို့ မကုန်ခန်းပါလော"

"မှန်ပေ၏ အမယ်အို... သည့်အတွက် တန်ဖိုးငွေကို ပေးလျော်ပါအံ့"

"ဆရာကြီး... အကျွန်ုပ်သည် နှမ်းဖိုးအလျော်ငွေကို အလိုမရှိပါ။ နောက်နောင် ဤကဲ့သို့ ခိုးစားခြင်းအမှုကို မပြုလုပ်ရန် ထိရောက်စွာ ဟန့်တားဆုံးမ ပေးပါလော့"

"ကောင်းလေပြီ အမယ်အို– ယခုပင်လျှင် သင်၏ မျက်မှောက်၌ ထိရောက်စွာ ဆုံးမပြပါမည်"

ထိုသို့ပြောဆိုပြီးနောက် ဆရာကြီးလည်း နှမ်းခိုးစားသော

www.burmeseclassic.com

www.burmeseclassic.com



မင်းသားအား ခေါ်စေ၏။ ရောက်လျှင် တပည့်လုလင်နှစ်ယောက်အား ကိုင်ချုပ်ထားစေ၏။ သည်နောက် အမယ်အို၏ရှေ့မှာပင် မင်းသား၏ကျောပြင်အား ဝါးခြမ်းစိတ်ဖြင့် ရိုက်နှက်ဆုံးမလေ၏။ ထိုအခါ မင်းသားလည်း ဆရာကြီးအား အငြိုးအတေးထားတော့၏။

"အခွင့်သာသည့်တစ်နေ့၌ ငါ၏ကျောပြင်ကို ဝါးခြမ်းစိတ်ဖြင့် ရိုက်နှက်ခဲ့သော ဆရာကြီးအား တုံ့ပြန်လက်စားချေအံ့"

ထိုသို့ စိတ်ထဲ ကြိတ်ခဲကာ အငြိုးအတေးထားရင်းမှပင် သင်တန်းကာလ ပြီးဆုံးခဲ့လေ၏။ မင်းသားလည်း ဆရာကြီးအား ခွင့်ပန်ရှိခိုးလျက် အကောက်ဉာဏ်ဖြင့်–

"ဆရာကြီး... ဗာရာဏသီပြည်၌ အကျွန်ုပ် စိုးစံသည့်အခါတွင် ဆရာကြီးထံ လူလွှတ်၍ အကြောင်းကြားပါမည်။ ကြွဖြစ်အောင် ကြွခဲ့ပါလော့"

ဟု ဆိုလေ၏။ မင်းသားလည်း ဗာရာဏသီသို့ ပြန်ရောက်၍ မိမိတတ်မြောက်သော အတတ်ပညာများကို ပြသလျှင် ဖခင်မင်းကြီးလည်း လွန်စွာမှ ရွှင်လန်းနှစ်သက်လေ၏။

"ငါ၏သားတော်ကား အတတ်ပညာစုံပေပြီ။ ငါ အသက် ရှင်စဉ်မှာပင် မင်း၏အသရေကို ကြည့်ရှုလို၏"

ဖခင်မင်းကြီးလည်း ထိုသို့အောက်မေ့လျက် မင်းသားအား ဘိသိက်သွန်း၍ ထီးနန်းစည်းစိမ်ကို အပ်နှင်းလေ၏။ မင်းသားလည်း ဗာရာဏသီ၏ ထီးနန်းကို စိုးစံရသည်ရှိသော် ဒိဿာပါ

www.burmeseclassic.com

www.burmeseclassic.com



မောဂ္ဂ ဆရာကြီးက ၎င်းအား ဝါးခြမ်းစိတ်ဖြင့် ရိုက်နှက်ခြင်း ကိစ္စကို ပြေးမြင်လိုက်လေ၏။ ဤတွင် ဒေါသအမျက်တို့ ဆူဝေ တက်ကြွလာကာ-

"ယခုအခါ ငါသည် မင်းအဖြစ်သို့ ရောက်ခဲ့ပေပြီ။ သည့်အတွက် ဆရာကြီးကို ပူဇော်လိုပါ၏။ အမြန်ကြွ ရောက်တော်မူပါလော့"

ဟူသော အမှာစကားဖြင့် လက်ဆောင်ပဏ္ဏာများ စီစဥ်ကာ ဆရာကြီးထံ လူလွှတ် အကြောင်းကြားလေ၏။ ဆရာကြီးလည်း တမန်တော်ထံမှ အကျိုးအကြောင်းကို သိရသည်ရှိသော်-

"ဤမင်းကား... အရွယ်အားဖြင့် ငယ်ပါသေး၏။ ငါ၏ ဆုံးမစကားကို မှတ်သားနာယူ နိုင်လိမ့်ဦးမည် မဟုတ်။ ယခုချက်ချင်း လိုက်သွားရန် မသင့်သေး"

ဟူ၍ ကြံဆကာ တမန်တော်နှင့်အတူ ချက်ချင်း ပြန်မလိုက် သေးဘဲ အချိန်ကို စောင့်ဆိုင်းနေလေ၏။ ဗာရာဏသီမင်းလည်း အသက်အရွယ် ရလာချိန်သို့ ရောက်သည့်အခါမှသာ ဒိသာပါ မောဂ္ဂ ဆရာကြီးလည်း-

"ယခုအခါဆိုလျှင် မင်းကြီးအဖို့ အမျက်မာန်စောင် နည်းပါးချိန်သို့ ရောက်ရှိလောက်ပေပြီ။ ငါ၏ အဆုံးအမ ကိုလည်း နာယူမှတ်သားလောက်ပေပြီ။ မင်းကြီးကို ငါဆုံးမ ရန် သွားမှ တော်ရော့မည်"

ဟု ကြံစည်ဆုံးဖြတ်လျက် ဗာရာဏသီ မင်းကြီးထံ သွား လေ၏။ နန်းတော်တံခါးသို့ ရောက်၍ အကြောင်းကြားစေသော်

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးက ရှေ့တော်သို့ ခေါ်စေ၏။ ရှေ့တော်ရောက်သည်နှင့် မင်းကြီးလည်း ဆရာကြီးအား နီမြန်းသောမျက်လုံးတော်တို့ဖြင့် စေ့စေ့ကြည့်ရင်း–

"ဆရာကြီး... သင်သည် နှမ်းဆုပ်ခိုးစားသည့်ငါ့အား လက်နှစ်ဖက်တို့ကို ချုပ်ကိုင်ထားစေပြီး ဝါးခြမ်းစိတ်ဖြင့် ကျောကို ရိုက်နှက်ဘိ၏။ ထိုအဖြစ်ကို ငါမမေ့သေး။ ယခု ထိတိုင် တစိမ့်စိမ့် သတိရနေသေး၏။

"အို... ဆရာကြီး သင်သည် ယခုငါ့ထံမှောက်သို့ ရောက်လာခြင်းကြောင့် လည်းကောင်း၊ ငါ့ကိုချုပ်နှောင်၍ ဝါးခြမ်းစိတ်ဖြင့် ရိုက်ခဲ့ခြင်းတို့ကြောင့်လည်း သင့်အသက် သည် ရှည်ဖွယ်ရာ မရှိတော့"

ဟူ၍ ခက်ထန်စွာ ခြိမ်းခြောက် ပြောဆိုလေ၏။ ထိုအခါ ဒိသာပါမောက္ခ ဆရာကြီးလည်း တုန်လှုပ်ခြောက်ခြားမှု မရှိဘဲ အေးချမ်းတည်ငြိမ်စွာဖြင့်–

"အရှင်မင်းကြီး... မြတ်သောအကျင့်ရှိသူသည် မမြတ် သော အကျင့် ကျင့်သူအား အပြစ်ပေးတားမြစ်၏။ ထိုသို့ တားမြစ်ခြင်းသည် ဆုံးမခြင်းပင် ဖြစ်ပေ၏၊ ရန်သတ္တုပြု သည် မမည်ပါ။ ထိုသို့ တားမြစ်ခြင်း၏ သဘောတရား ကို ပညာရှိတို့ နားလည်ကြကုန်၏။

အရှင်မင်းကြီး... ဆုံးမသည့်အပေါ်တွင် ရန်ငြိုးဟူ သည် မဖွဲ့ထိုက်ပေ၊ အကယ်၍သာ သင်မင်းကြီးကို ကျွန်ုပ် မတားမြစ်ခဲ့၊ မဆုံးမခဲ့ပါလျှင် နှမ်းဆုပ်မှသည် အခြားသော

www.burmeseclassic.com

www.burmeseclassic.com



မုန့်တို့ကိုလည်းကောင်း၊ သစ်သီးကြီးငယ်တို့ကို လည်းကောင်း၊ လုယက်စားသောက်လာပါမည်။ ထိမှတစ်ဖန် အိမ်ခြံစပ်ကို ဖောက်ဖျက်ခြင်း၊ ခရီးသွားတို့ကို လုယက်ခြင်း၊ ရွာနိဂုံးကို ဖျက်ဆီးခြင်း၊ သူပုန်ထခြင်း စသည်တို့ကို ပြုမူလာပါမည်။ ဤတွင် မင်းနှင့်ဆန့်ကျင်ဘက်ဖြစ်ကာ မင်းပြစ် မင်းဒဏ်သင့်လျက် သေကြေ ပျက်စီးခြင်းသို့ ရောက်ပါလိမ့်မည်။ ဤကဲ့သို့ မင်းစည်းစိမ်ကို ခံစားရလိမ့်မည် မဟုတ်။ အကယ်စင်စစ် သင်မင်းကြီးရရှိခံစားနေရသော မင်စည်းစိမ်ဆိုသည်မှာ အကျွန်ုပ်ကိုမှီ၍ ရသော မင်းစည်းစိမ်ပင် မဟုတ်ပါလော"

ဟူ၍ ပြောလေ၏။ မင်းကြီး ငိုင်တွေစဉ်းစားနေစဉ်မှာပင် အပါး၌ ဝန်းရံခစားနေကြသော ပညာရှိ မှူးမတ်အပေါင်းလည်း မနေသာတော့ဘဲ–

"အရှင်မင်းကြီး... ဤဆရာကြီး၏စကားသည် မှန်ကန်ပါပေ၏။ အကယ်စင်စစ် ဤမင်းစည်းစိမ်သည် ဆရာကြီး ရရှိသင့်သည့် မင်းစည်းစိမ်ပင် ဖြစ်ပေ၏"

ဟု တင်လျှောက်ကြကုန်၏။ ဤတွင် မင်းကြီးလည်း အငြိုးအတေးတို့ ကွယ်ပျောက်၍ ဆရာကြီး၏ ဂုဏ်ကျေးဇူးတို့ကို အောက်မေ့ဆင်ခြင်မိပြီး–

"ဆရာကြီး... အကျွန်ုပ်သည် အလုံးစုံသော မင်းစည်းစိမ်တို့အား ဆရာကြီးထံ အပ်နှင်းပါ၏"

ဟု ဆိုလေသော် ဆရာကြီးလည်း မင်းစည်းစိမ်ကို လက်မခံ

www.burmeseclassic.com

www.burmeseclassic.com



ဘဲ ပယ်လေ၏။ ထိုအခါ မင်းကြီးလည်း မင်းချင်းတို့အား တက္ကသိုလ်ပြည်သို့ စေလွှတ်၍ ဆရာကြီး၏ သားမယားတို့ကို ခေါ်စေပြီးလျှင် များစွာသော စည်းစိမ်အခြံအရံတို့ကို ပေးလေ၏။ ကျေးဇူးရှင် ဒိသာပါမောက္ခ ဆရာကြီးကိုလည်း ပုရောဟိတ်ပညာ ပညာရှိအဖြစ် ဖခင်အရာ၌ထားကာ ဆရာကြီး၏ အဆုံးအမ၌တည်လျက် ကုသိုလ်ဒါန ကောင်းမှုတို့ကို ပြုလေ၏။ ဤဒေသနာတော်ကို နာကြားရသည့် အမျက်ထွက်သော ရဟန်းလည်း အနာဂါမ်ဖိုလ်၌ တည်လေ၏။ ကျန်ရဟန်းတို့မှာလည်း အကျွတ်တရားများ ရရှိကြကုန်၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန်၊ နှစ်တန်သော သတ္တဝါတို့ကို အနုသန္ဓေ ဆက်စပ်တော်မူ၍–

"ရဟန်းတို့...

ထိုစဉ်အခါက ဗာရာဏသီမင်းသည် ယခုအခါ၌ အမျက်ထွက်သော ရဟန်းဖြစ်လာပြီး ဒိသာပါမောက္ခကြီးကား ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

# ၂၅၃။ မဏိကဏ္ဍဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၂၆၃]

# မဏိကဏ္ဍဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင် ဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာ ဘုရားရှင်သည် အာဠဝီပြည်ကို အမှီပြု၍ အဂ္ဂါဠဝ စေတီ၌ စမ်သီတင်းသုံးစဉ်က ဖြစ်၏။

အာဠဝီတိုင်းသား ရဟန်းတို့သည် သုံးဆောင်နေထိုင်ရာ အဆောက်အအုံ ကုဋီတို့ လှူဒါန်းမည့် ဒါယကာများ မရှိကြသဖြင့် ကိုယ်တိုင်ပင် ဆောက်လုပ်ကြရကုန်၏။ ထိုသို့ဆောက်လုပ်ရာ၌ အမှုလုပ်ယောကျ်ားတို့ကို တောင်းခံခြင်း၊ လိုအပ်သော ကိရိယာများ၊ ပစ္စည်းပစ္စယတို့ကို တောင်းခံခြင်းတို့ကြောင့် လူတို့လည်း အတောင်းအရမ်းများမှုအပေါ် စိတ်ပျက်ကာ ရဟန်းတို့ကို မြင်လျှင် ဖယ်ခွာ ရှောင်ရှား ထွက်ပြေးသွားကြကုန်၏။

တစ်နေ့သ၌ အရှင်မဟာကဿပသည် အာဠဝီပြည်သို့ ဆွမ်းခံကြွတော်မူလာ၏။ ထိုအခါ အာဠဝီ ပြည်သူပြည်သားတို့

www.burmeseclassic.com

www.burmeseclassic.com



သည် ရှင်မဟာကဿပကိုမြင်လျှင် နေရာမှ ပြေးကြကုန်၏။ ရှင်မဟာကဿပလည်း ရဟန်းတို့ကို မေးလေသော် အကြောင်းစုံ သိရသည့်အခါ ဘုရားရှင်ရှိရာ သွားလျက် အဖြစ်အပျက်တို့အား လျှောက်ထားကြကုန်၏။ ဘုရားရှင်လည်း ရဟန်းအပေါင်းအား စုဝေးစေလိုက်ပြီး–

"ရဟန်းတို့...သင်တို့သည် ကုဋီတို့ကို ကိုယ်တိုင်ဆောက်လုပ်ကြ၏။ အတောင်းအရမ်းလည်း များကြ၏ဟူသည်မှာ ဟုတ်မှန်သလော"

"မှန်ပါသည် ဘုရား..."

ထိုအခါ ဘုရားရှင်လည်း ကဲ့ရဲ့တော်မူလေ၏။ ထို့နောက်

"ရဟန်းတို့... တောင်းရမ်းခြင်း ဟူသည်ကား ရတနာခုနစ်ပါးနှင့် ပြည့်စုံလှပါသည်ဆိုသော နဂါးမင်းတို့ပင်လျှင်မနှစ်သက်ကြပေ။ လူတို့ဆိုပါမူ အဘယ်မှာလျှင် ဆိုဖွယ်ရာရှိပါအံ့နည်း။ ကျောက်ဖျာမှာ ကျောက်ချပ်ကို ထုဆစ်၍ယူရသကဲ့သို့ တစ်ကျပ်တစ်ပြားမျှကိုပဲ ခဲခဲယဉ်းယဉ်း ရှာဖွေစုဆောင်းကြရကုန်၏"

ဟူ၍ မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်လေသတည်း။

* * *

ရှေး...လွန်လေပြီးသော ကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော်ပုဏ္ဏား အမျိုးအနွယ်၌ဖြစ်လျက် စည်းစိမ်ဥစ္စာ ကြွယ်ဝသော

www.burmeseclassic.com

www.burmeseclassic.com



မိသားတစ်စု ရှိလေ၏။ ၎င်းမိသားစု၌ ညီအစ်ကိုနှစ်ယောက် ရှိလေ၏။ ထိုညီအစ်ကိုနှစ်ယောက်တို့ အရွယ်ရောက်ကြသည် ရှိသော် မိဘတို့ သေလွန်ကြလေ၏။

ထိုအခါ ညီနောင်နှစ်ယောက်တို့လည်း သတိသံဝေဂရပြီး ရသေ့ရဟန်းပြုကာ ဂင်္ဂါမြစ်အနီး၌ သစ်ရွက်မိုးကျောင်း ကိုယ်စီ ဆောက်လုပ်လျက် နေကြလေ၏။ အစ်ကိုကြီး ရသေ့သည် ဂင်္ဂါမြစ်အထက်ရှိ သစ်ရွက်မိုးကျောင်း၌ သီတင်းသုံး၍ ညီငယ် ရသေ့ကား ဂင်္ဂါမြစ်အောက်ဖက်ရှိ သစ်ရွက်မိုးကျောင်း၌ သီတင်း သုံးလေ၏။

တစ်နေ့သ၌ မဏိကဏ္ဌနဂါးမင်းသည် နဂါးပြည်မှထွက်၍ လုလင်အသွင်ဖန်ဆင်းကာ ဂင်္ဂါမြစ်ကမ်း အနီးအနားသို့ လှည့် လည် သွားလာသည်ရှိသော် ညီငယ်ရသေ့၏ ကျောင်းသခ်မ်းသို့ ရောက်သွားလေ၏။ ထို့နောက် ကျောင်းသခ်မ်းတွင်ရှိနေသော ရသေ့ကို ရှိခိုး၍ ပဋိသန္ထာရစကား ပြောဆိုကြလေရာ ကာလ ကြာလွန်သည်ရှိသော် တစ်ဦးနှင့်တစ်ဦး ကင်းကွာ၍ မနေလိုကြ တော့ပေ။

ဤ၌ မဏိကဏ္ဌနဂါးမင်းသည် ညီငယ်ရသေ့ထံ မပြတ် လာရောက်ခစား၍ ရသေ့ကို လွန်စွာချစ်ခင်သဖြင့် ပြန်ခါနီး၌ လုလင်အသွင်စွန့်၏။ ပကတိ နဂါးအသွင်ဖြင့် ရသေ့၏ကိုယ်ကို ရစ်ပတ်ကာ သုံးသပ်၏။ ရသေ့၏ ဦးခေါင်းထက်၌ ပါးပျဉ်းကို ဖြန့်မိုး၏။ ထိုသို့ အချိန်အတန်ငယ်နေပြီးမှ ကျေနပ်အားရသော အခါ ရသေ့ကိုယ်မှခွာလျက် ရသေ့အား ရှိခိုးပြီး ပြန်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ညီငယ်ရသေ့လည်း မဏိကဏ္ဍနဂါးမင်းအား ကြောက်ရွံ့ထိတ်လန့်သည်ဖြစ်၍ လန်းလန်းရွှင်ရွှင် မရှိတော့ဘဲ အသားအရေတို့ ခန်းခြောက်ပိန်ချုံးလာလေ၏။ ခန္ဓာကိုယ်မှာ အရိုးနှင့်အရေသာရှိ၍ အသားအရောင်မှာလည်း ဖက်ရွက်ယော်ကဲ့သို့ ဖျော့တော့နေလေ၏။

တစ်နေ့သ၌ နောင်တော်ရသေ့ထံ အဖူးမြော် ဝင်လေရာ နောင်တော်ရသေ့က မေးလေ၏။ ညီတော်ရသေ့ထံမှ အကျိုးအကြောင်း ပြည့်စုံစွာ သိရလေသော်–

"ညီတော်ရသေ့... နဂါးမင်း မလာခြင်းကို အလိုရှိပါသလော"

"မှန်ပေသည် နောင်တော်၊ အကျွန်ုပ်အဖို့ နဂါးမင်း လာခြင်းကို အလိုမရှိပါ။ ၎င်းလာသည်ဆိုလျှင် တထိတ်ထိတ်နှင့် စိုးရွံ့ကြောက်လန့်နေရပါ၏"

"ညီတော်ရသေ့... မဏိကဏ္ဍနဂါးမင်းသည် သင့်ထံသို့ လာသောအခါ မည်သို့သော တန်ဆာကိုဆင်၍ လာလေသနည်း"

"နောင်တော်ရသေ့...မဏိကဏ္ဍနဂါးမင်းသည် သင့်ထံသို့ လာသောအခါ မည်သို့သောတန်ဆာကို ဆင်၍လာသနည်း"

"နောင်တော်ရသေ့... မဏိကဏ္ဍသည် ၎င်း၏လည်၌ ပတ္တမြားရတနာကို ဆင်၍လာပါသည်"

"ကောင်းပေပြီညီတော် ယခုတစ်ခါ နဂါးမင်း သင့်ထံလာ၍ မထိုင်ရသေးခင်မှာ ၎င်း၏ ပတ္တမြားရတနာကို

www.burmeseclassic.com



တောင်းလော့။ ဤတွင် နဂါးမင်းသည် သင့်ကို အခွေတို့ဖြင့် မရစ်ပတ်ဘဲ ထသွားပါလိမ့်မည်။

နောက်တစ်နေ့ ကျောင်းသခ်မ်းဝသို့ ရောက်လျှင်ပင် ၎င်း၏ပတ္တမြားရတနာကို တောင်းခံလော့။ နေရာမှ ချာခနဲ ပြန်လှည့်သွားပါလိမ့်မည်။ နောက်တစ်နေ့ ဂင်္ဂါမြစ်ကမ်းမှနေကာ ရေကူးလာစဉ် တောင်းခံလော့။ နဂါးမင်းသည် ညီတော့်ထံ ဘယ်သောအခါမှ လာတော့မည်မဟုတ်"

နောင်တော်ရသေ့လည်း နဂါးမင်းအချစ်ပျက်၍ ညီတော်ရသေ့ထံ ရောက်မလာရန် နည်းပေးလိုက်လေ၏။

ညီတော်ရသေ့လည်း နောက်တစ်နေ့ နဂါးမင်းရောက်လာ၍ ထိုင်ပင် မထိုင်ရသေးမီ–

"နဂါးမင်း...သင်၏ လည်၌ဆွဲထားသော ပတ္တမြားရတနာကို ငါ့အားပေးပါလော့"

ဟု တောင်းခံလေရာ နဂါးမင်းလည်း နေရာမှ ပြန်လှည့်သွားလေ၏။ နောက်တစ်နေ့ ကျောင်းသခ်မ်းဝသို့ ရောက်လျှင်ပင်–

"အသင်နဂါးမင်း...သင်သည် ပတ္တမြားရတနာအား မနေ့က ပေးမသွားခဲ့။ ယခုပင် ငါ့အား ပေးပါလော့"

ဟု တောင်းခံလေရာ နဂါးမင်းလည်း ကျောင်းသခ်မ်းဝမှပင် ပြန်လှည့်သွားလေတော့၏။ နောက်တစ်နေ့ မြစ်ကမ်းမှ စောင့်ကာ နဂါးမင်း ရေမှပေါ်လာစဉ်–

"အသင်နဂါးမင်း...ငါသည် သင့်ထံမှ ပတ္တမြား

www.burmeseclassic.com

www.burmeseclassic.com



ရတနာအား တောင်းခံနေသည့်မှာ ယနေ့ဆိုပါက သုံးရက် မြောက် ရှိပေပြီ။ ယနေ့ပင် ငါ့အားပေးခဲ့ပါလော့”

ဟူ၍ တောင်းခံလေ၏။ ထိုအခါ နဂါးမင်းသည် ရေပေါ်တွင် ရပ်တည်လျက်–

“အိုရသေ့… ဤပတ္တမြားတန်ဆာကား နှယ်နှယ်ရရ မဟုတ်။ ဤပတ္တမြားတန်ဆာ၏ အစွမ်းဖြင့် ကျွန်ုပ်အတွက် မွန်မြတ်သော နတ်သြဇာတို့ကို စားသုံးရ၏။ သည့်အတွက် ဤပတ္တမြားတန်ဆာအား သင့်ကို မည်သည့်နည်းနှင့်မျှ ပေးလိမ့်မည်မဟုတ်။ သင်ကား လွန်စွာ အတောင်းအရမ်း ထူဘိ၏။ သည့်အတွက် ယနေ့မှစ၍ သင်၏ကျောင်းသို့ လည်း ကျွန်ုပ်လာတော့မည် မဟုတ်”

ဟူ၍ ပြောဆိုပြီး မြစ်အတွင်းသို့ ငုပ်လျှိုးပျောက်ကွယ်သွား လေတော့၏။ ထိုအခါမှစ၍ နဂါးမင်း ပေါ်မလာတော့။

ထိုအခါတွင်လည်း ညီငယ်ရသေ့သည် နဂါးမင်းကို တမ်းတ ပြန်၏။ ယိုအခါ၌ နဂါးမင်းကို မမြင်ရသည့်အတွက် စိတ်နှလုံး ညှိုးချုံးကာ ရှေးကထက် ပိန်ကြုံလာတော့၏။ ထိုအဖြစ်ကို နောင်တော်ရသေ့ သိလေသော်–

“ညီတော်…ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် လွန်စွာတန်ဖိုး ထား မြတ်နိုးသည့် ပစ္စည်းတစ်စုံတစ်ရာကို မတောင်းရမ်း ရာ။ အလွန်တောင်းရမ်းသည့်အတွက် မုန်းတီးမှုကို ခံရ တတ်၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း နဂါးမင်းလွှန်စွာတန်ဖိုးထားသည့် ပတ္တမြား တန်ဆာကို တောင်းခံမိသည့်အတွက် နဂါးမင်းလည်း ညီတော်မမြင်ရာအရပ်သို့ သွားလေပြီ"

ဟု အဆုံးအမပေးကာ စိတ်ဝေဒနာခံစားမှုကို သက်သာရာ ရစေခဲ့၏။ ထို့နောက် ရသေ့ညီနောင်နှစ်ပါးလည်း အဘိညာဉ် သမာပတ်ကို ဖြစ်စေလျက် သေလွန်သည်ရှိသော် ဗြဟ္မာ့ပြည်သို့ လားရောက်ရကုန်၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူပြီးနောက်–

"ရဟန်းတို့...

ထိုအခါက ညီတော်ရသေ့သည် ယခုအခါ အာနန္ဒာဖြစ်လာ၏။ နောင်တော် ရသေ့သည်ကား ငါဘုရားရှင် ဖြစ်လာ၏"


ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

# ၂၅၄။ ကုဏ္ဍကုစ္ဆိသိန္ဓဝဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၂၅၄]

# ကဏ္ဍကက ကုဋိသိနွဝဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင်ဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ဖြစ်၏။

တစ်ရံရောအခါ မြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ ဝါဆိုတော်မူပြီးလျှင် ဒေသစာရီ ကြွချီတော်မူပြီး အချိန်တန်သော် ပြန်လည်ကြွမြန်းလာခဲ့လေ၏။ ဤတွင် ဒါယကာတို့သည် အာဂန္တုဆွမ်းဝတ်ကို ပြုမည်ဟူ၍ ဘုရားရှင်အမှူးရှိသော သံဃာတော်တို့အား အလှူကြီးပေးကြကုန်၏။

ဘုရားရှင်သည် ကျောင်းတော်၌ "ဓမ္မဃောသက"မည်သော ရဟန်းတစ်ပါးကို ထားရှိ၏။ ထိုရဟန်းတော်သည် ဒါယကာတို့ အလိုရှိသော ရဟန်းတို့ကို ခွဲဝေပေး၏။ တစ်နေ့သ၌

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲနွမ်းပါးလှသော အမယ်အိုသည် ၎င်း၏ချွေးနဲ့စာဖြင့် ရဟန်းတစ်ပါးစာဆွမ်းကို စီစဉ်ခဲ့၏။ သို့ရာတွင် ၎င်းအတွက် သံဃာတစ်ပါးမျှ မရလေသည့်အတွက် ကျောင်းရှိ ဓမ္မဃောသက ရဟန်းထံ သွားရောက်ပြီး–

"အရှင်ဘုရား...တပည့်တော်မအတွက် ရဟန်းတစ်ပါး ပေးတော်မူပါဘုရား"

ဟူ၍ လျှောက်လေ၏။ ထိုအခါ ဓမ္မဃောသကလည်း–

"ဒါယိကာမကြီး... ရဟန်းတို့ကား ခွဲဝေ၍ ကုန်လေပြီ။ သို့ရာတွင် ကျောင်း၌ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး ရှိနေသေး၏။ အကျိုးအကြောင်းသွား၍ လျှောက်ထားချေလော့။

ဟု စေလွှတ်လိုက်လေ၏။ အမယ်အိုလည်း ဝမ်းမြောက်ဝမ်းသာဖြစ်၍ ကျောင်းတံခါးဝ၌ ရပ်သည်ရှိသော် အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး ကြွလာသည်နှင့် ကြုံလေ၏။ ထိုအခါ ရိုသေစွာ ရှိခိုးလျှောက်ထား၍ ကိုယ်တော်ကြီးလက်မှ သပိတ်ကိုယူကာ အိမ်သို့ပင့်ဆောင်လျက် မြတ်သောနေရာ၌ သီတင်းသုံးစေ၏။ ဤအကြောင်းကို ကောသလမင်းကြီး ကြားသိတော်မူလျှင် မင်းချင်းတို့အား–

"အမယ်အိုအား ဤအဝတ်ကို ဝတ်စေ၍ ဤအသပြာ တစ်ထောင်ဖြင့် ဝယ်ခြမ်းကာ မွန်မြတ်သော ဘောဇဉ်တို့ဖြင့် အရှင့်အား လုပ်ကျွေးစေလော့"

ဟူ၍ မှာကြားပြီး အဝတ်ပုဆိုးနှင့် အသပြာတို့ကို ပို့စေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မဟာအနာ့ထပိဏ်၊ စူဠအနာထပိဏ်နှင့် ဝိသာခါတို့လည်း အမယ်အိုထံ အသီးသီး အသပြာတို့ကို ပို့စေ၏။ ထိုအခါ အခြားအခြားသော လူတို့မှာလည်း မိမိတို့ တတ်စွမ်းသရွေ့ တစ်ရာတန်သည်၊ နှစ်ရာတန်သည် စသဖြင့် အမယ်အိုထံ ပို့ဆောင်နေကြရာ ထိုတစ်ရက်တည်းမှာပင် ဆင်းရဲနွမ်းပါးလှသော အမယ်အိုသည် အသပြာ တစ်သိန်းကို ရရှိလိုက်လေသတည်း။

ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးလည်း အမယ်အိုကပ်လှူသော ယာဂုကိုသောက်၍ အမယ်အိုစီစဉ်သော ခဲဘွယ်ဘောဇဉ်တို့ကို ဘုဉ်းပေးပြီးသည်ရှိသော် အနုမောဒနာပြုပြီး အမယ်အိုအား သောတာပန်တည်စေခဲ့၏။ ထို့နောက် ကျောင်းသို့ပြန်ကြွလေ၏။

ထိုအခါ ရဟန်းတို့လည်း တရားသဘင်၌ စုဝေးတွေ့ဆုံမိကြသည့်အခိုက်–

"ငါ့ရှင်တို့... ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးသည် အမယ်အိုအိမ်ရှင်မအား ဆင်းရဲတွင်းမှ လွတ်စေခဲ့၏။ အမယ်အို ကပ်လှူသော ယာဂုဘောဇဉ်တို့ကို မရွံမရှာ ဘုဉ်းပေးတော်မူ၏"

ဟူ၍ ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီး၏ ဂုဏ်ကျေးဇူးတို့ကို ထုတ်ဖော်ချီးကျူးနေကြလေ၏။ ထိုအခါ ဘုရားရှင်ကြွတော်မူလာပြီး အကြောင်းစုံကို သိရလေသည်ရှိသော်–

"ရဟန်းတို့... ငါ၏ချစ်သား သာရိပုတ္တရာသည် ယခုအခါ၌သာ ထိုအမယ်အို၏ ကိုးကွယ်ရာဖြစ်သည် မဟုတ်

www.burmeseclassic.com



သေး။ ရှေးအခါ၌လည်း ဖြစ်ခဲ့ဖူး၏။ ယခုအခါ၌သာ အမယ်အို ချက်ပြုတ်လှူဒါန်းသော အစာအာဟာရတို့ကို မရှုံ့မရှာ စားသည်မဟုတ်။ ရှေးအခါ၌လည်း စားခဲ့ဖူးပေပြီ”

ဟု မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး... လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ဥတ္တရာပထ ဇနပုဒ်အရပ်၌ မြင်းကုန်သည်တစ်ဦး ရှိလေ၏။

တစ်နေ့သ၌ မြင်းကုန်သည် ငါးရာတို့သည် မြင်းတို့ကို ဆောင်ယူလျက် ဗာရာဏသီပြည်သို့ သွားကြကုန်၏။ ထိုအထဲမှ မြင်းကုန်သည်တစ်ဦးသည် မြင်းငါးရာတို့ကို ယူဆောင်ပြီး ခရီးထွက်လာရာ ဗာရာဏသီပြည်သို့ မရောက်မီ ခရီးအကြားရှိ နိဂုံးရွာ တစ်ရွာသို့ ရောက်ခဲ့လေ၏။

ထိုနိဂုံးရွာ၌ စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာသော သူဌေးကြီးတစ်ဦး ရှိခဲ့ဖူး၏။ ၎င်းသူဌေးကြီး၏ နေရာအိမ်သည် လွန်စွာကြီးကျယ်ခမ်းနား၏။ ကာလကြာသော် လောကဓံသဘောအရ ပျက်စီးဆုံးပါးခြင်းတို့နှင့် ရင်ဆိုင်ရ၍ ထိုအိမ်အိုကြီး၌ အမယ်အို တစ်ဦးသာ ကျန်ရစ်ခဲ့လေ၏။ မြင်းကုန်သည်သည် အမယ်အိုထံ ဝင်ရောက်၍ အဖိုးအခပေးပါမည်၊ ခေတ္တတည်းခိုခွင့်ပြုပါမည့်အကြောင်း ပြောဆိုရာ အမယ်အိုလည်း ခွင့်ပြုခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညမှာပင် ကုန်သည်ဆောင်ယူလာခဲ့သော မြင်းငါးရာမှ တစ်ကောင်သော မြင်းမသည် အာဇာနည်မြင်းငယ်ကို ဖွားမြင်ခဲ့လေ၏။ အာဇာနည်မြင်းငယ်မှန်း ကုန်သည်လည်း မသိပေ။ အချိန်တန်၍ မြင်းတို့ကို ဆောင်ယူကာ ခရီးဆက်မည်ရှိသော် ကုန်သည်လည်း အမယ်အိုအား တည်းခိုခကို ပေးမည်ပြု၏။ ထိုအခါ အမယ်အိုက–

"အမောင်ကုန်သည်... အကျွန်ုပ်အား အဖိုးအခပေးမည်ဆိုလျှင် ရောက်စနေ့က ဖွားမြင်သော မြင်းငယ်ကိုပေးပါလော့"

ဟု တောင်းလေ၏။ မြင်းကုန်သည်လည်း သဘောတူမှုကာ အမယ်အိုအား မြင်းငယ်ကိုပေးခဲ့၍ ခရီးဆက်လေတော့၏။ အမယ်အိုသည် မြင်းငယ်အား ရင်ဝယ်သားကဲ့သို့ ချစ်ခင်၏။ သည့်အတွက် နေ့စဉ် သူတတ်နိုင်ရာ ဆန်ကွဲထမင်းနှင့် စားငုတ်မြက်တို့ကျွေးကာ မွေးမြူထားလေ၏။

တစ်နေ့သော် ဥတ္တရာပထဇနပုဒ်မှ မြင်းကုန်သည်လည်း မြင်းငါးရာကို ဆောင်ယူ၍ ဗာရာဏသီပြည်သို့ ထွက်ခဲ့ရာ လမ်းခုလပ်ရှိ အမယ်အိုတို့ အိမ်အရောက်တွင် ဝင်ရောက်တည်းခိုလေ၏။ ဤတွင် အာဇာနည်သိန္ဓောမြင်းငယ်နေရာအရပ်မှ အနံ့ကို ရသည့်အတွက် မြင်းငါးရာစလုံးပင် အထဲသို့ မဝင်ကြချေ။ မြင်းကုန်သည်သည် ပညာရှိဖြစ်လေရကား စူးစမ်းလေ၏။

"အမယ်အို... ဤအိမ်၌ မြင်းတို့ရှိသလော"

"အမောင်... ငါ့၌ ရင်ဝယ်သားကဲ့သို့ ချစ်ခင်ယုယ

www.burmeseclassic.com

www.burmeseclassic.com



စွာ မွေးမြူထားသော မြင်းတစ်ကောင်သာ ရှိပါ၏။ အခြား မြင်းတို့ မရှိပါ"

"အမယ်တို့... သည်သို့ဆိုပါက ထိုမြင်းငယ်သည် မည်သည့်အရပ်သို့ သွားနေပါသနည်း"

"အမောင်... အစာရှာဖွေစားသောက်ရန် ထွက်သွားပါ၏။ ညနေချမ်းအချိန်အခါသို့ ရောက်သော် ပြန်လာပါလိမ့်မည်"

မြင်းကုန်သည်လည်း ထိုမြင်းငယ်ရောက်လာချိန်ကို စောင့်စားရင်း ၎င်း၏မြင်းတို့အား အပြင်၌ စနစ်တကျ ထားလေ၏။ ညနေချမ်းအချိန်သို့ ရောက်သည်ရှိသော် အာဇာနည် သိန္ဓောမြင်းငယ်လည်း အစာရှာဖွေ စားသောက်ပြီး ပြန်လာခဲ့လေ၏။ မြင်းကုန်သည်ပညာရှိလည်း ထိုမြင်းငယ်၏ လက္ခဏာအသွယ်သွယ်ကို ကြည့်ရှုဆင်ခြင်လတ်သည်ရှိသော်–

"ဤမြင်းငယ်ကား... သိန္ဓောမြင်းတည်း။ အဖိုးမဖြတ်နိုင်အောင် တန်ဖိုးရှိလှ၏။ သို့ဖြစ်၍ အမယ်အိုထံ ထိုက်သင့်သော အဖိုးအခပေး၍ ဝယ်ယူရန်သင့်၏"

ဟုကြံစည်စိတ်ကူးမိလေ၏။ သိန္ဓောမြင်းငယ်လည်း ၎င်း၏နေရာသို့ ဝင်လေ၏။ အပြင်၌ရှိသော မြင်းငါးရာမှာမူ တုတ်တုတ်မျှ မလှုပ်ဝံ့ကြကုန်။

သို့ဖြင့် မြင်းကုန်သည်လည်း ခရီးဆက်ရမည့် အချိန်သို့ ရောက်သည့်အခါ–

"အမယ်အို... ဤမြင်းငယ်ကို မည်သည့်အစာတို့ ကျွေး၍ မွေးမြူခဲ့ပါသနည်း"

www.burmeseclassic.com

www.burmeseclassic.com



"အမောင်... ငါကား ဆင်းရဲချို့တဲ့သူဖြစ်၏။ ဆန်ကွဲထမင်းကို ကျို၍ ငုတ်မြက်တို့ကို ကျွေးပါ၏"

"အမယ်အို... အကျွန်ုပ်သည် ဤမြင်းငယ်ကို ရပါက ထမင်းကို စားစေပါမည်။ ရှင်းနေသော နေရာအထက်၌ ပုဆိုးဗိတာန်ကြက်ပြီး သန့်ရှင်းစင်ကြယ်သော အင်းပျဉ်ပေါ်၌ ထားပါမည်"

သည်သို့ ဆိုလေသော် အမယ်အိုလည်း မြင်းငယ်ကောင်းစားမည့်အရေးကို တွေးမြင်မိသည့်အလျောက်–

"အမောင်... ဤသို့ ဂရုတစိုက် ပြုစုမည်ဆိုပါက ငါ၏သားငယ်သည် ကောင်းစွာ စံစားရပေမည်။ ယူဆောင်သွားပေလော့"

ဟု ဆိုလေ၏။ ထိုအခါ ပညာရှိကုန်သည်လည်း သိန္ဓောမြင်းငယ်၏ ခြေလေးချောင်း၊ အမြီးရင်း၊ ခံတွင်းတို့၌ အသပြာတစ်ထောင်စီ စုစုပေါင်း အသပြာ ခြောက်ထောင်ထား၍ အမယ်အိုအား အဝတ်သစ်တို့ကိုပေးကာ ဆင်ယင်စေ၏။ အဝတ်သစ်တို့ ဝတ်ပြီးသော် မြင်းငယ်ရှေ့၌ ရပ်စေ၏။ ဤတွင် သိန္ဓောမြင်းငယ်လည်း အမယ်အိုကြည့်လျက် မျက်ရည်များ စီးကျလာလေ၏။ အမယ်အိုသည် သိန္ဓောမြင်းငယ်၏ ကျောကို ယုယစွာပွတ်သပ်လျက်–

"ချစ်သား... ငါ့မှာ သားမွေးရကျိုး နပ်ပေပြီ။ လိုက်သွားပါလေလော့"

ဟု ဆိုလေရာ၊ သိန္ဓောမြင်းငယ်လည်း ကုန်သည်နောက်

www.burmeseclassic.com

www.burmeseclassic.com



သို့ တည်ငြိမ်စွာ လိုက်ပါသွားလေ၏။ ပညာရှိ မြင်းကုန်သည်သည် သိန္ဓောမြင်းငယ်အတွက် ထမင်းကို စီရင်၏။ ဤ၌ ဤသိန္ဓောမြင်းငယ်သည် မိမိ၏အစွမ်းကို သိသလော၊ မသိသလော ဟု စုံစမ်းလိုသဖြင့် စားခွက်အတွင်း၌ ဆန်ကွဲ ယာဂုတို့ကို လောင်း၍ ထည့်လေ၏။ ထိုအခါ သိန္ဓောမြင်းငယ်က ဆိုလေ၏။

"သင် စီစဉ်ပေးသော ဘောဇဉ်ကိုလည်းကောင်း၊ ယာဂုကိုလည်းကောင်း ငါ အလိုမရှိ"

"အို... မြင်းငယ်၊ သင်ကား စားကြွင်းမြက်နှင့် ဆန်ကွဲထမင်းချိုးကိုသာ စားသောက်ကြီးပြင်းခဲ့ရ၏။ ဤဆန်ကွဲယာဂုသည် သင်စားသောက်နေကျ အစာပင်ဖြစ်၏။ ယခုအခါ သင်သည် အဘယ်ကြောင့် မစားလေသနည်း"

"မြတ်သော ကုန်သည်... အမျိုးဇာတ်အားဖြင့်လည်းကောင်း၊ အကျင့်အားဖြင့်လည်းကောင်း လိုက်လျောအောင် ကျွေးမွေးရမည့် အစာအာဟာရကို မသိသောသူ၏ထံ၌သာ ငါသည် စားသောက်ခဲ့ပေ၏။

မြတ်သော ကုန်သည်... သင်သည် ငါ့အား အမျိုးဇာတ် မြင့်မြတ်သော သိန္ဓောမြင်းမှန်း သိသူဖြစ်၏။ မိမိအစွမ်းကိုသိသော ငါသည် အစွမ်းကိုသိသော သင့်ထံ၌ ယာဂုဆန်ကွဲကို မစားနိုင်။ သင်သည် ဆန်ကွဲယာဂုသာ စားစေလိုပါက အသပြာ ခြောက်ထောင်ပေး၍ ငါ့အား ဝယ်ယူလိမ့်မည် မဟုတ်"

www.burmeseclassic.com

www.burmeseclassic.com



မြင်းကုန်သည်လည်း ဤစကားကို ကြားလေသော် နှစ်ထောင်းအားရဖြစ်လျက် ရွှင်လန်း ဝမ်းမြောက်စွာဖြင့်–

"အို... သိန္ဓောမြင်းငယ် ငါသည် သင့်ကို စုံစမ်းလိုသည့်အတွက် ဆန်ကွဲယာဂုကို ကျွေးခြင်းဖြစ်ပါ၏။ ငါ့အပေါ် အမျက်မထွက်ပါနှင့်"

ဟူ၍ ဖျောင်းဖျပြောဆိုကာ မွန်မြတ်သော ဘောဇဉ်တို့ကို ကျွေးမွေးလေ၏။ မြင်းကုန်သည်သည် ဗာရာဏသီ နန်းရင်ပြင်သို့ ရောက်လေလျှင် တစ်နေရာ၌ မြင်းငါးရာတို့ကို ထား၍ သိန္ဓောမြင်းငယ်ကိုမူ သီးသန့်ထားလေ၏။ အင်းပျဉ်ကိုခင်းပေး၏။ ဆန်းကြယ်သော တင်းထိမ်ကို ကာရံပေး၏။ အထက်၌ ပုဆိုး ဗိတာန်ကြက်ကာ ကောင်းစွာထားပေး၏။ မင်းကြီးလည်း မြင်းတို့ကို ကြည့်ရှုရန် ကြွလာတော်မူသည့်အခိုက် သီးသန့်ထားသော မြင်းကိုတွေ့သည်ရှိသော် မေးတော်မူလေ၏။

"အချင်း... ကုန်သည် ဤမြင်းငယ်ကို အဘယ်ကြောင့် သီးသန့်ထားသနည်း"

"အရှင်မင်းကြီး... ဤမြင်းကား သိန္ဓောမြင်းတည်း။ မြင်းတကာတို့ ရှိကြသည့်အနက် မည်သည့်မြင်းနှင့်မျှမတူဘဲ ထူးခြားမြင့်မြတ်လှသော မြင်းဖြစ်ပါ၏"

"အချင်းကုန်သည်... သိန္ဓောမြင်းဟူသည် မြင်းကောင်း ဟုတ်ပါသလော"

"အရှင်မင်းကြီး... သိန္ဓောမြင်းကား မြင်းကောင်းမှန်ပါ၏"

www.burmeseclassic.com

www.burmeseclassic.com



"အချင်းကုန်သည်...သို့ဆိုပါက ဤမြင်း၏ လျင်မြန်ခြင်းကို ကြည့်ရှုလို၏"

"အရှင်မင်းကြီး... သို့ဆိုက ရှုစားပါလော့"

ဤတွင် မြင်းကုန်သည်လည်း သိန္ဓောမြင်းအား ကကြိုးတန်ဆာများ ဆင်ယင်ပြီးသည့်နောက် စီးနင်းပြလေရာ မင်းကြီးနှင့်တကွ မြင်ရသူအပေါင်းမှာ သိန္ဓောမြင်း၏ လျင်မြန်ခြင်းကို ရင်သပ်ရှုမော အံ့သြဘနန်း ဖြစ်ကြလေ၏။

တစ်ဖန် မြင်းကိုလွှတ်ပြန်၏။ အလွန်လျင်မြန်သဖြင့် တာစ်စုံတစ်ယောက်မျှ မြင်းကို မမြင်ရပေ။ ထို့နောက် အဝတ်နီကို ပတ်၍ လွှတ်လိုက်ပြန်၏။ အဝတ်နီကိုသာ မြင်ရ၏။ ပြီးလျှင် မြို့တွင်းရှိ ဥယျာဉ်ရေကန်သို့ လွှတ်လိုက်ပြန်၏။ ရေကန်ပေါ်တွင် ပြေးနေသော သိန္ဓောမြင်း၏ ခွာဖျားတို့သည် ရေစိုခြင်းမရှိကြကုန်။ ပဒုမ္မာကြာရွက်တို့အပေါ်၌ ပြေးသည်ရှိသော် ပဒုမ္မာကြာရွက် တစ်ရွက်ကိုမျှ ရေမနစ်စေခဲ့ပေ။

ဤကဲ့သို့ သိန္ဓောမြင်း၏ ပြည့်စုံခြင်းကို ပြပြီးသည်ရှိသော် မြင်းပေါ်မှ ဆင်းသက်၍ လက်ခုပ်တီးကာ လက်ဝါးပြင်ကို ဖြန့်၍ ပြလေ၏။ သိန္ဓောမြင်းငယ်လည်း လာလတ်၍ ခြေလေးချောင်းတို့ကို တစ်ပေါင်းတည်းစုကာ လက်ဝါးပြင်ပေါ်၌ ရပ်လေ၏။ ထိုအခါ မြင်းကုန်သည်လည်း–

"အရှင်မင်းကြီး... သိန္ဓောမြင်း၏ အစွမ်းကို တွေ့မြင်ပြီ မဟုတ်လော"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ မေးလေ၏။ မင်းကြီးလည်း ဝန်ခံပြီးသည့်သကာလ မြင်းကုန်သည်အား တိုင်းပြည်တစ်ဝက်ကိုပေး၍ သိန္ဓောမြင်းကို ဆောင်လေ၏။ သိန္ဓောမြင်းအား ဘိသိက်သွန်းလောင်း၍ မင်္ဂလာ မင်းအဖြစ် ပြုလေ၏၊ များစွာသော ပူဇော်သက္ကာရကိုလည်း ပြုလေ၏။ တန်ဆာဆင်အပ်သော နေရာကို တိုက်ခန်းကဲ့သို့ မြင်းတော်နေရာကို ပြုပေ၏။ နံ့သာမျိုး လေးပါးတို့ဖြင့် မြေညက်တို့ကို လိမ်းကျံထားလေ၏။ အထက်၌ ရွှေကြယ်စီလျက် ဗိတာန်ကို ကြက်လေ၏၊ ထက်ဝန်းကျင်၌လည်း ဆန်းကြယ်လှစွာသော တင်းထိမ်တို့ကို ကာရံပေး၏။

မင်းကြီးကား သိန္ဓောမြင်းအပေါ် ဤရွေ့ဤမျှလောက် ချီးမြှောက်ရုံဖြင့် မကျေနပ်နိုင်သေး။

နံ့သာ ပန်းဆိုင်တို့ကို ဆွဲထား၏။ အမြဲလိုပင် နံ့သာဆီမီးတို့ကို ထွန်းညှိပေးထား၏၊ ကျင်ကြီးကျင်ငယ် စွန့်ရာအရပ်၌ ရွှေအိုး၊ ငွေအိုးတို့ကို ခံ၍ထားပေး၏။ အစားအသောက်၌လည်း မင်းကြီးနေ့စဉ် သုံးဆောင်သော အာဟာရဘောဇဉ်တို့ကို စားသုံးစေ၏။

မင်းကြီးလည်း အာဇာနည်သိန္ဓော မင်္ဂလာမြင်းတော်ကို ရသည့်နေ့မှစ၍ ဇမ္ဗူဒိပ်ကျွန်းအလုံး၌ ဩဇာတိက္ကမ အရှိန်အဝါတို့ကြီးကာ အတိုင်းတိုင်း အပြည်ပြည်မှမင်းတို့ လာရောက်ခစားကြကုန်၏။ မင်းကြီးလည်း ပညာရှိ မြင်းကုန်သည်၏ အဆုံးအမ၌ တည်လျက် ကုသိုလ်ကောင်းမှုတို့ကို ပြုကာ သေလွန်သည့်ရှိသော် နတ်ပြည်သို့ လားရလေ၏။ ဤဒေသနာတော်ကိုဆောင်

www.burmeseclassic.com



၍ သစ္စာပြသည့်အဆုံး၌ များစွာသော ရဟန်းတို့သည် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာအဖြစ်သို့ အသီးသီး ဆိုက်ရောက်ကြကုန်၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူ၍–

"ရဟန်းတို့...

ထိုအခါက အမယ်အိုသည် ယခုအခါ အမယ်အိုဖြစ်လာ၏။ ထိုအခါက သိန္ဓောမြင်းသည် ယခုအခါ ရှင်သာရိပုတ္တရာဖြစ်လာပြီး၊ ပညာရှိ မြင်းကုန်သည်ကား ငါဘုရားရှင် ဖြစ်လာ၏"


ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

# ၂၅၅။ သုကဇာတ်



www.burmeseclassic.com

www.burmeseclassic.com

## [၂၁၅]

# သုကဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ကိုးကွယ်ရာအစစ် တရားမင်းဖြစ်တော်မူသော ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်က ရဟန်းတစ်ပါးသည် အစားအသောက်တို့ကို အာဟာရမျှတရုံမျှ မဟုတ်ဘဲ အလွန်အမင်း စားသောက်၏။ ထိုအခါ အစာကြေခြင်း မရှိတော့ဘဲ သေလွန်၏။

ထိုအခါ ရဟန်းတို့သည် တရားသဘင်၌ စုဝေးမိကြစဉ် ထိုအကြောင်းကို စကားစပ်၍ ပြောဆိုကြလေ၏။ ထိုအချိန်တွင် ဘုရားရှင် ကြွတော်မူလာပြီး အကြောင်းစုံ သိလေသောအခါ–

"ရဟန်းတို့... ဤရဟန်းကား ယခုအခါ၌သာလျှင် အစားလွန်ကျူးခြင်းကြောင့် သေလွန်ရသည်မဟုတ်သေး။

www.burmeseclassic.com

www.burmeseclassic.com



ရှေးအခါ၌လည်း အစားလွန်ကျူးခြင်းကြောင့် သေလွန်ခဲ့ဖူးပေပြီ”

ဟု မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော် မူလေသတည်း။

* * *

ရှေး... လွန်လေပြီးသော ကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် ဟိမဝန္တာအရပ်၌ အသောင်းမကသော ကျေးအပေါင်းတို့ကို အုပ်ချုပ်သည့် ကျေးမင်းရှိလေ၏။ ထိုကျေးမင်း၌ သားဖြစ်သော ကျေးတစ်ကောင် ရှိလေ၏။

ထိုသားငယ်ကျေးသည် အားနှင့်ပြည့်စုံသည့် သမယသို့ ရောက်လေသော် ဖခင်ကျေးမင်းသည် အမြင်အာရုံနည်းပါးလာလေ၏။ ကျေးတို့၏သဘာဝ လျင်မြန်သောအဟုန် ရှိသည့်အတွက် အိုမင်းလာသောအခါ မျက်စိအမြင်အာရုံ နည်းပါးတတ်လေ၏။ ထိုအခါ သားငယ်ကျေးသည် အမိအဖ ကျေးအိုတို့အား အသိုက်အမြုံ၌ ကောင်းစွာထားလျက် အစာအာဟာရတို့ ရှာဖွေယူဆောင်ကာ ပြုစုကျွေးမွေးလေ၏။

တစ်နေ့သ၌ သားငယ်ကျေးသည် တောင်ထိပ်ဖျားပေါ်မှ ကြည့်လိုက်သည်ရှိသော် သမုဒ္ဒရာအလယ်တွင် ကျွန်းငယ်တစ်ကျွန်းကို မြင်တွေ့လေ၏။ ထိုကျွန်းငယ်၌ ရွှေအဆင်းကဲ့သို့ ဝါဝင်းလျက် ချိုမြိန်ကောင်းမြတ်သော အသီးတို့နှင့်ပြည့်စုံ

www.burmeseclassic.com

www.burmeseclassic.com



သည့် သရက်တောအုပ် ရှိလေ၏။ သားငယ်ကျေးလည်း နောက်တစ်နေ့ ရောက်လတ်သော် ထိုကျွန်းငယ်သို့သွား၍ သရက်သီးမှည့်တို့ကို အလိုရှိတိုင်း စားသောက်၍ အပြန်၌ သရက်သီးမှည့်တို့ကို ဆောင်ယူကာ အမိအဖတို့ကို ကျွေးလေ၏။ ထိုအခါဖခင် ကျေးမင်းက–

"ချစ်သား... ဤသရက်သီးကား သမုဒ္ဒရာအလယ်ရှိ ကျွန်းငယ်မှ ဆောင်ယူလာခဲ့သည် မဟုတ်လော"

ဟု မေးလေသော် သားငယ်ကျေးက ဟုတ်မှန်ကြောင်း ဝန်ခံ၏။

"ချစ်သား... ဤကျွန်းငယ်သို့ နောက်တစ်ခါ မသွားပါနှင့် ဤကျွန်းငယ်သို့ သွားကြကုန်သော ကျေးသားတို့မှာ အသက်မရှည်ကုန်"

ဖခင် ကျေးမင်းက ဆိုဆုံးမသော်လည်း သားငယ်ကျေးသည် နားမထောင်ဘဲ သွားမြဲအတိုင်း သွားလေ၏။

တစ်နေ့သ၌ သားငယ်ကျေးသည် သမုဒ္ဒရာအလယ်ရှိ ကျွန်းငယ်သို့သွား၏။ ရောက်လျှင် သင့်တင့်မျှတရုံ မဟုတ်ဘဲ လောဘသက္ကာရကြီးစွာဖြင့် မဆန့်မပြဲစား၏။ ထို့နောက် မိဘတို့အတွက် သရက်သီးမှည့်တို့ကိုကိုက်ချီလာပြန်၏။ သမုဒ္ဒရာ၏ ကောင်းကင်ထက်မှ ပျံသန်းလာလေသော် မဆန့်မပြဲ စားခဲ့သဖြင့် ဝမ်းဗိုက်တို့ လေးလံလာ၏။ ပင့်ပန်း နွမ်းနယ်လာ၏။ အိပ်ချင်စိတ်တို့ လွှမ်းမိုးလာရကား ငိုက်မြည်းပျံသန်းနေရင်းမှာ အလျားလိုက် ပျံသန်းသကဲ့သို့ဖြစ်ကာ အတောင်ကုန် လက်ပန်းကျပြီး သမုဒ္ဒရာ

www.burmeseclassic.com

www.burmeseclassic.com



ထဲသို့ ပြုတ်ကျလေရာ သမုဒ္ဒရာအတွင်းရှိ ငါးကြီးတစ်ကောင်က ဟပ်မျိုစားသောက်လိုက်သည့်အတွက် သေလွန်ခြင်းသို့ရောက်လေ၏။

ဖခင်ကျေးမင်းလည်း သားဖြစ်သူ လာချိန်တန်ပါလျက် ရောက်မလာသည်ရှိသော် ကျွန်းငယ်မှအပြန် သမုဒ္ဒရာ၌ကျ၍ သေလိမ့်မည်ဟု သိနှင့်လေ၏။ ထိုအခါ သားငယ်ကျေး၏ အမိအဖတို့လည်း အစာအာဟာရ ပြတ်လပ်သည်ရှိ၍ သေဆုံးခြင်းသို့ ဆိုက်ရောက်လေ၏။

မြတ်စွာဘုရားရှင်လည်း ဘုရားဖြစ်တော်မူသောအခါ အတိတ်ကို ဆောင်တော်မူပြီးလျှင်-

"ရဟန်းတို့... ကျေးငှက်သည် စားသင့်စားအပ်သော အစာအာဟာရ၌ အတိုင်းအရှည်ကို သိသမျှ ကာလပတ်လုံး အသက်ရှည်စွာနေရ၍ အမိအဖတို့ကိုလည်း လုပ်ကျွေးခွင့်ရ၏။

စားအပ်သော အစာအာဟာရ၌ အတိုင်းအရှည်ကို မသိဘဲ အလွန်အကျူး စားသောက်သော အခါ၌မူကား သမုဒ္ဒရာတွင် နစ်မြုပ်ကာ သေပွဲဝင်ရ၏။ စားသောက်အပ်သော အစာအာဟာရ၌ အတိုင်းအရှည်ကို မသိခြင်းသည် ကောင်းသော လက္ခဏာမဟုတ်ပေ။ ထို့ကြောင့် စားအပ်သော အစာအာဟာရ၌ အတိုင်းအရှည်ကို သိခြင်း၊ မမက်မောခြင်းသည် ကောင်း၏။

အမှန်အားဖြင့် စားအပ်သော အစာအာဟာရ၌

www.burmeseclassic.com

www.burmeseclassic.com



အတိုင်းအရှည်ကို မသိသောသူတို့သည် နှစ်မြုပ်ပျက်စီးရကုန်၏။ သိသောသူတို့ကား မနှစ်မြုပ်၊ မပျက်စီးရကုန်”
ဟူ၍ ဟောတော်မူ၏။ အဆိုပါ ဒေသနာတော်အဆုံး၌ များစွာသော ရဟန်းတို့သည် ဉာဏ်ပါရမီအလိုက် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာအဖြစ်သို့ အသီးသီး ဆိုက်ရောက်ကြလေကုန်၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူ၍–

“ရဟန်းတို့…

ထိုအခါက သားငယ်ကျေးသည် ယခုအခါ အစားလွန်၍သေသော ရဟန်းဖြစ်လာ၏။ ကျေးမင်းသည်ကား ငါဘုရားရှင် ဖြစ်လာ၏”

ဟူ၍ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

# ၂၅၆။ ဇရဒပါနဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၂၅၆]

# ဇရဒပါနဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ပူဇော်အထူးကို ခံယူတော်မူသည့် မြတ်စွာဘုရားရှင် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစံမွယ်စဉ်က ဖြစ်၏။

သာဝတ္ထိပြည်သား ကုန်သည်တို့သည် ကုန်ပစ္စည်းတို့ကို တင်ဆောင်၍ ကုန်သွယ်သွားကာနီး၌ ဘုရားရှင်ကို ပင့်ဖိတ်လှူဒါန်းကြ၏။ သရဏဂုံကိုဆောက်တည်ကြ၏။ ထို့နောက် ဘုရားရှင်အား ရှိခိုးကာ–

"အရှင်ဘုရား... တပည့်တော်တို့သည် ကုန်သွယ်ရန်အတွက် ခရီးရှည်ထွက်ကြပါမည်။ ကုန်ပစ္စည်းတို့ ရောင်းဝယ်ဖောက်ကားပြီးပါက ကြည်လင်ချမ်းမြေ့စွာ ပြန်လာပြီးသည့်သကာလ အရှင်ဘုရားအား ရှိခိုးပူဇော်ပါမည့်"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ လျှောက်ထားပြီး ကုန်သွယ်ခရီး ထွက်ကြလေတော့၏။

သို့ဖြင့် ကုန်သည်တို့သည် ကန္တာရခရီးသို့ ရောက်သည်ရှိသော် ရေတွင်းဟောင်းတစ်ခုကို မြင်လေ၏။

"ဤရေတွင်းကား ရေမရှိသည့်အတွက် ငါတို့လည်း ရေငတ်ကြကုန်၏။ ထိုရေတွင်းကို တူးဖော်ကြမည်ဆိုလျှင် ငါတို့လည်း ရေကိုသုံးနိုင်မည်။ အခြားသူတို့အတွက်လည်း ရေအခက်အခဲ ပြေလည်သွားကြမည်"

ဤသို့ တညီတညွတ်တည်း တိုင်ပင်ကာ တူးဖော်ကြလေသော် အစဉ်အတိုင်း သလွဲစဉ်၊ သလွဲပုပ်၊ ကြေးနီ၊ ကျောက်မျက်ရွဲတို့ကိုရရှိကြလေ၏။ ရေတို့လည်းထွက်လာ၏။ ဤသို့ တွင်းထဲမှ ရလာသမျှ ပစ္စည်းတို့ကို ရောင့်ရဲတင်းတိမ်စွာဖြင့် ဆောင်ယူခဲ့ကြကုန်၏။ ကုန်သွယ်ခြင်းကိစ္စ ပြီးစီး၍ အဖိုးတန်ပစ္စည်းတို့ကို သယ်ဆောင်လာခဲ့ကြပြီး စိတ်လက်ကြည်သာ ချမ်းမြေ့စွာ မိမိတို့နေရာဖြစ်သော သာဝတ္ထိသို့ ပြန်လာခဲ့ကြကုန်၏။ ထိုအခါ ကုန်သည်တို့လည်း မြတ်စွာဘုရားရှင်ကို လျှောက်ထားခဲ့ကြသည့်အတိုင်း ပင့်ဖိတ်ကာ ရှိခိုးပူဇော်လှူဒါန်းကြပြီး မိမိတို့ရရှိခဲ့သော ရတနာပစ္စည်းတို့နှင့် စပ်လျဉ်း၍ ဖွင့်ဟလျှောက်ထားကြလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်က–

"သီတင်းသည်တို့... သင်တို့ကား ရသမျှသော ဥစ္စာတို့ဖြင့် ရောင့်ရဲတင်းတိမ်ကာ ပမာဏကို သိသည့်အတွက် အကျိုးတရားကို ခံစားကြရကုန်၏။ ရှေးသူဟောင်းတို့ကား

www.burmeseclassic.com

www.burmeseclassic.com



ရသမျှသော ဥစ္စာတို့ဖြင့်လည်း မရောင့်ရဲ မတင်းတိမ်၊ အတိုင်းအရှည် ပမာဏကိုလည်း မသိ။ ပညာရှိတို့၏စကားကိုလည်း နားမထောင်သောကြောင့် အကျိုးမဲ့ဖြစ်လျက် အသက်ကုန်ဆုံးခြင်းသို့ပင် ဆိုက်ရောက်ခဲ့ကြပေ၏”

ဟု မိန့်ဆိုကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး... လွန်လေပြီးသော ကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံသည်ရှိသော် ထိုဗာရာဏသီ၌ပင် ကုန်ပစ္စည်းတို့ ရောင်းဝယ်ဖောက်ကားသည့် လှည်းမှူးတစ်ဦး ရှိလေ၏။

တစ်နေ့သ၌ လှည်းမှူးသည် လှည်းအပေါင်းတို့၌ ကုန်စည်များ တင်ဆောင်ပြီး ကုန်သည်အပေါင်းတို့ကို ကြီးမှူးလျက် ကုန်သွယ်ရန် ဗာရာဏသီမှ အစဉ်အတိုင်း ထွက်ခဲ့ကြလေ၏။ သို့ဖြင့် ကန္တာရခရီးသို့ ရောက်သည်ရှိသော် ရေတွင်းဟောင်းတစ်ခုကို မြင်ရလေ၏။ ထိုအခါတွင် ကုန်သည် ဂိုဏ်းမှာ ရေငတ်ကြသဖြင့် အချင်းချင်း အညီအညွတ် တိုင်ပင်ကာ ရေတွင်းဟောင်းကို တူးဖော်လေ၏။ ဤတွင် အစဉ်သဖြင့် များစွာသော ရတနာတို့ကို ရရှိကြကုန်၏။

ဤတွင် လှည်းမှူးမှအပ ကျန်သော လှည်းကုန်သည်တို့မှာ ရအပ်သော ရတနာတို့ဖြင့် တင်းတိမ်ရောင့်ရဲခြင်းမရှိ။ ဤရေတွင်းဟောင်း၌ ဤရတနာတို့ထက် ကောင်းမြတ်သော ရတနာတို့

www.burmeseclassic.com



ရရှိကြလိမ့်ဦးမည်ဟု လောဘဇောတက်ကာ အတိုင်းအရှည်ပမာဏကို မသိကြဘဲ ဆက်၍တူးကြလေ၏။ လှည်းမှူးက တားမြစ်သော်လည်း နာခံခြင်းမရှိကြပေ။

ထိုရေတွင်းဟောင်း၏ အောက်ခြေ၌ နဂါးမင်း၏ ဗိမာန်ရှိ၏။ လောဘဇောတိုက်နေသော ကုန်သည်တို့သည် ဆက်၍ဆက်၍တူးလေရာ နဂါးမင်း၏ဗိမာန် ပျက်လေ၏။ နဂါးမင်းလည်း ဒေါသထွက်သဖြင့် နှာမှုတ်လေရာ အဆိပ်သင့်ပြီး မြေပြင်ပေါ်ရှိ လှည်းမှူးမှတစ်ပါး အားလုံးသေကြေ ပျက်စီးကြကုန်၏။ ထိုအခါ နဂါးလုလင်တို့သည် လှည်းမှူး၏ စိတ်ဓာတ်ကို သိရှိ၍ နဂါးပြည်မှ လှည်းမှူး၏ နေရပ်အရောက် လှည်းတို့ကို မောင်းနှင်ပေးကြလေ၏။ အိမ်သို့ရောက်သော ရတနာဥစ္စာတို့ကို သိမ်းဆည်းစေ၍ နဂါးပြည်သို့ ပြန်သွားကြလေ၏။

လှည်းမှူးလည်း မိမိရရှိသော ဥစ္စာရတနာတို့ကို စွန့်ကြဲ၏။ ဇမ္ဗူဒိပ်တစ်ကျွန်းလုံး၌ ကုန်သွယ်ခြင်း၊ လယ်လုပ်ခြင်း စသည်တို့ကို မပြုလုပ်ဘဲ လှူဒါန်းကျွေးမွေးကာ ဥပုသ်သီတင်းသီလတို့ကို ဆောက်တည်သည်ရှိသော် သေလွန်သည့်အဆုံး၌ ကောင်းရာ သုဂတိသို့ လားလေ၏။ ဘုရားရှင်လည်း အတိတ်ကိုဆောင်တော်မူပြီး ဘုရားဖြစ်တော်မူသောအခါ–

"သီတင်းသည်တို့... ကုန်သည်တို့သည် ရေသောက်လိုသဖြင့် ရေတွင်းဟောင်းကို တူးဖော်ကြသော် ကြေးမဲ၊ ကြေးနီ၊ သလွဲဖြူ၊ သလွဲပုပ်၊ ရွှေ၊ ငွေ၊ ပုလဲ၊ ကျောက်မျက်ရွဲ၊ ပတ္တမြားတို့ကို ရကြကုန်၏။ ရမြဲတိုင်းသော

www.burmeseclassic.com



ရတနာတို့ဖြင့် မရောင့်ရဲ၊ မတင်းတိမ်ကြသဖြင့် အလွန်နက်စွာ တူးကြပြန်ရာ ထိုတွင်းဟောင်း၌နေသော အဆိပ်တို့ပြင်းထန်၍ တန်ခိုးကြီးသော နဂါးမင်းသည် အဆိပ်တန်ခိုးဖြင့် သတ်၍ သေကြရချေပြီ”

ဟူ၍ မိန့်ဆိုလေ၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူ၍–

“ထိုအခါ... နဂါးမင်းသည် ယခုအခါ၌ သာရိပုတ္တရာ ဖြစ်လာပြီး လှည်းမှူးကား ငါဘုရားရှင် ဖြစ်လာ၏”

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

# ၂၅၇။ ဂါမဏိစန္ဒဇာတ်



www.burmeseclassic.com

www.burmeseclassic.com

[၂၅၇]

# ဂါမဏိစန္ဒဇာတ်

လူ၊ နတ်၊ ဗြဟ္မာတို့၏ ဆရာအရှင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်က ဖြစ်၏။

တစ်နေ့သ၌ တရားသဘင်ဝယ် ရသေ့အပေါင်းတို့သည် စုဝေးမိကြသည့်အခိုက်–

"ငါ့ရှင်တို့... မြတ်စွာဘုရားရှင်သည် ကြီးသောဉာဏ်ပညာ ရှိပေ၏။ မြေကြီးအထုနှင့်တူသော ပညာ၊ ရွှင်သောပညာ၊ လျင်သောပညာ၊ ထက်သောပညာ၊ ထိုးထွင်းသောပညာ၊ နတ်ပြည်နှင့်တကွသော လောက၌ ပညာတို့ဖြင့် ဖုံးလွှမ်းတော်မူ၏"

ဟူ၍ ဘုရားရှင်၏ ပညာတော်ကို ချီးမွမ်းကာ နေကြကုန်၏။ ဘုရားရှင်ကြွတော်မူ၍ ထိုအကြောင်းကို သိတော်မူသျှင်–

www.burmeseclassic.com

www.burmeseclassic.com



"ရဟန်းတို့... ငါဘုရားရှင်သည် ယခုအခါ၌သာလျှင် ပညာရှိတော်မူသည်မဟုတ်။ ရှေးအခါ၌လည်း ပညာရှိတော်မူဖူးသည်သာတည်း"

ဟု မိန့်တော်မူကာ အတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး... လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံသည်ရှိသော် ထိုမင်း၌ သားတော်တစ်ပါး ရှိလေ၏။ အာဒါသမုခဟု အမည်တွင်ပြီး ရုပ်ရည်အဆင်း ကြည်လင်သန့်ရှင်းကာ တင့်တယ်လှပ၏။ ခမည်းတော် မင်းကြီးလည်း သားတော်ကို အသက်ခုနစ်နှစ် အတွင်းမှာ လောကတွင် သိသင့်သိထိုက်သော ဗေဒင်သုံးပုံနှင့် အတတ်မျိုးစုံအပေါင်းကို သင်ကြားစေ၍ သေလွန်လေ၏။

အမတ်တို့လည်း မင်းကြီး၏အလောင်းကို ကောင်းစွာ သင်္ဂြိုဟ်၍ သေသူအတွက် ဆွမ်းကျွေးခြင်းအမှုကို ပြုလေ၏။ ခုနစ်ရက်မြောက်သောနေ့၌ မင်းရင်ပြင်တွင် စုဝေးကြ၍-

"အချင်းတို့... မင်းသားသည် အလွန်ငယ်ရွယ်သေး၏။ ယခုအခါ ဘိသိက်သွန်းခြင်းငှာ မသင့်။ အရည်အချင်းကို စုံစမ်းပြီးမှ ဘိသိက်သွန်းလောင်းကြမည်"

ဟူ၍ တိုင်ပင်ကြလေ၏။

တစ်နေ့သ၌ အမတ်တို့သည် မြို့ကို တန်ဆာဆင်၍ တရားစီရင်ရာ အရပ်၌ ပလ္လင်ကို ခင်းစေပြီးလျှင် အခြံအရံနှင့်တကွ

www.burmeseclassic.com

www.burmeseclassic.com



မင်းသားငယ်ကို နေစေ၏။ ထိုအခါ မျောက်တစ်ကောင်အား အိမ်ရာမြေအတတ်၌ ကျွမ်းကျင်သော ဆရာအသွင် ဖန်တီးကာ မင်းသားထံ ခေါ်ဆောင်လာခဲ့ပြီး။

"အရှင်မင်းသား... ဤသူကား အရှင်မင်းသား၏ ခမည်းတော် လက်ထက်၌ အိမ်ရာမြေအတတ်ကို ကျွမ်းကျင်သော ဆရာဖြစ်ပါ၏။ မြေအတွင်း ခုနစ်တောင်ရှိသော အရပ်၌ အကျိုးအပြစ်ကို မြင်၏။ မင်းမျိုးအိမ်ရာတို့နှင့် ပတ်သက်၍ ဤဆရာသည်ပင် စီရင်ရပါ၏။ သို့ဖြစ်၍ ဤဆရာအား ချီးမြှောက်၍ ရာထူးရာခံ ပေးပါလော့" ဟု လျှောက်ထားလေ၏။ ဤတွင် မင်းသားလည်း လူမဟုတ် မျောက်မှန်းသိလေသော်-

"အို... အမတ်တို့ ဤသတ္တဝါကား လူမဟုတ်၊ မျောက်သာဖြစ်၏။ ဤမျောက်ကား အိမ်ရာစီစဉ်ခြင်း၌ လည်းကောင်း၊ အိမ်ရာဆောက်လုပ်ခြင်း၌ လည်းကောင်း လိမ္မာမှု မရှိပေ။

စင်စစ် ဤမျောက်သည် လျှပ်ပေါ်လော်လည်၏။ တွန့်လိပ်သော မျက်နှာရှိ၏။ ဤမျောက်သည် လူတို့၏ အလေ့အထကို တုပ၍ ဖျက်ဆီးတတ်သော သဘောရှိချေ၏" ဟူ၍ ဆိုလေ၏။ ထိုအခါ အမတ်တို့လည်း ဝန်ခံပြီးနောက် ထပ်မံ၍ မျောက်တစ်ကောင်ကို ရှာဖွေပြန်၏။ ရလာလျှင် တန်ဆာဆင်၍ တရားစီရင်ရာ အရပ်သို့ခေါ်ဆောင်သွားလေ၏။ ထို့နောက် အာဒါသမုခမင်းသားအား-

www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းသား... ဤသူကား အရှင်မင်းသား၏ ခမည်းတော်လက်ထက်၌ တရားစီရင်သော အမတ်ဖြစ်ပေ၏။ ၎င်းကိုချီးမြှောက်၍ ရာထူးရာခံ ပေးပါလော့"

ဟူ၍ လျှောက်ထားကြပြန်၏။ ဤတွင် မင်းသားလည်း ထိုမျောက်ကို စေ့စပ်သေချာစွာ ကြည့်ရှုလျက်–

"အို... အမတ်အပေါင်းတို့ ဤအမွေးတို့ကား ပညာနှင့် ယှဉ်သောစိတ် ရှိသည့်အမွေးတို့မဟုတ်။ ဤသတ္တဝါသည် သက်သာရာ ရစေနိုင်သော သတ္တဝါမဟုတ်သည့် သားမျိုးမျောက်သာ ဖြစ်၏။ ငါ၏ခမည်းတော်သည် ဆုံးမခဲ့ပေ၏။ ဤမျောက်ကား တစ်စုံတစ်ခုသော အမှုကိစ္စကိုပင် တရားအဆုံးအဖြတ် မသိပေ"

ဟူ၍ ဆိုလေ၏။ ထိုအခါ အမတ်တို့လည်း အခြားသော မျောက်တစ်ကောင်ကို ရှာဖွေပြန်၏။ ရလာလျှင် တန်ဆာဆင်၍ မင်းသားထံ ခေါ်ဆောင်သွားကာ–

"အရှင်မင်းသား... ဤသူသည် အရှင်မင်းသား၏ ဖခမည်းတော် လက်ထက်၌ အမိအဖတို့အား လုပ်ကျွေး၍ ဂုဏ်ကျေးဇူးကြီးမားသူတို့အား အရိုအသေပြုသောသူ ဖြစ်ပါ၏။ သို့ဖြစ်၍ ၎င်းအား ချီးမြှောက်၍ ရာထူးရာခံ ပေးတော်မူပါလော့"

ဟူ၍ လျှောက်ထားကြလေ၏။ မင်းသားလည်း ထိုမျောက်ကို စေ့စပ်သေချာစွာ ကြည့်တော်မူ၍–

"အို... အမတ်တို့ ထိုကဲ့သို့သောသူအား မိမိတို့၏

www.burmeseclassic.com

www.burmeseclassic.com



အမိ၊ အဖ၊ အစ်ကို၊ နှမတို့ကို မလုပ်ကျွေး မမွေးမြူရာ ဤသတ္တဝါကား မျောက်သာဖြစ်၏"

ဟု မိန့်လေ၏။ ဤတွင်လည်း မှူးမတ်အပေါင်းတို့လည်း–

"ဤမင်းသားကား အသက်အရွယ် ငယ်ပင်ငယ်သော်လည်း အလွန်ပညာရှိပေ၏။ မင်းပြုခြင်းငှာ သင့်တော်၏။ သို့ဖြစ်၍ ဘိသိက်သွန်းကာ မင်းမြှောက်ကြကုန်အံ့"

ဟူ၍ အညီအညွတ်တိုင်ပင်ပြီး ထီးနန်းစည်းစိမ်လွှဲအပ်ရာ မင်းသားလည်း 'အာဒါသမုခမင်း'အဖြစ် တရားနှင့်ညီစွာ မင်းပြုလေ၏။ ပညာရှိအဖြစ်လည်း ဇမ္ဗူဒိပ်ကျွန်းလုံးအနှံ့ ပျံ့သွားလေတော့၏။ ပညာရှိသောအဖြစ်ကို ပြအံ့သောငှာ နွား၊ သား၊ မြင်း၊ တောင်းရွေသမား၊ ရွာစား၊ ပြည့်တန်ဆာမ၊ မိန်းမပျို၊ မြွေ၊ သမင်၊ ခါ၊ ရုက္ခစိုး၊ နဂါး၊ ရသေ့၊ ပုဏ္ဏားလုလင်တို့၏ တစ်ဆယ့်လေးပါးသော တရားတို့သည် ဖြစ်ပေါ်လာကုန်၏။

ထိုသို့ အာဒါသမုခမင်းကို မင်းအဖြစ်ဘိသိက်သွန်းလောင်းသည်ရှိသော် ခမည်းတော်လက်ထက်၌ အမြဲခစားရသော ဂါမဏိစန္ဒအမတ်ကြီးသည်–

"အရွယ်တူဖြစ်သောမင်းအား ခစားရခြင်းသည် တင့်တယ်၏။ ငါလည်း အသက်အရွယ်ကြီးရင့်ပေပြီ။ မင်းငယ်ငယ်ကလေးအား မခစားလိုတော့။ သို့ဖြစ်၍ ဇနပုဒ်တွင် လယ်ထွန်ခြင်းအမှုကိုပြုကာ အသက်မွေးတော့မည်"

ဟူ၍ ကြံစည်လျက် မြို့တော်မှ သုံးယူဇနာကွာဝေးသော အရပ်သို့သွားလျက်ရွာငယ်တစ်ရွာ၌ နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



## ၁။ နွားတရား

ဂါမဏိစန္ဒသည် မိုးရွာလတ်သည်ရှိသော် လယ်ထွန်ရန်နွား မရှိသဖြင့် အဆွေခင်ပွန်းတစ်ယောက်ထံမှ နွားနှစ်ကောင်ကို ငှားရမ်းရ၏။ တစ်နေ့ကုန်လယ်ထွန်ပြီးသော် အစာကျွေး၍ နွားတို့ကိုအပ်ရန်အတွက် နွားရှင်ခင်ပွန်းထံသို့ သွားလေ၏။ ထိုအချိန်ဝယ် နွားရှင်တို့ လင်မယားလည်း ထမင်းစားနေကြ၏။ နွားတို့လည်း ဝင်နေကျဖြစ်၍ ခြံဝင်းအတွင်းသို့ ဝင်သွားကြလေ၏။ ဂါမဏိစန္ဒမှာ နွားရှင်လင်မယားလည်း ၎င်းတို့၏နွား ခြံထဲသို့ ဝင်သွားသည်ကို မြင်ကြလေပြီဟု မှတ်ယူကာ ပြောဆိုအပ်နှင်းခြင်းမပြုဘဲ ပြန်ခဲ့လေ၏။ ညဥ့်အချိန်အတွင်း နွားခြံတွင်း သူခိုးဝင်ကာ ဂါမဏိစန္ဒ ငှားခဲ့သည့် နွားနှစ်ကောင်အား ခိုးယူသွားခဲ့လေ၏။ နံနက်ရောက်၍ နွားခြံ၌ နွားနှစ်ကောင်မရှိသည်ကို သိရလေသော် နွားရှင်လည်း သူခိုးခိုးခံရမှန်း သိပါလျက် ဂါမဏိစန္ဒထံမှ အလျော်ရရန်အတွက် သွားရောက်လေ၏။

"အဆွေ... ဂါမဏိစန္ဒ သင် ငါ့ထံမှ ငှားရမ်းသွားသော နွားတို့အား ပြန်ပေးပါလော့"

"အဆွေ ငါငှားရမ်းသော နွားနှစ်ကောင်တို့ သင်တို့ခြံတွင် ဝင်သွားသည်ကို သင်တို့ထမင်းစားရင်းမှ မြင်သည်မဟုတ်လော"

"ဒါတွေ ငါမသိ။ သင်သည် ငှားရမ်းသွားသော နွားတို့အား ငါ့ထံအပ်နှင်းပါသလော"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ မအပ်မိပေ"

"သို့ဆိုပါက သင့်အား မင်းကြီးထံ၌ ရာဇဝတ်မှုအဖြစ် တရားစွဲမည် ငါနှင့်လိုက်ခဲ့လော့"

သို့ဖြင့် ဂါမဏိစန္ဒလည်း နွားရှင်နှင့်အတူ လိုက်ခဲ့ရလေသတည်း။

## ၂။ သားတရား

ဂါမဏိစန္ဒလည်း နွားရှင်နှင့်အတူ မင်းနေပြည်ထံ သွားသည်ရှိသော် လမ်းခရီးတစ်နေရာရှိ အဆွေခင်ပွန်းနေသော ရွာတစ်ရွာသို့ ရောက်လေသော် ဝမ်းဟာလာသဖြင့် အဆွေခင်ပွန်းထံ ထမင်းတောင်းစားရန် နွားရှင်အား ခေတ္တခွင့်ပန်ပြီး အဆွေခင်ပွန်းအိမ်သို့ သွားလေ၏။ ရောက်သည်ရှိသော် မိတ်ဆွေယောကျ်ားသည် အိမ်၌မရှိဘဲ မိတ်ဆွေ၏ဇနီးကိုသာတွေ့ရလေ၏။ မိတ်ဆွေ၏ ဇနီးကား ကိုယ်လေးလက်ဝန်နှင့် ဖြစ်လေ၏။ ထိုမိန်းမက–

"အရှင်... ချက်ပြီးထမင်း မရှိတော့ပါ။ ခဏစောင့်ပါဦး။ ယခုပင် ချက်၍ကျွေးပါအံ့"

ဟု ဆိုကာ လှေကားဖြင့် စပါးကျီရှိရာ လျှင်မြန်စွာတက်လေသော် လှေကားပေါ်မှ ခြေချော်ကျပြီး ကိုယ်ဝန်ပျက်ကျလေတော့၏။ ထိုအချိန်တွင် အဆွေခင်ပွန်းယောကျ်ား ပြန်ရောက်လာပြီးဂါမဏိစန္ဒအား–

"သင်သည် ငါ့မယား၏ ကိုယ်ဝန်ကို ပျက်စီးစေခဲ့၏။ သင့်အား ရာဇဝတ်မှုဖြင့် မင်းကြီးထံ၌ တရားစွဲဆိုမည်။

ဟုဆိုလေရာ ဂါမဏိစန္ဒအတွက် အမှုသည်နှစ်ဦး ဖြစ်သွားလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ၃။ မြင်းတရား

အမှုသည်နှစ်ယောက်တို့သည် ဂါမဏိစန္ဒအား အလယ်မှထား၍ မင်းနေပြည်တော်ရှိရာ သွားလေသော် လမ်းခုလပ်တစ်နေရာ၌ မြင်းထိန်းတစ်ယောက်သည် ၎င်း၏မြင်းကို ၎င်းထံပြန်လာစေရန် မတတ်နိုင်ဖြစ်နေ၏။ ထိုမြင်းသည် ဂါမဏိဘက်သို့သာ သွားနေလေ၏၊ ဤတွင် မြင်းထိန်းက ဂါမဏိစန္ဒအား–

"ဦးရီး... မြင်းကိုတစ်စုံတစ်ခုဖြင့် ပစ်ခတ်၍ အကျွန်ုပ်ထံ ပြန်လည်စေရန် ခြောက်ပေးပါလော့"

ဟု အကူအညီတောင်းခံလေ၏။ ဂါမဏိလည်း အလွယ်တကူ တွေ့ရသည့် ကျောက်ခဲဖြင့် လှမ်းပစ်ရာ အခြေအနေမဟန်ဘဲ မြင်း၏ခြေကို ထိမှန်၍ မြင်းခြေကျိုးလေ၏။ ထိုအခါ မြင်းထိန်းလည်း ဂါမဏိစန္ဒအား–

"သင်သည် ငါ့မြင်း၏ခြေကို ချိုးဘိ၏။ မလျော်နိုင်ပါက ရာဇဝတ်မှုဖြင့် မင်းကြီးထံ တရားစွဲဆိုမည်"

ဟုဆိုလေရာ ဂါမဏိစန္ဒအဖို့ အမှုသည်သုံးဦး ဖြစ်သွားရလေသတည်း။

## ၄။ တောင်းရွေသမား တရား

ဂါမဏိစန္ဒလည်း အမှုသည်တို့နှင့် လှမ်းလာခဲ့ကြရာ လမ်းခရီးအကြားရှိ တောအုပ်တစ်ခုသို့ ရောက်လေသော်–

"ငါကား... ခက်ချေပြီ။ နွားဖိုး၊ ကိုယ်ဝန်ဖိုး၊ မြင်းဖိုး ပေးရမည်ဖြစ်ရာ အဖိုးအခအားဖြင့် နည်းနည်းနောနော

www.burmeseclassic.com



မဟုတ်။ ပေးဖို့ရာလည်း တစ်ပြားတစ်ချပ်မျှမရှိ။ ပေးစရာ မရှိသည်ထက် သေရသည်သာ ဖြစ်ပါသေး၏”

ဟု ကြံစည်ပြီး တောင်ကမ်းပါးပြတ်ကိုမြင်လျှင် အမှုစွဲဆိုမည့်သူ သုံးဦးအား–

“အမောင်တို့– ငါသည် ကိုယ်လက်သုတ်သင်လိုပါ၏။ သို့ဖြစ်၍ ခေတ္တမျှ ဆိုင်းငံ့ပါဦး”

ဟုဆိုကာ တောင်ပေါ်သို့တက်လျက် ကမ်းပါးပြတ်မှ ခုန်ချလေ၏။ ထိုအခါ တောင်ရိပ်၌ ဖျာရက်နေသော တောင်းရွေသမား သားအဖနှစ်ယောက်တို့ရှိရာ အဖပေါ်တည့်တည့်ကျသဖြင့် အဖလည်း သေလွန်လေ၏။ ဤတွင် တောင်းရွေသမားသားသည် ဂါမဏိစန္ဒအား–

“သင်သည် ငါ့ဖခင်ကို သတ်သူဖြစ်၏။ သင့်အား မင်းကြီးထံ တိုင်ကြားရမည်”

ဟု ဆွဲခေါ်လေရာ ဂါမဏိစန္ဒအဖို့ အမှုသည် လေးယောက် ဖြစ်သွားရလေသတည်း။

## ၅။ ရွာစားတရား

ဂါမဏိစန္ဒလည်း အမှုသည်လေးယောက်နှင့် ခရီးရှေ့ဆက်သည်ရှိသော် ရွာစားမင်းသည် ဂါမဏိစန္ဒအား မေးရာ မင်းကြီးထံ သွားမည့်အကြောင်း သိရသည်ရှိသော်–

“ဦးရိုးတော်ဂါမဏိ... အကျွန်ုပ် သတင်းစကားပေးလိုက်ပါအံ့။ အကျွန်ုပ်သည် ရှေးအခါက အဆင်းလှသူဖြစ်၏။ ဥစ္စာရှိ၏။ အခြံအရံပေါ၏။ ရောဂါကင်း၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုအခါ အကျွန်ုပ်သည် အဆင်းမလှ၊ ဆင်းရဲမွဲတေ၏။ အခြံအရံကင်းမဲ့၏။ ဖျော့တော့သောရောဂါစွဲကပ်၏။ အကြောင်းမည်သို့ရှိသည်ကို မင်းကြီးထံ လျှောက်ထားပေးပါလော့။ မင်းကြီးထံမှ အဖြေကြားသိရန် အကျွန်ုပ်စောင့်မျှော်နေပါအံ့”

ဟု သတင်းစကား အမှာပါးလိုက်ရာ ဂါမဏိစန္ဒလည်း လက်ခံလိုက်လေ၏။

## ၆။ ပြည့်တန်ဆာမ တရား

ခရီးရှေ့ဆက်ကြပြန်သော် ပြည့်တန်ဆာမတစ်ယောက်သည် ဂါမဏိစန္ဒအား မြင်သည်နှင့် ရှေးနည်းအတိုင်း အကူအညီတောင်းခံလာ၏။

“ဦးရီးတော်ဂါမဏိ– ရှေးအခါက ကျွန်မသည် အဖိုးအခများစွာ ရပါ၏။ ယခုအခါ၌မူ ကွမ်းဖိုးလောက်သော်မျှ မရတော့ပါ။ ကျွန်မထံသို့လည်း တစ်စုံတစ်ယောက်မျှ မလာတော့ပါ။ အကြောင်းမည်သို့ ရှိပါသနည်း”

ဟူ၍ မင်းကြီးကို တင်လျှောက်ရန် သတင်းစကားပါးလိုက်ရာ ဂါမဏိစန္ဒလည်း လက်ခံလိုက်ပေ၏။

## ၇။ မိန်းမပျိုတရား

ရှေ့သို့သွားပြန်သည်ရှိသော် ရွာတစ်ရွာသို့ ရောက်လေ၏။ ဤတွင် မိန်းမပျိုတစ်ယောက်သည် ဂါမဏိစန္ဒအား မြင်လေသည်ရှိသော် ရှေးနည်းအတိုင်း မေးမြန်းကာ–

www.burmeseclassic.com

www.burmeseclassic.com



"ဦးရိုးတော်ဂါမဏိ ကျွန်မကား လင်အိမ်၌လည်း မနေနိုင်၊ မိဘအိမ်၌လည်း မနေနိုင်။ အဘယ့်ကြောင့်ထိုသို့ ဖြစ်ရသည်ကို သိရှိလိုပါ၏။ မင်းကြီးအားလျှောက်ထား၍ ကျွန်မအား ပြန်ကြားပေးပါ"

ဟူ၍ အမှာစကား ပါးပြန်၏။ မင်းကြီးထံတင်ပြရန် ဂါမဏိစန္ဒလည်း လက်ခံလိုက်ပေ၏။

## ၈။ မြွေတရား

ရှေ့သို့ ခရီးဆက်ပြန်သည်ရှိသော် လမ်းခုလပ်တစ်နေရာရှိ တောင်ပို့တစ်ခု၌နေသော မြွေသည် ဂါမဏိစန္ဒအားမြင်လျှင် တောင်ပို့မှ ထွက်လာကာ ရှေးနည်းအတိုင်း မေးမြန်းလျက်–

"ဦးရိုးတော်ဂါမဏိ... အကျွန်ုပ်သည် အစာရှာဖွေရန် တွင်းမှထွက်သောအခါ ဆာမွတ်ပိန်ချုံးနေပါလျက် ကိုယ်မှာ တွင်းတစ်ခုလုံးပြည့်ကာ ကျပ်ကျပ်တည်းတည်း ထွက်ရပါ၏။ အစာစားပြီး ပြန်ဝင်သောအခါတွင် ဝဖြိုးသောကိုယ်ရှိပါလျက် တွင်းနံပါးကို မထိစေဘဲ ချောင်ချောင်ချိချိ ဝင်ရပါသည်။ ဤကိစ္စအား အကြောင်းမည်သို့ ရှိလေသည်ကို မင်းကြီးအား လျှောက်ထား၍ ကျွန်ုပ်အား ပြန်ကြားပေးပါလော့"

ဟူ၍ ဆိုလေရာ ဂါမဏိစန္ဒလည်း လက်ခံလိုက်လေ၏။

## ၉။ သမင်တရား

ရှေ့သို့သွားပြန်သည်ရှိသော် သမင်တစ်ကောင်သည် ဂါမဏိစန္ဒကို မြင်သည်နှင့် အပြေးလာပြီး ရှေးနည်းအတိုင်း မေးပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်–

"ဦးရှိးတော်ဂါမဏိ... အကျွန်ုပ်သည် တစ်ပါးသော အရပ်၌ မြက်ကိုမစားနိုင်ပါ။ သစ်ပင်ရင်းတစ်ခု၌သာ မြက်ကိုစားနိုင်ပါ၏။ အကြောင်းကိစ္စ မည်သို့ရှိမည်ကို သိလိုလှပါ၍ မင်းကြီးအား လျှောက်ထားပေးပါလော့။ ကျွန်ုပ် စောင့်စားနေပါမည်"

ဟု ဆိုလေရာ ဂါမဏိစန္ဒလည်း လက်ခံထားလိုက်ပါလေ၏။

## ၁၀။ ခါတရား

ရှေ့သို့သွားပြန်သော် ခါတစ်ကောင်သည် ဂါမဏိစန္ဒကို မြင်လျှင် ရှေးနည်းအတိုင်း မေးမြန်းကာ–

"ဦးရှိးတော်ဂါမဏိ အကျွန်ုပ်သည် တောင်ပို့ခြေရင်း တစ်ခု၌နေ၍ တွန်သည်ရှိသော် နှစ်သက်ဖွယ်ကောင်းသော အသံဖြင့် တွန်နိုင်၏။ အခြားအရပ်၌နေ၍ တွန်သည်ရှိသော် နှစ်သက်ဖွယ်ကောင်းသော အသံဖြင့် မတွန်နိုင်ပါ။ အကြောင်းမည်သို့ ရှိပါသနည်း။ မင်းကြီးကို လျှောက်ထား၍ ပြန်ကြားပေးပါလော့"

ဟု ဆိုလေ၏။ ဂါမဏိစန္ဒလည်း လက်ခံလိုက်လေ၏။

## ၁၁။ ရုက္ခစိုးတရား

ရှေ့သို့သွားပြန်သော် ရုက္ခစိုးနတ်သည် ဂါမဏိစန္ဒကိုမြင်လျှင် ရှေးနည်းအတိုင်း မေးမြန်းကာ–

www.burmeseclassic.com

www.burmeseclassic.com



"ဦးရှီးတော် ဂါမဏိ... အကျွန်ုပ်သည် ရှေးအခါက ပူဇော်သက္ကာရကို ရပါ၏။ ယခုအခါ၌မူ ပန်းတစ်ဆုပ်သော်မျှ မရပါ။ အကြောင်းမည်သို့ ရှိပါသနည်း။ မင်းကြီးကို လျှောက်ထား၍ ပြန်ကြားပေးပါလော့"

ဟု ဆိုလေ၏။ ဂါမဏိစန္ဒလည်း လက်ခံလိုက်လေ၏။

## ၁၂။ နဂါးတရား

ရှေ့သို့သွားပြန်သော် နဂါးမင်းလည်း ဂါမဏိစန္ဒကိုမြင်လျှင် ရှေးနည်းအတိုင်း မေးမြန်းကာ-

"ဦးရှီးတော်ဂါမဏိ... ရှေးအခါက ဤရေကန်ရှိ ရေတို့သည် ကြည်လင်နေပါ၏။ မြအဆင်းနှင့်လည်း တူပါ၏။ ယခုမူကား ရေတို့သည် နောက်ကျိလှ၏။ အကြောင်းမည်သို့ရှိပါသနည်း။ မင်းကြီးထံ လျှောက်ထား၍ ပြန်ကြားပေးပါလော့"

ဟု ဆိုလေ၏။ ဂါမဏိစန္ဒလည်း လက်ခံလိုက်ပေ၏။

## ၁၃။ ရသေ့တရား

ရှေ့သို့သွားပြန်သော် မြို့အနီးရှိ အရပ်တစ်နေရာ၌ သီတင်းသုံးနေကြသော ရသေ့တို့သည် ဂါမဏိစန္ဒကိုမြင်လျှင် ရှေးနည်းအတိုင်း မေးမြန်းကြလေ၏။ ထို့နောက်-

"ဒါယကာကြီး...ရှေးအခါက ဤအရပ်ဝယ် သစ်သီးကြီးငယ်တို့သည် ချိုမြိန်ကောင်းမြတ်လှပေ၏။ ယခုအခါ၌မူ သြဇာမရှိကြကုန်။ အကြောင်းမည်သို့ ရှိလေသနည်း။

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးကို လျှောက်ထား၍ ငါတို့အား ပြန်ကြားပါလော့”

ဟု သတင်းစကားပါးလေရာ ဂါမဏိစန္ဒလည်း လက်ခံလိုက်ပေ၏။

## ၁၄။ ပုဏ္ဏားလုလင်တရား

ရှေ့သို့သွားပြန်သည်ရှိသော် မြို့တံခါးအနီး ဇရပ်တစ်ဆောင်၌ ပုဏ္ဏားလုလင်ငယ်သည် ဂါမဏိစန္ဒကိုမြင်လျှင် ရှေးနည်းအတိုင်း မေးမြန်းကာ–

“ဦးရီးတော်ဂါမဏိ... အကျွန်ုပ်တို့အား ရှေးအခါက သင်ကြားပေးအပ်သော ဗေဒင်တို့သည် ထင်ရှားစွာမှတ်မိကုန်ပါ၏။ ယခုအခါတွင်မူ မထင်မရှား မမှတ်မိတော့ပါ အကြောင်းမည်သို့ ရှိသည်ကို မင်းကြီးထံမှ သိလိုလှပါ၏”

ဟူ၍ သတင်းစကား ပါးလိုက်ရာ ဂါမဏိစန္ဒလည်း ပြဿနာ တစ်ဆယ့်လေးပါးတို့ကို ဆောင်ယူကာ အာဋ္ဌာသမုခမင်းထံ ရောက်ခဲ့လေ၏။ မင်းကြီးလည်း ဂါမဏိစန္ဒအား–

“ဤသူကား ငါ၏ဖခမည်းတော်အား အလုပ်အကျွေးပြုခဲ့သူတည်း။ ငါ့အား ချီပိုးထိန်းကျောင်းခဲ့သူတည်း”

ဟူ၍ မှတ်မိနေပြီး အကြောင်းခြင်းရာကို မေးလေ၏။ ဂါမဏိစန္ဒလည်း ဖြစ်မှန်အတိုင်း တင်ပြလျှောက်ထားလေ၏။

ထို့နောက် ဂါမဏိစန္ဒ ကြုံတွေ့ရင်ဆိုင်နေရသော ပြဿနာတို့အား မင်းကြီးလည်း သေချာစွာ နာကြားစစ်ဆေးပြီးသကာလ အမိန့်တော် မှတ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



## ၁။ နွားပြဿနာ အမိန့်လွှာ

မင်းကြီးလည်း...

"အချင်းဂါမဏိစန္ဒ... သင်သည် နွားတို့ကို မအပ်သည့်အတွက် နွားဖိုးကို ပေးလျော်စေ။

နွားရှင်လင်မယားမှာ နွားတို့ဝင်လာသည်ကို မြင်ပါလျက် မဟုတ်မမှန် ပြောဆိုသည့်အတွက် ၎င်းတို့၏ မျက်လုံးတို့အား ထုတ်စေ။

အချင်း ဂါမဏိစန္ဒ...သင်သည် မင်းမှုထမ်းပြုလျက် ငါ၏ဘဏ္ဍာတိုက်မှ နွားဖိုးငွေ အသပြာတို့ကို ပေးစေ"

ဤသို့ အမိန့်ချမှတ်သည်ရှိသော် နွားရှင်လည်း မျက်လုံး အထုတ်ခံရမည်စိုး၍ နွားဖိုးအလျော်ငွေတို့ကို မယူသည့်အပြင် ၎င်းတွင်ပါလာသော အသပြာတို့ကိုပါ ပေးလျက် ပြေးလေတော့၏။

## ၂။ သားပြဿနာ အမိန့်လွှာ

မင်းကြီးလည်း သားပျက်ကျသဖြင့် အမှုဖွင့်သော ယောကျ်ားအား မေးတော်မူလေ၏။

"အချင်းယောကျ်ား... သင်သည် မည်သည်ကို အလိုရှိပါသနည်း"

"အရှင်မင်းကြီး... အကျွန်ုပ်အဖို့ သားကိုရယူလိုပါ၏။

"သို့ဆိုပါက... အချင်းဂါမဏိစန္ဒ သင်သည် ၎င်း၏

www.burmeseclassic.com



မယားကိုယူဆောင်လော့၊ သင်၏အိမ်၌ ထိုမယားနှင့်ပေါင်း ဖော်ကာ သားဖွားပြီးသောအခါ ပြန်၍ပေးလော့"

ထိုအခါ အမှုဖွင့်သော ယောက်ျားလည်း ဂါမဏိစန္ဒအား ရှိခိုး၍–

"အရှင်ဂါမဏိစန္ဒ... ကျွန်ုပ်၏မယားကို မယူပါနှင့်"

ဟုဆိုကာ ပါလာသော အသပြာတို့ကိုပေး၍ ပြေးလေတော့၏။

## ၃။ မြင်းပြဿနာ အမိန့်လွှာ

မင်းကြီးလည်း မြင်းခြေကျိုးသည့်အတွက် အမှုဖွင့်တိုင်ကြားသည့် မြင်းထိန်းအား စစ်ဆေးသည့်အခါ ဦးစွာမြင်းကို ခြောက်လှန့်ပစ်ခိုင်း– မခိုင်း မေးလေ၏။ မြင်းထိန်းက မခိုင်းမိဟုဖြေ၏။ ထပ်မံမေးသည်ရှိသော် လိမ်ညာရန်မဝံ့တော့ဘဲ ခိုင်းမိပါကြောင်း ဖြေဆိုသဖြင့် မင်းကြီးလည်း အမိန့်တော်မှတ်၏။

"အချင်းဂါမဏိစန္ဒ... ဤမြင်းထိန်းသည် ခိုင်းလျက်နှင့် မခိုင်းဟု ပြောဆိုဘိ၏။ သည့်အတွက် မြင်းထိန်း၏ လျှာကိုဖြတ်၍ ငါ၏ဘဏ္ဍာတိုက်မှ မြင်းဖိုးငွေ အသပြာ တစ်ထောင်ထုတ်ကာ ပေးလျော်စေ"

ဤတွင် မြင်းထိန်းလည်း ဂါမဏိစန္ဒအား ပျပ်ဝပ်ရိုကျိုး ရှိခိုးတောင်းပန်လျက် ပါလာသော အသပြာတို့ကိုပေးကာ ပြေးလေတော့၏။

## ၄။ တောင်းရွာသမား ပြဿနာ

မင်းကြီးလည်း အဖသေသဖြင့် အမှုဖွင့် တိုင်ကြားသော တောင်းရွာသမား၏ ဆန္ဒကိုမေးရာ–

www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး... အကျွန်ုပ်သည် ဖခင်ကို အလိုရှိပါ၏"

ဟုဖြေလေ၏။ ဤတွင် မင်းကြီးလည်း အမိန့်တော် မှတ်လေ၏။

"အချင်း ဂါမဏိစန္ဒ... ဤသူကား ဖခင်ကို အလိုရှိဘိ၏။ သေလေပြီးသောဖခင်ကို ဆောင်ယူ၍ မဖြစ်နိုင်ရကား သင်သည် ဤအမှုသည်၏ မိခင်ကိုယူ၍ ဖခင်အရာ၌ နေလေလော့"

ထိုအခါ တောင်းရွေသမားလည်း ဂါမဏိစန္ဒအား ရှိခိုးတောင်းပန်၍ အသပြာတို့ပေးကာ ပြေးလေတော့၏။

ဂါမဏိစန္ဒလည်း လေးထွေသောတရားတို့၌ အနိုင်ရရှိသည့်အတွက် နှစ်သက်ဝမ်းမြောက် ရွှင်လန်းရလေ၏။ ထို့နောက် တစ်ဆက်တည်းမှာပင် ခရီးလမ်း တစ်နေရာဆီ၌ ပြဿနာမေးမြန်းကြသည်တို့ကို တင်လျှောက်မေးမြန်းရာ မင်းကြီးလည်း အစဉ်အတိုင်း ဖြေဆိုလေ၏။

## ရွာစား၏ပြဿနာ၊ မင်းကြီး၏အဖြေလွှာ

"အချင်းဂါမဏိစန္ဒ... ထိုရွာစားသည် ရှေးအခါက ဟုတ်မှန်သည့်အတိုင်း တရားကို ဆုံးဖြတ်၏။ ထို့ကြောင့် လူတို့ချစ်ခင်မြတ်နိုးကြသဖြင့် လက်ဆောင်ပဏ္ဏာတို့ကို ပေးကြ၏။ အဆင်းလှ၏။ ဥစ္စာပေါများ၏။ အခြံအရံတို့နှင့် ပြည့်စုံ၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုမူကား တံစိုးလက်ဆောင်တို့ကိုစား၍ မဟုတ်မမှန် ဆုံးဖြတ်၏။ ထို့ကြောင့် ဆင်းရဲနွမ်းပါး၏။ အထီးကျန်၏၊ ဖျော့တော့သော ရောဂါတို့နှိပ်စက်၏။ ရှေးကကဲ့သို့ ဟုတ်မှန်သည့်အတိုင်း တရားဆုံးဖြတ်သည်ရှိသော် ရှေးကကဲ့သို့ပင် ပြည့်စုံလတ္တံ့."

## ပြည့်တန်ဆာမ ပြဿနာ၊ မင်းကြီးအဖြေလွှာ

"အချင်း ဂါမဏိစန္ဒ...

ထိုပြည့်တန်ဆာမသည် ရှေးအခါ၌ သူတစ်ယောက်၏ လက်မှ အဖိုးအခယူ၍ မကျေသေးမီ နောက်တစ်ယောက်ထံမှ အဖိုးအခ မယူပေ။ ထို့ကြောင့် အဖိုးအခ များစွာရ၏။ ယခုမူကား ထိုအလေ့ကိုစွန့်၍ သူတစ်ယောက်၏ လက်မှ ယူသော အဖိုးအခကို မကျေသေးမီ နောက်တစ်ယောက်၏လက်မှ အဖိုးအခကို ယူပြန်၏။

ထို့ကြောင့် ယခုအခါ ကွမ်းဖိုးသော်မျှ မရ။ တစ်စုံတစ်ယောက်သောသူမျှ မသွားလာ။ ရှေးကကဲ့သို့ သဘောတည်ပါမူ အဖိုးအခများစွာရလတ္တံ့."

## မိန်းမပျိုပြဿနာ၊ မင်းကြီးအဖြေလွှာ

"အချင်း ဂါမဏိစန္ဒ...

ထိုမိန်းမပျိုမှာ လင်နေသောရွာနှင့် မိဘတို့နေသောရွာ နှစ်ရွာအကြားရှိ ရွာငယ်လေးတစ်ရွာ၌ လင်ငယ်ရှိနေ၏။ ထိုမိန်းမပျိုသည် လင်ငယ်အပေါ် စွဲမက်နေသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



လင့်အိမ်၌လည်း မနေနိုင်၊ မိဘတို့အိမ်၌လည်း မနေနိုင်၊ မိဘတို့နေသော ရွာသွားမည်ဆိုလျှင် လင်ငယ်၏အိမ်၌ လည်းကောင်း၊ လင်အိမ်သို့ ပြန်မည်ဆိုလျှင် လင်ငယ်အိမ် ၌ လည်းကောင်း နေသည့်အတွက်ကြောင့် ဖြစ်၏"

မြွေပြဿနာ၊ မင်းကြီးအဖြေလွှာ

"အချင်း... ဂါမဏိစန္ဒ

ထိုမြွေနေသော တောင်ပို့၏အောက်တွင် ရွှေအိုးကြီး ရှိ၏။ မြွေသည် ထိုရွှေအိုးကို စောင့်နေရ၏။ သည့်အတွက် တွင်းမှထွက်သောအခါ လောဘအစွမ်းဖြင့် ငြိမ်သက်လျက် ကျပ်ကျပ်တည်းတည်း ထွက်ရ၏။ အစာစားပြီး၍ ပြန်ဝင် သောအခါ ဥစ္စာ၌ ချစ်ခင်သဖြင့် မငြိုမငြင် ချောင်ချောင် ချိချိ ဝင်ရ၏။ ထိုရွှေအိုးတို့ကို သင်ထုတ်ဖော်၍ ယူလော့"

သမင်ပြဿနာ၊ မင်းကြီးအဖြေလွှာ

"အချင်းဂါမဏိစန္ဒ...

ထိုသမင်စားနိုင်သော သစ်ပင်ခြေရင်းရှိ မြက်၏အပေါ် တည့်တည့် သစ်ပင်၌ ပျားအုံရှိ၏။ ထိုသမင်သည် ပျားလူး မြက်ကိုစားရ၍ တစ်ပါးသောအရပ်မှ မြက်တို့မစားနိုင်ဖြစ် ရ၏။ သင်သည် ထိုပျားအုံကိုယူ၍ ငါ့အား ပျားဦးကိုဆက် သလော့။ ကြွင်းသော ပျားရည်ကို သင်စားလော့"

ရက္ခစိုးပြဿနာ၊ မင်းကြီးအဖြေလွှာ

"အချင်းဂါမဏိစန္ဒ...

ထိုရက္ခစိုးနတ်သည် ရှေးအခါ တောအုပ်၌ ခရီးသွား

www.burmeseclassic.com

www.burmeseclassic.com



တို့ကို စောင့်ရှောက်၏။ ထို့ကြောင့် ပူဇော်သက္ကာရကို ရ၏။ ယခုမူကား စောင့်ရှောက်ခြင်းကို မပြု။ ထို့ကြောင့် ပူဇော်သက္ကာရကို မရပေ။ ရှေးအခါကကဲ့သို့ ပြန်လည်စောင့်ရှောက်သည်ဖြစ်အံ့။ ပူဇော်သက္ကာရကို ပြန်လည်ရရှိပေအံ့"

## နဂါးပြဿနာ၊ မင်းကြီးအဖြေလွှာ

"အချင်းဂါမဏိစန္ဒ...

ထိုနဂါးမင်းတို့သည် အချင်းချင်း ခိုက်ရန်ဖြစ်ပွားကြကုန်၏။ ထို့ကြောင့် နဂါးတို့၏ ရေကန်သည် နောက်ကျိကုန်၏။ မှော်တို့ဖြင့် မြေးယှက်ဖုံးလွှမ်းကုန်၏။

ရှေးအခါကကဲ့သို့ အချင်းချင်း သင့်တင့်ညီညွတ်ခြင်း ရှိခဲ့ပါမူ ရေကန်သည်လည်း မြကဲ့သို့ ကြည့်လင်လာလတ္တံ့"

## ရသေ့ပြဿနာ၊ မင်းကြီးအဖြေလွှာ

"အချင်း... ဂါမဏိစန္ဒ

ထိုရသေ့တို့သည် ရှေးအခါက ရသေ့ရဟန်းတို့၏ တရားတို့ကို ကျင့်ကုန်ကြလျက် ကသိုဏ်းပရိကံ၌ လုံ့လပြုကြကုန်၏။ ယခုအခါ၌မူကား– ရဟန်းတရားကို မကျင့်ကြဘဲ လုံ့လမပြုသင့်သည်ကို ပြုကြ၏။ သစ်သီးကြီးငယ်တို့နှင့် လဲလှယ်ကာ ဆွမ်းကိုအတုံ့ယူ၍ စားကြကုန်၏။

ထို့ကြောင့် သစ်သီးကြီးငယ်တို့သည် မချိုမြိန်ကုန်၊ ဩဇာမရှိကုန်၊ ရှေးအခါ၌ကဲ့သို့ ရဟန်းတရားတို့ကို ကျင့်လျက် ကသိုဏ်းပရိကံ၌ လုံ့လပြုကြကုန်ငြားအံ့။ သစ်သီးကြီးငယ်တို့လည်း ချိုမြိန်ကြကုန်လတ္တံ့"

www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏားလုလင်တို့ပြဿနာ၊ မင်းကြီးအဖြေလွှာ

"အချင်း... ဂါမဏိစန္ဒ

ရှေးအခါက ထိုပုဏ္ဏားလုလင်တို့နေသော အရပ်၌ အချိန်အခါကိုသိ၍ တွန်သောကြက်ရှိ၏။ ထိုလုလင်တို့သည် ကြက်တွန်သံကို နာခံမှတ်သား၍ အိပ်ရာမှထကာ ဗေဒင်တို့ကို သရဇ္ဈာယ်ကြကုန်စဉ် အရုဏ်တက်၍ လာလေ၏။ ထို့ကြောင့် ဗေဒင်တို့သည် မမေ့မပျောက်ကုန်။

ယခုမူကား ထိုလုလင်တို့ နေသောအရပ်၌ အချိန်အခါမဲ့ တွန်သောကြက် ရောက်ရှိလာ၏။ ထိုကြက်သည် စော၍လည်းတွန်၏။ နောက်ကျမှလည်း တွန်၏။ အလွန်စောစော တွန်သဖြင့် အိပ်ရာမှထကာ သရဇ္ဈာယ်သော် အိပ်ချင်မူးတူးဖြင့် မသရဇ္ဈာယ်နိုင်ဘဲ အိပ်ပျော်ကြကုန်၏။ နောက်ကျမှ တွန်၍ အိပ်ရာထကာ သရဇ္ဈာယ်သော် အချိန်မရကြကုန်။ သည့်အတွက် ပုဏ္ဏားလုလင်တို့ သင်ကြားအပ်သော ဗေဒင်တို့သည် မထင်မမြင် မမှတ်မိကြဘဲ မေ့ပျောက်ကုန်ကြ၏"

အာဒါသမုခ မင်းကြီးလည်း ဤသို့တရားဆုံးဖြတ် ဖြေကြားပြီးသည်ရှိသော် ဂါမဏိစန္ဒနေသောရွာကို ဂါမဏိကိုသာလျှင် အပိုင်စား ပေးလိုက်လေ၏။

ဂါမဏိစန္ဒလည်း မြို့တော်မှထွက်၍ မင်းကြီးဖြေကြားပေးတော်မူသည့်အတိုင်း အားလုံးကို ဖြေကြားပေးလိုက်ပြီး ခါ၌ နေရာမှ ဥစ္စာတို့ကိုလည်းကောင်း၊ မြွေ၏နေရာမှ ဥစ္စာတို့ကို

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း ယူဆောင်လေ၏။ သမင်မြက်စားရာအရပ်မှ ပျားဦးကို မင်းကြီးထံ ဆက်သ၏။ ထို့နောက် များစွာသော အခြွေအရံတို့ဖြင့် အပိုင်စားရရှိရာရွာသို့ ပြန်ရောက်လေသော် ကြွယ်ဝချမ်းသာလာသည့်အားလျော်စွာ အလှူဒါနတို့ကို ပြု၏။ ဥပုသ်သီတင်းသီလတို့ကို ဆောက်တည်၏။ အာဒါသမုခမင်းသည်လည်း ဒါနစသော ကောင်းမှုကုသိုလ်တို့ကို ပြုလုပ်သဖြင့် သေလွန်သည်ရှိသော် ကောင်းရာသုဂတိသို့ လားရလေ၏။ ဤဒေသနာတော်အဆုံး၌ များစွာသော ရဟန်းတို့မှာ ပါရမီဓာတ်ခံအလျောက် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာအဖြစ်သို့ အသီးသီး ဆိုက်ရောက်ကြကုန်၏။

ဤသို့လျှင် ဗုဒ္ဓမြတ်စွာလည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူပြီးနောက်–

"ရဟန်းတို့...

ထိုအခါက ဂါမဏိစန္ဒသည် ယခုအခါ အာနန္ဒာဖြစ်လာ၏။ ထိုအခါက အာဒါသမုခမင်းသည် ငါဘုရားရှင်ဖြစ်လာ၏"

ဟူ၍ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

နန္ဒာမိုးကြယ်

(ဤတွင် နဝမတွဲပြီး၏။)

www.burmeseclassic.com